
ရွှေပဒုမ္မာစာပေ
သူတစ်ယောက်
မာလောကြာဖြူ
ပန်းချီ သိန်းရွှေကြည်
2011

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၃၀၇၁၁၁၀

အဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၁၂၁၀၂၁၁

ထုတ်ဝေသူ ဦးကျော်မိုး(၀၃၇၆၅) ရွှေပုဒ္မာစာပေ၊
၁၅၈(က)၊ ၃၇လမ်းကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် ဒေါ်တင်တင်ဌေး(၀၄၆၈၁)၊
ပန်းကြာခိုင်ပုံနှိပ်တိုက်၊ ၁၅၈(က)၊ ၃၇လမ်း
ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။

ထုတ်ဝေသည့်ကာလ ၂၀၁၁ မတ်လ (ပထမအကြိမ်)။

အုပ်ရေ နှင့် တန်ဖိုး အုပ်ရေ (၅၀၀)၊ တန်ဖိုး(၂၅၀၀ကျပ်)။

၈၉၅.၈၃

သုတဉာဏ်

ဗာလောကြာဖြူ / သုတဉာဏ်

ရန်ကုန် ။

ရွှေပုဒ္မာစာပေ၊ ၂၀၁၀။

၂၂၉ စာ၊ ၁၈×၁၂ စင်တီ

(၁) ဗာလောကြာဖြူ

ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။

★ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။

★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။

★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

စီးပွားရေးဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။

★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

★ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်း သားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

လူမှုရေးဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။

★ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

ရွှေပဒုမ္မာစာပေ

မာဃလောကြာဖြူ

# သုတဉာဏ်

# "ဗာလောကြာဖြူ"

## (ပထမပိုင်း)

- ဝတ္ထုစတင်ဖြစ်ပေါ်ရခြင်း
- ခရီးသွားရင်း လူမိုက်တစ်ယောက်နှင့် တွေ့ရခြင်း
- ဘဝဂမ္ဘီရအမည်တပ်၍ စာပေတိုက်သို့အပ်နှံလိုက်ခြင်း
- ကိုသာရင် မငယ်မ
- ကိုသာရင် ကပ်သော ကိုယ်ဝန်ဆွမ်း
- မမွေးခင်ပေးသော နာမည်
- ကံဆိုးသော ကြာဖြူ…
- ဘုန်းကြီးကျောင်းရောက်ပြီ…
- ဘုန်းကြီးကျောင်းသား မောင်ကြာဖြူ–

[ဘဝဂမ္ဘီရဝတ္ထု]



"ယော ဗာလော ပညာတိဗာလျံ။ ပဏ္ဍိတော ဝါပိ
တေန သော။ ဗာလောစ ပဏ္ဍိတမာနီ။ သော ဝေ ဗာလောတိ ဝုစ္စတိ"

ယောဗာလော– အကြင်သူမိုက်သည်၊ ဗာလျံ–မိမိမိုက်သည့် အဖြစ်ကို၊ ပညာတိ–သိ၏။ တေန–ထိုသို့သိခြင်းကြောင့်၊ သော–ထိုသူမိုက်သည်၊ ပဏ္ဍိတောဝါပိ–ပညာရှိသော်လည်း မည်သေး၏။ ယောဗာလော– အကြင်သူမိုက်သည်ကား။ ဗာလောစ–မိုက်လျက်သာလျှင်၊ ပဏ္ဍိတမာနီ– မိမိကိုယ်ကို ပညာရှိဟုထင်၏။ သော–ထိုလူမိုက်ကို၊ ဝေ–စင်စစ်၊ ဗာလောတိ– သူမိုက်ဟူ၍၊ ဝုစ္စတိ–ဆိုအပ်၏။

## ဝတ္ထုစတင်ဖြစ်ပေါ်ရခြင်း

တစ်ခါက ကျွန်ုပ်သည် ခရီးသွားရင်းဖြင့် ရထားပေါ်၌ 'ကိုကြာဖြူ'ဟူသော လူမိုက်ကြီးတစ်ဦးနှင့် သိကျွမ်းခင်မင်ခဲ့ရ၏။

ထိုလူမိုက်ကြီးသည် ရထားပေါ်၌ပင် ၎င်း၏ဘဝအကြောင်းများကို ကျွန်ုပ်အား စိတ်ဝင်စားဖွယ် ပြောပြခဲ့လေ၏။ ထို့ကြောင့် ကျွန်ုပ်သည် သူ၏ဘဝဖြစ်စဉ် အကြောင်းအရာတို့ကို အိတ်သွန်ဖာမှောက် သိရှိခွင့်ရခဲ့လေ၏။

ထို'ကိုကြာဖြူ'ဟူသော လူမိုက်ကြီးသည်..

လွန်စွာ ဆိုးမိုက်၍ လွန်စွာမှလည်း ရက်စက်သူဖြစ်၏။

ထို့အတူ လွန်စွာမှ သနားကြင်နာစိတ်ရှိ၍ အနစ်နာခံ ကျေညီတတ်သော လွန်စွာ လေးစားဖွယ် လူတစ်ဦးလည်း ဖြစ်၏။ သူသည်..'အမှား'များစွာကို တစိုက်မတ်မတ် လုပ်ခဲ့၏။



ထို့အတူ သူသည်ပင် အမှန်တရားအပေါ် မြတ်နိုးလျက် 'အမှန်'များစွာကိုလည်း ဖွဲလုံးလကြီးစွာဖြင့် ပြုလုပ်ခဲ့လေ၏။ ထို့ကြောင့် ၎င်း လူမိုက်ကြီး 'ကိုကြာဖြူ'၏ဘဝသည်..

လွန်စွာ စက်ဆုပ်ဖွယ်ရာလည်းကောင်း၏။

လွန်စွာ အားကျဖွယ်ရာလည်း ဖြစ်၏။

သို့ဖြစ်ရာ.. ယင်း ကိုကြာဖြူ၏အဖြစ်သည်..

အစွန်းနှစ်ဖက်၌ လူးလားခေါက်ပြန် ကူးယှက်နေသည် ဖြစ်ရကား.. သူ၏အကြောင်းတို့မှာ..

လွန်စွာ စိတ်ဝင်စားစရာကောင်းလှသည်ဟုဆို၍လည်း ရနိုင်၏။ သို့တည်းမဟုတ် လွန်စွာ ငြီးငွေ့ဖွယ်ရာဖြစ်သည်ဟုလည်း ဆို၍ရနိုင်ပေတော့ရာ..

ယခု ဖော်ပြလတ္တံ့သော ၎င်းကိုယ်တိုင် ပြောပြခဲ့သည့် လူမိုက်ကြီး 'ကိုကြာဖြူ'၏ အကြောင်းသည်ပင် စိတ်ပျက်ဖွယ်၊ အားကျဖွယ်၊ စက်ဆုပ်ဖွယ်၊ ဆွတ်ပျံ့ကြည်နူးဖွယ် ဟူသော အရာများဖြင့် ရောပြွန်းနေသည့် 'ဗာလောကြာဖြူ' ဝတ္ထုကြီးပင် ဖြစ်ပေတော့သတည်း။ ။

(စာရေးသူ)

## ခရီးသွားရင်း လူမိုက်တစ်ယောက်နှင့် တွေ့ရခြင်း

တစ်နေ့သ၌ ကျွန်ုပ်သည် မိုးကောင်းမြို့သို့ အကြောင်းကိစ္စတစ်ခုဖြင့် ခရီးသွားရောက်ခဲ့ရလေ၏။

ထိုအခါ ကျွန်ုပ်သည် မန္တလေးမြို့မှတဆင့် မြစ်ကြီးနားရထားကို ပြောင်း၍စီးရသည်ဖြစ်ရာ ဒီတစ်ကြိမ်ခရီးမှာ လွန်စွာမှရှည်လျားလွန်းလှလေ၏။

ကျွန်ုပ်သည် ရန်ကုန်မှ မနက်(၅)နာရီခွဲထွက်သည့် စာပို့အမြန်ရထားဖြင့် စတင်လိုက်လာခဲ့ခြင်းဖြစ်ရာ ရန်ကုန်မှ စတင်စဉ်ပင် ပထမရက်၌ နံနက်(၇)နာရီရောင်းသော ရထားလက်မှတ်ကို လက်မှတ်ရုံ၌ မနက်(၅)နာရီခန့်ထကာ သွားရောက်တန်းစီရလေ၏။ ပြီးလျှင် လက်မှတ်ရပြီးသောအခါ မြောက်ဒဂုံရှိအိမ်သို့



တစ်ခေါက်ပြန်၍ ပြင်ဆင်စရာရှိသည်များကို ပြင်ဆင်လျှက်ညနေ(၄)နာရီခန့်အရောက် ဘူတာကြီးသို့ ချီတက်ခဲ့ရ၏။ ပြီးလျှင်ဘူတာကြီး နံပါတ်(၂) နံပါတ်(၃)ပလက်ဖောင်းစင်္ကြံအတွင်း တစ်ညလုံး ရထားစောင့်ရင်း အိပ်ခဲ့ရလေ၏။ ထိုအခါ အိပ်သည်ဟုဆိုသော်လည်း တီဗွီသံ၊ လူသံသူသံများအပြင် စင်္ကြံလက်မှတ်ရထားလက်မှတ်စစ်ခြင်း ညှိစာရင်းပေးရခြင်း စသော အကြောင်းများကြောင့် တစ်ညလုံး တစ်မှေးမှ မအိပ်စက်ခဲ့ရပါပေ။

ထိုမှ နံနက်(၄)နာရီခန့်အချိန် ပထမ(၅)နာရီ အထူးအမြန်ရထားတွဲဆိုင်း ထိုးသည်နှင့် ထ၍ ပစ္စည်းများကို ခေါက်သိမ်းကာသွားတိုက်၊ မျက်နှာသစ် ကိုယ်လက်သန့်စင်ခြင်းများကိုပြု၍မနက်မောနင်းစာအတွက် ဘူတာဆိုင်တန်းများရှိ လက်ဖက်ရည်ဆိုင်သို့ သွားရောက်ကာ မုန့်ဟင်းခါးနှင့် လက်ဖက်ရည်တစ်ခွက်ကို ဝမ်းဖြည့်ရလေ၏။

ထို့နောက်မှ (၅)နာရီ အထူးကောင်ထွက်သွားပြီးနောက်တွဲဆိုင်းထိုးထားသော ကျွန်ုပ် စီးရမည့် (၅)နာရီခွဲ စာပို့အမြန်ရထားပေါ်သို့ တက်ရောက်ကာ နေရာယူရလေတော့၏။ ထိုမှရထားထွက်ခွာလေလျှင် တစ်နေကုန် ရထားပေါ်၌ အအိပ်ပျက်

၍ ပင်ပန်းခြင်း ပူလောင်မွန်းကျပ်ခြင်း ညှောင်းညာခြင်းများကို 'အဟောသုခံ' လုပ်၍ စီးနင်းခဲ့ရလေ၏။ ထိုအခါ၌လည်း ရထားပေါ်တွင်ပင် ရေ ထမင်းဟင်းများ ဝယ်စားရသည်ဖြစ်ရာ ဟင်း(၃)မျိုး ဆမင်းဘူးနှင့် ရေပြတ်နေသော တွဲအိမ်သာတို့မှပေးသော 'ဒုက္ခ'များကိုလည်း 'ခန္တီစ' 'သည်းခံခြင်း'ပြု၍ ကျေနပ်ခဲ့ရပြန်လေ၏။

ထိုမှ လမ်းခရီးဘူတာများတွင် တက်ရောက်လာကြကုန်သော မောင်စျေးသည် မယ်စျေးသည် ကလေးများနှင့် တစ်ဝုန်းဝုန်း တစ်ဒိုင်းဒိုင်း ကုန်စိမ်းပိုင်းအိတ်များ ပစ်တင်၍ ခုံကြိုခုံကြား ဟိုလွင်းသည်သွတ် ပြုလာကြကုန်သော ဒေါ်ကုန်သည် မကုန်သည်များအားလည်း 'မေတ္တာကမ္မဋ္ဌာန်း' စီးဖြန်း၍ 'ကရုဏာ' တရားလက်ကိုင်ထားကာ 'ဥပေက္ခာ' ပြုရပြန်လေ၏။

ဤသို့ဖြင့် ကျွန်ုပ်သည် ရန်ကုန် မန္တလေးစာပို့ အမြန်ရထားကြီးပေါ်၌ လွန်စွာမှ စိတ်ပျက်ဖွယ်ရာကောင်းသော 'အဟောသုခံ' ချမ်းသာခြင်းများကို ခံစားလျှက် ည(၉)နာရီအချိန်ခန့်တွင်မှ မန္တလေးဘူတာကြီးသို့ ရထားဆိုက်ရောက်လေတော့၏။

သို့သော် ရထားဆိုက်ရောက်၍ကား ကျွန်ုပ်အဖို့ ချမ်း



သာခြင်းဌာ မရရှာသေးချေ။ ရထားပေါ်မှဆင်းဆင်းချင်း တစ်ညတာနားနေအိပ်စက်ရန် နေရာရှာရလေ၏။ နေရာရသောအခါမှ နီးစပ်ရာ ဘဝတူခရီးသည်များအား ပစ္စည်းအိတ်ကလေးအား ကြည့်ထားပေးပါရန် တောင်းပန်၍ ညစာထမင်းကို အမြန်သွားရောက်၍ ဝမ်းဖြည့်လိုက်ရလေ၏။ ထိုမှ အပေါ့အပါးသွားခြင်း ကိုယ်လက်သန့်စင်ခြင်းများကို တစ်ခါတည်း ပြုလုပ်ခဲ့လျှက် ဘူတာကြီးအတွင်း တစ်ညလုံး 'သွေးလှူဘဏ်' ဖွင့်၍ ဖုတ်တုတ်နားနေအိပ်စက်ခဲ့ရလေတော့၏။

ထိုမှ နောက်တစ်နေ့ နေ့လယ်(၁၀)နာရီ ထွက်မည့် မြစ်ကြီးနားရထားအား မိုးကောင်းလက်မှတ်ဖြတ်၍ အလုံးစုံကိစ္စ ပြီးသောအချိန်၌ကား ကျွန်ုပ်မှာ သေချင်လောက်အောင် ပင်ပန်းနေပြီဖြစ်တော့၏။ သို့တိုင်. . . မိုးကောင်း အရောက် တစ်နေ့ကုန်နှင့် တစ်ညလုံး ရထားစီးရဦးမည်ဖြစ်ပေ၏။

ထို့ကြောင့် ကျွန်ုပ်သည် ပရိယေသန ဝမ်းစာအတွက် ရထားကို အိမ်လုပ်ကာ ရုန်းကန်ရှာဖွေနေကြရသူများကို ကိုယ်ချင်းစာ၍ လွန်စွာ အံ့ဩမိလေ၏။ သို့တည်းမဟုတ် လွန်စွာမှ သနားခြင်းဖြစ်မိလေ၏။

ထိုသို့ ကရုဏာစိတ်ကလေး ဝင်ရောက်ပြီးနောက်မှ ကျွန်ုပ်အား မိုးကောင်းမြို့သို့ လာရောက်ရန် ခေါ်ခဲ့သော သူငယ်ချင်းဖြစ်သူကို ဖျတ်ခနဲ သတိရလိုက်ပြန်သောအခါ ၎င်းအား စိတ်ထဲမှ ကျိန်ဆဲမိလိုက်ပြန်လေ၏။

အမှန်မှာ ကျွန်ုပ်အတွက် ဤမျှ ခရီးရှည် ဒုက္ခများသော မိုးကောင်း ဟူသည့် နေရာသို့ သွားရောက်ရန် မည်သည့်အကြောင်းမျှ မရှိပါချေ။

ထိုမောင်မင်းကြီးသား ခေါ်၍သာလျှင် ဤခရီးကို လာခဲ့ရခြင်းဖြစ်လေ၏။ ၎င်းကား မိုးကောင်းမြို့တွင် မြို့ပိုင်ဖြစ်၍နေ၏။ နာမည်မှာ 'ကျော်စွာလင်း'ဟု မည်တွင်၏။ ၎င်း၏ဖခင်ဖြစ်သူ ဦးတင်ငွေနှင့် ဦးလေးဖြစ်သူ ဦးဂျစ်ဂျစ် တို့သည် ကျွန်ုပ်တို့၏ အာစရိယဂိုဏ်းဝင် ဆရာများ ဖြစ်ကြလေ၏။

ထိုကျော်စွာလင်းနှင့် ကျွန်ုပ်သည် ငယ်သူငယ်ချင်းများဖြစ်ကြလေ၏။ အနီး မိုးကောင်းမြို့ပိုင် ကျော်စွာလင်းသည် ၎င်း၏မိခင် မိုးကောင်းမြို့သို့လာခိုက် အပြန်တွင် ကျွန်ုပ်အား အရေးတကြီး သူ့ထံသို့ လာရောက်ပါရန် မှာကြားခဲ့လေ၏။

ထို့ကြောင့် လွန်စွာ စကားများ၍ လွန်စွာမှလည်း အကြွား



သန့်လှသော ၎င်း၏မိခင် ဒေါ်မေသန်းဦးသည် ကျွန်ုပ်ထံသို့ လာရောက်၍ ကျော်စွာလင်း မှာလိုက်သည်ကို ပြောလေ၏။ ရောက်အောင်သွားရန်လည်း တိုက်တွန်းလေ၏။ ထို့ကြောင့် ဤခရီးရှည်ကြီးကို ကျွန်ုပ် ထွက်ခွာလာရခြင်းပင် ဖြစ်ပေတော့၏။

ကျွန်ုပ်လည်း ရထားမထွက်မီ ထိုင်ခုံ၌ ထိုင်၍ အထက်ပါအကြောင်းအရာများကို တွေးနေမိလေ၏။ ထိုအချိန်၌ပင် တစ်စုံတစ်ယောက်သည် ကျွန်ုပ်နှင့် ဘေးချင်းကပ် လွတ်နေသည့်နေရာသို့ ဝင်ထိုင်လိုက်ပြီးလျှင်. .

"ထိုင်မယ်နော်. ."ဟု ခွင့်တောင်းသလို ပြောလေ၏။ ကျွန်ုပ်လည်း ထိုင်ပြီးမှ ခွင့်တောင်းနေသော ထိုလူကို တစ်ချက် လှည့်ကြည့်ပြီး ဘာသိဘာသာပင် နေလိုက်လေ၏။

ထိုလူသည် ကျွန်ုပ်၏ဘေးတွင် ဝင်ထိုင်လိုက်ပြီးနောက် ၎င်း၏အိတ်ထဲမှ ပွတ်ချွန်းလိပ်ခေါ် ဆေးရိုးဆေးရွက်များအား သတင်းစာစက္ကူဖြင့် ကိုယ်တိုင်လိပ်ထားသည့် လက်ဖြစ်ဆေးလိပ်တစ်လိပ်ကို ထုတ်ယူလိုက်ကာ မီးခြစ်တစ်လုံးဖြင့် မီးညှိလိုက်လေ၏။ ထိုမှ အားပါးတရ ဖွာရှိုက်လိုက်လျှက် မီးခိုးငွေ့များကို မှုတ်ထုတ်လိုက်ပြီးလျှင် ကျွန်ုပ်အား. .

"ခွင့်ပြုနော် မိတ်ဆွေ. . ."ဟု ခွင့်တောင်းပြန်လေ၏။ ကျွန်ုပ်လည်း ဘာမှမပြောဘဲ နေလိုက်ပြန်၏။

ထိုစဉ် ၎င်းလူသည် ရထားပေါ်၌ အပျင်းပြေဖတ်မည်ဟု ဝယ်ထားသော ကျွန်ုပ်ပေါင်ပေါ်မှ ဂျာနယ်ကို ဆွဲယူလိုက်လျှက်. .

"ခဏဖတ်မယ်နော်"ဟု ခွင့်တောင်းလိုက်လေလျှင်ကား ကျွန်ုပ်က. .

"ကျလည်းကျတဲ့လူပဲ. . လူကအရင်ထိုင်ပြီးမှ ထိုင်မယ်နော်လို့ ခွင့်တောင်းတယ်. . ဆေးလိပ်သောက်ပြီးမှ ခွင့်ပြုဖို့ပြောတယ်. . ဟော. . အခုလည်း သူများပစ္စည်းကို ပိုင်စိုးပိုင်နင်း ဆွဲယူပြီးမှ ခွင့်တောင်းနေပြန်ပြီ. . ဟုတ်လိုက်လေဗျာ"ဟု ပြောလိုက်လေရာ ထိုလူက ကျွန်ုပ်အား နှစ်ခြိုက်စွာ ပြုံးပြလိုက်လေ၏။ ကျွန်ုပ်လည်း ထိုလူ၏မျက်နှာကို စေ့စပ်စွာ ကြည့်ရှုလိုက်မိ၏။

ထိုသူသည် အသက်(၃၅)နှစ်ဝန်းကျင်ခန့်သာ ရှိမည်ဟု ခန့်မှန်းမိလေ၏။

ကျွန်ုပ်သည် လူတို့၏ ရုပ်လက္ခဏာသွင်ပြင် အမူအယာ စရိုက်လက္ခဏာဖတ် ပညာရပ်တို့ကို အတန်ငယ် လေ့လာထားလေရာ ထိုလူ၏ လေးထောင့်ဆန်ဆန် မျက်နှာ၊ ထူထဲနက်မှောင်



သော မျက်ခုံး မျက်လုံး၊ စင်းသော နှာတံ၊ ပါးလွှာပိရိသော နှုတ်ခမ်း၊ အစရှိသည်တို့အား ကြည့်ရှု၍ ထိုလူမျိုးသည် မဟုတ်မခံ အငြိုးအမှတ်ကြီးသော ခေါင်းဆောင်ဦးစီး အမျိုးအစားဝင် လူတစ်ယောက်ဖြစ်ကြောင်း အကဲခတ်မိလေ၏။

အများအားဖြင့် နှာမည်ကြီး လူဆိုးဂိုဏ်းခေါင်းဆောင်များ ကမ္ဘာကျော် သူလျှိုများနှင့် အငြိုးတကြီး လက်စားချေတတ်သောသူများသည် ထိုမျက်နှာမျိုးများ ဖြစ်ကြလေ၏။

ထို့ကြောင့် 'ခေ'သူတော့ မဟုတ်ဘူးဟု စိတ်ဝယ်အောက်မေ့၍ ၎င်း၏ အဝတ်အစား အသွင်အပြင်များကို လေ့လာကြည့်လိုက်မိပြန်၏။

ဆံပင်မှာ ကတုံးဆံတောက်ဖြစ်၍ အတန်ငယ် နွမ်းနယ်နေသော စပို့ရှပ်အင်္ကျီနှင့် ခပ်နွမ်းနွမ်းပုဆိုးတစ်ထည်ကို ဝတ်ဆင်ထားလျှက် အဝတ်အစားနှင့် အသုံးအဆောင်ပစ္စည်းများ ထည့်ထားဟန်ရှိသော ကွပ်ကွပ်အိတ်တစ်လုံးသာ ပါရှိကြောင်း အကဲခတ်မိလေ၏။

ထိုစဉ်ပင် ၎င်းလူက ဂျာနယ်အား ဟိုလှန်ဒီလှန် ကြည့်ရှုနေရာမှ. . "အကဲခတ်မနေပါနဲ့ဗျာ. . ကျုပ် ဒီနေ့မှ ထောင်က

ထွက်လာတဲ့လူတစ်ယောက်ပါ''ဟု ပြောလိုက်ကာ ကျွန်ုပ်၏ မျက်နှာကို ကြည့်လိုက်လေ၏။ ကျွန်ုပ်လည်း ၎င်း၏အပြောကြောင့် လွန်စွာမှ အားနာ၍သွားရလေ၏။ ကျွန်ုပ်သည် ၎င်းအား အထင်သေးခြင်းအလို့ငှာ ကြည့်ရှုအကဲခတ်နေခြင်းမျိုး မဟုတ်ပါပေ။ ကျွန်ုပ်လည်း ကျွန်ုပ် လေ့လာထားသော ပညာများအရ အကဲခတ်မိခြင်းဖြစ်လေ၏။

ထို့ကြောင့် ကျွန်ုပ်က..

''အထင်မလွဲပါနဲ့ဗျာ.. ခင်ဗျားကို ကျုပ်ကြည့်တာ ခင်ဗျားထင်သလို မဟုတ်ပါဘူး''ဟု ပြောလိုက်လေရာ ထိုလူသည် ကျွန်ုပ်ကို စေ့စေ့စပ်စပ်ကြည့်ကာ ပြုံးလိုက်ပြီး..

''အသွေးမြင် အသွင်သိ.. အမွေးမြင် အပင်သိပါတယ်ဗျာ... အခုလို ကျုပ်လိုလူတစ်ယောက်အပေါ် ခင်ဗျား အားနာတတ်တာတစ်ခုနဲ့တင် ခင်ဗျားဟာ အဆင့်အတန်းရှိတဲ့ လူတစ်ယောက်ဆိုတာ ကျွန်တော် သဘောပေါက်ပါတယ်''ဟု ပြောလိုက်လေ၏။ ထိုမှ ၎င်းက..

''ကျွန်တော် ဆိုလိုတဲ့ 'အဆင့်အတန်း'ဆိုတာ ရာထူး ဂုဏ်ရှိန် ငွေကြေး ပညာဘွဲ့တွေကို ပြောတာမဟုတ်ဘူးနော်..



လူတစ်ယောက်ရဲ့ စိတ်ဓာတ်အဆင့်အတန်း တစ်နည်းအားဖြင့် လူပီသတဲ့အသိ..,ပညာကိုပြောတာ..''ဟု ဆိုလိုက်လေလျှင် ကျွန်ုပ်မှာ ၎င်းကို အတန်ငယ် အံ့အားသင့်၍သွားရလေတော့၏။ ထိုမှ ၎င်း၏ ပြောပုံဆိုပုံ သြဇာဓာတ်ပြည့် စသော အသံနေအသံထားကြောင့် တန်တော့ ထိုလူသည် လူဆိုးသူခိုး အဆင့်မျိုးဖြင့် ထောင်ကျခဲ့ခြင်းကား မဖြစ်နိုင်။ အခြား ကိုယ်ရေးကိုယ်တာ ပြဿနာတစ်မျိုးမျိုးဖြင့် အပြစ်ဒဏ်ကျခဲ့ရခြင်းမျိုးသာ ဖြစ်နိုင်မည်ဟုလည်း တွေးလိုက်မိလေ၏။ ထို့ကြောင့် ကျွန်ုပ်က..

''ကျွန်တော်လည်း ခင်ဗျားပုံစံကို အကဲခတ်ပြီး ကံအကြောင်းမလှလို့ အပြစ်ဒဏ်ခံရတဲ့လူမျိုးလို့ ခန့်မှန်းမိပါတယ်''ဟု ပြောလိုက်လေရာ ထိုလူက သဘောကျစွာရယ်မော၍..

''မှန်လိုက်လေဗျာ.. ကျွန်တော့်ဘဝမှာ ကံကောင်းတယ်ဆိုတာ ဘယ်တုန်းကမှ မရှိခဲ့ပါဘူး.. အားလုံးဟာ 'အဆိုး'နဲ့ 'အမှား'တွေချည်းပါပဲ.. ဒါပေမယ့် ကျွန်တော် ဘယ်တော့မှ နောင်တမရဘူး.. အဲဒီ 'အဆိုး' 'အမှား'တွေဆိုတာတွေကိုပဲ ဆက်လုပ်နေဦးမှာပါပဲ''ဟု ပြောလိုက်လေ၏။

ထို့ကြောင့် ကျွန်ုပ်လည်း ၎င်းကိုကြည့်ကာ အတန်ငယ်

အံ့ဩသွားလျှက်. .

"ဒါတော့ မဟုတ်သေးဘူးနဲ့တူတယ်. . ဆိုးမှန်းမှားမှန်း သိရင်တော့ ပြင်ရမှာပေါ့"ဟု ပြောလိုက်လေရာ ထိုလူက ပြုံး လိုက်လေ၏။ ၎င်း၏အပြုံးမှာ ထူးခြား၏။ တစ်နည်းအားဖြင့် သာမန်အပြုံးမျိုးမဟုတ်ကြောင်း ကျွန်ုပ် အကဲခတ်လိုက်မိ၏။ ထိုလူက ၎င်းထူးခြားသော အပြုံးကို ပြုံးလိုက်ပြီးမှ. .

"ခင်ဗျားနာမည် ဘယ်လိုခေါ်သလဲ"ဟု မေးလိုက်လေ၏။ ထိုအခါ၌လည်း သူ၏အသံ မေးဟန်မှာ တစ်မျိုးတစ်မည် ထူးခြား၍နေပြန်၏။ မမာလွန်း မပျော့လွန်းဘဲ နားဝင်ညင်သာ သည်ဟုသာ အနီးစပ်ဆုံး ပြောရမည်ဖြစ်၏။

ထို့ကြောင့် ကျွန်ုပ်က ကျွန်ုပ်၏နာမည်သာမက အလုပ် အကိုင်ကိုပါ ပြောပြလိုက်လေ၏။ ထိုအခါ ၎င်းသည် ကျွန်ုပ်ကို ကြည့်ကာ အတန်ငယ် အံ့ဩသွားသော အမူအယာမျိုးဖြင့်. .

"ဩော်. . စာရေးဆရာကိုး. ."ဟု ရေရွတ်လိုက်လေ၏။ ထို့နောက် ထိုလူသည် အတန်ကြာအောင် ငြိမ်သက်သွား ပြီးမှ. . .

"ကျွန်တော် ကြားဖူးတယ်. . အနုပညာသမားတွေဟာ သာမန်လူတွေထက် စိတ်သဘောထား နူးညံ့ကြတယ်. . အတွေး အခေါ်ရှိကြတယ်တဲ့. . အင်း. . ဖြစ်တော့ဖြစ်နိုင်ပါတယ်လေ. . အနုပညာဆိုတဲ့ စာပေဂီတပညာတွေဟာ လူတွေရဲ့နှလုံးသား ကို နူးညံ့ပျော့ပျောင်းစေတတ်တဲ့ အရာတွေပဲ. . ကျွန်တော်လည်း အရမ်းသဘောကျပါတယ်. . ဒါပေမယ့် ကျွန်တော့်အနေနဲ့ကျ တော့ စာဆိုလည်း ရေးတတ်ဖတ်တတ်ရုံလောက်ဆိုတော့ အနု အလှစာပေကဗျာတွေ ဘယ်ဖွဲ့နိုင်ပါ့မတုံး. . အဲ. . ဂီတဘက် ဆိုရင်တော့ တယောလေး မယ်ဒလင်လေးနဲ့ သီချင်း နည်းနည်း ပါးပါးလောက်တော့ ဆိုတတ်ပါတယ်. . အဲဒါလေးကြောင့်လည်း အနုပညာတွေဟာ လူတွေရဲ့နှလုံးသားကို နူးညံ့ပျော့ပျောင်းစေ တယ်ဆိုတာ ကျွန်တော် သိတာပေါ့. . လေးစားပါတယ် ဆရာရယ်" ဟု ပြောလိုက်လေ၏။ ၎င်း၏စကားကြောင့် ကျွန်ုပ် ပြုံးမိလေ၏။ ထိုသူ၏ နူးညံ့သော နှလုံးသားအစုံကို လှမ်း၍တွေ့မြင်လိုက်ခြင်း ကြောင့်ဖြစ်၏။ ထိုမှ ကျွန်ုပ်က. .

"ကဲ. . ကျွန်တော့်နာမည်တော့ ပြောပြီးပြီ. . ခင်ဗျား ရဲ့နာမည်လေးရော ပြောပါဦး"ဟု မေးလိုက်လေရာ. .

"ဟုတ်သားပဲ. . မေ့နေလိုက်တာ. . ကျွန်တော့်နာမည်

ကြာဖြူလို့ခေါ်ပါတယ် ဆရာ. . ဒါပေမယ့်. . အများကတော့ ဗာလောကြာဖြူလို့ ခေါ်ကြတယ်''ဟု ထိုလူက ဖြေလိုက်လေ၏။

ထိုအခါ ကျွန်ုပ်က ၎င်း၏ ထူးခြားသော နာမည်ကြောင့်

''ဗာလောဆိုတာ လူမိုက်ပဲ. . ဗာလောကြာဖြူဆိုတော့ လူမိုက်ကြာဖြူပေါ့''ဟု ဆိုလိုက်လေရာ

''ဟုတ်ပါတယ်. . ကျွန်တော်ဟာ လူမိုက်ပဲ ဆရာရယ်. မိုက်တာမှ ကန်းကုန်အောင် မိုက်ခဲ့တာ. . ဒါပေမယ့် အရင်တုန်းကတော့ ကြာဖြူဟာ တကယ့်ကို ဖြူစင်တဲ့ လူငယ်လေးတစ်ယောက်ပေါ့ ဆရာရယ်. . ဟဲဟဲ. . ''ဟု ဗာလောကြာဖြူခေါ် ကိုကြာဖြူက ပြောလိုက်လေ၏။ ထိုအခါ ကျွန်ုပ်သည် ၎င်းထူးခြားသော နာမည်နှင့် အထက်ပါအပြောကြောင့် ထိုသူ၏အကြောင်းကို လွန်စွာ စိတ်ဝင်စားသွားမိလေ၏။ ထို့ကြောင့်. .

''ဗာလောဆိုတာ လူမိုက်. . သဏ္ဍာန်အားဖြင့် 'အဆိုး' ကာလာအားဖြင့် 'အမည်း'. . . ကြာဖြူဆိုတာကတော့ ဖြူရှင်းသန့်စင်မွန်မြတ်တယ်. . သဏ္ဍာန်အားဖြင့် 'ကောင်းခြင်း' ကာလာအားဖြင့် 'အဖြူ'. . . ခင်ဗျားနာမည်ကိုဖြင့်က ဆန့်ကျင်ဖက်နှစ်ခု ဖြစ်နေပါလား. . ''ဟု ပြောလိုက်လေရာ ကိုကြာဖြူက. .



''နာမည်သာမဟုတ်ပါဘူး ဆရာရယ်. . ကျွန်တော့် ဘဝပါ 'အဆိုး'နဲ့'အကောင်း' 'အမှား'နဲ့'အမှန်'ကြားမှာ အစွန်းနှစ်ဖက် လူးလားခေါက်တုံ့ ကျင်လည်ခဲ့ရတာပါ. . ဒါပေမယ့် ကျွန်တော် ပြောပြီးပြီပဲ. . ဘယ်တော့မှ ကျွန်တော် နောင်တမရဘူး''ဟု ခိုင်ကျည်သောအသံဖြင့် ပြောလိုက်လေ၏။

ထို့ကြောင့် ကျွန်ုပ်လည်း ၎င်းကျင်လည်ဖြတ်သန်းခဲ့ရသော ဘဝအကြောင်းများကို မေး၍ကြည့်လိုက်မိလေ၏။ ထိုအခါ ကိုကြာဖြူကလည်း သူ၏အကြောင်းများကို ကျွန်ုပ်အား စိတ်ပါလက်ပါ ပြောပြခဲ့လေတော့၏။ ထိုသို့ပြောပြရာ၌ တစ်ခါတရံ၌ သူ၏မျက်နှာသည် ကြေကွဲဝမ်းနည်းသည့် အမူအယာမျိုး ဖြစ်၍သွားတတ်သကဲ့သို့ တစ်ခါတရံ၌လည်း ကြည်နူးဝမ်းမြောက်အားတက်သည့် အမူအယာမျိုးများ ဖြစ်၍သွားတတ်လေ၏။ ထို့ကြောင့် အမှန်တကယ် ခံစားချက်ဖြင့် သူ၏ ဘဝအဖြစ်မှန်များကို ပြောပြနေခြင်းဖြစ်ကြောင်း ခံစားသိရှိလျှက် ကျွန်ုပ်သည် ၎င်းပြောသမျှတို့ကို တလေးတစား စိတ်ပါဝင်စားစွာ နားထောင်ခဲ့လေတော့သတည်း။ ။

❖❖❖

## ဘဝဂမ္ဘီရ အမည်တပ်၍ စာပေတိုက်သို့အပ်နှံလိုက်ခြင်း

အထက်ကဆိုခဲ့ပြီးသည့်အတိုင်း အဆိုးနဲ့ အကောင်း အမှား နှင့် အမှန် အစွန်းနှစ်ဘက်ကြားတွင် လူးလားခေါက်တုံ့ ကူးချည် သန်းချည် ရှင်သန်နေသောဘဝနှင့် အလွန်တရာမှ ဆိုးမိုက်ခဲ့သော လူမိုက်ကြီး ဗာလောကြာဖြူ (သို့မဟုတ်)ကိုကြာဖြူ ဆိုသူ လူသားတစ်ဦးနှင့် ကျွန်ုပ်သည် မမျှော်လင့်ပါဘဲ ရထားပေါ်တွင် သိကျွမ်းခင်မင်ခဲ့ကြလေ၏။

ထိုသူသည် စိတ်ဝင်စားဖွယ်ကောင်းလှစွာသော သူ၏ဘဝဖြစ်စဉ်ကို ကျွန်ုပ်အား ပြောပြခဲ့လေ၏။

ထိုသို့ ပြောပြသည်ဆိုရာ၌လည်း ခဏတဖြုတ် ပြောပြခဲ့ခြင်းမျိုးလည်းမဟုတ်ပေ။ တစ်ရက်နှင့်တစ်ည စီးရသော ရထားပေါ်၌ မငြီးမငွေ့ တစိမ့်စိမ့် ပြောပြခဲ့ခြင်းဖြစ်လေ၏။



ထို့ကြောင့် သူပြောပြခဲ့သော အကြောင်းအရာများသာမက သူ သုံးနှုန်းခဲ့သော စကားလုံးများသည်ပင် ကျွန်ုပ်၏နားမှတစ်ဆင့် နှလုံးသားတိုင် နက်နက်နဲနဲ စွဲဝင်ခဲ့ရလေ၏။ တစ်နည်းဆိုမူ သစ်သားချောင်းတစ်ခုအတွင်းသို့ သံချောင်းများကို တစ်ချောင်းချင်း တစ်ချောင်းခြင်း တူဖြင့်ရိုက်သွင်းသကဲ့သို့လျှင် ကိုကြာဖြူ၏ စကားလုံးများသည် ကျွန်ုပ်နှလုံးသားအတွင်း တစ်လုံးချင်း တစ်လုံးချင်း စွဲမြဲစွာ ခိုဝင်ခဲ့ပြီးဖြစ်တော့၏။

ထိုအခါ မိုးကောင်ဘူတာရောက်၍ ကျွန်ုပ်နှင့် ကိုကြာဖြူတို့ နှုတ်ဆက်ကာ လမ်းခွဲခဲ့ကြပြီးသည့်တိုင် ကျွန်ုပ်သည် သူပြောပြသွားခဲ့သော စကားလုံးများကို တစိမ့်စိမ့် အမှတ်ရနေမိလေ၏။ တစ်နည်းဆိုမူ ကျွန်ုပ်၏ အတွေးအာရုံ၌ သူပြောပြသွားခဲ့သော အကြောင်းအရာ ပုံရိပ်တို့သည် တရိပ်ရိပ်ထင်ဟပ်နေလေ၏။

ကျွန်ုပ်သည် ဂမ္ဘီရဆန်းကြယ်ဇာတ်လမ်းများကို ရေးသားနေသည့် ဝတ္ထုရေးဆရာတစ်ယောက် ဖြစ်ပေရာ ကိုကြာဖြူ ပြောပြခဲ့သော အကြောင်းအရာများကို ဝတ္ထုသဖွယ် ရေးသားလိုစိတ်များ တဖွားဖွား ဖြစ်ပေါ်ခဲ့ရလေတော့၏။

ထို့ကြောင့် နောက်ဆုံး၌ ကျွန်ုပ်သည် လူမိုက်ကြီး ကိုကြာဖြူ ပြောပြသွားခဲ့သော ၎င်း၏ဘဝဖြစ်စဉ် အကြောင်း အရာများကို ဝတ္ထုတစ်ခုအဖြစ် ရေးသားခဲ့လိုက်လေတော့၏။

ထိုအခါ ယခင် ကျွန်ုပ် ရေးသားခဲ့သော ဝတ္ထုများသည် ဂမ္ဘီရဆန်းကြယ် ဝတ္ထုဇာတ်လမ်းမျိုးများဖြစ်လျှက် ယခု ဝတ္ထုမှာမူ ဂမ္ဘီရဆန်းကြယ် အမည်မတပ်နိုင်သော်လည်း ဘဝဆန်းကြယ် (ထိုသို့မဟုတ်)ဘဝဂမ္ဘီရ အမည်တပ်နိုင်လောက်ပေ၏။

ထို့ကြောင့် ကျွန်ုပ်သည် ဝတ္ထုကြီး ရေးပြီးသောအခါ ဘဝဂမ္ဘီရဝတ္ထု အမည်တပ်လိုက်လေ၏။ ထိုမှ ကျွန်ုပ်ဘာသာ ဘဝဂမ္ဘီရအမည်တပ်ထားသော 'ဗာလောကြာဖြူ'ဝတ္ထုကြီးကို နောက်တစ်ခေါက် စာမူ တက်ပို့သောအခါ ရန်ကုန်မြို့(၃၇)လမ်း ရှိ ရွှေပဒုမ္မာစာပေသို့ ပေးပို့အပ်နှံခဲ့လိုက်လေတော့သတည်း။

သုတဉာဏ်



# ကိုသာရင် မငယ်မ

တစ်နေ့သ၌ မြန်မာပြည်အလယ်ပိုင်း အညာမြို့လေး တစ်မြို့၌ ကိုသာရှင် မငယ်မ ဟူသော လင်မယားနှစ်ယောက် ရှိလေ၏။ ၎င်းတို့သည် ကိုသာရင်၏မိဘများပိုင်သော ဝိုင်းမြေ ကွက်အစွန်၌ ဝါးကပ်မိုးထရံကာ မြေစိုက်အိမ်ကလေးတစ်လုံး ဆောက်လုပ်၍ နေထိုင်ကြလျှက် ကိုသာရင်သည် ရာသီပေါ် သီးနှံအရောင်းအဝယ်ပွဲစားအလုပ်ကို လုပ်ကိုင်လေ၏။ ထိုအခါ မငယ်မကလည်း အိမ်တွင် အလကားမနေပေ။ စက်ချုပ်၊ ချည်ချ ဂျင်းလှီး စသော ငွေရသမျှ အလုပ်မှန်သမျှကို တစ်ဘက်မှလုပ် ရင်း အိမ်ထောင်မှုကိစ္စများကိုလည်း မလစ်ဟင်းရအောင် ဆောင် ရွက်လေ၏။

ထို့ကြောင့် အိမ်ထောင်ကျပြီး (၁)နှစ်ခန့်ရှိလေလျှင်ပင် ကိုသာရင် မငယ်မတို့လင်မယားမှာ ချောင်ချောင်လည်လည်ဖြစ်၍လာကြလေ၏။ ကိုသာရင်သည် ၎င်း၏အလုပ်ကို ကြိုးကြိုးစားစား လုပ်ကိုင်၏။ အသောက်အစား၊ လောင်းကစား၊ အပျော်အပါးများလည်း မရှိချေ။ ထို့ကြောင့် ရှာသမျှ အဖတ်တင်လေ၏။ ကိုသာရင် အရှာအဖွေကောင်းသလောက် နောက်ပိုင်းမှ မငယ်မကလည်း အသိမ်းအဆည်းကောင်း၏။ ကောင်းရုံမျှမက တစ်ဘက်တစ်လမ်းမှပင် အပိုဝင်ငွေ အရှာကောင်းလေရာ ၎င်းတို့လင်မယား၏စီးပွားရေးသည် တစ်နေ့ထက်တစ်နေ့ အပေါင်းလက္ခဏာသာ ပြလျှက်ရှိတော့၏။

ဤသို့ဖြင့် အိမ်ထောင်သက်(၃)နှစ်မျှရှိသောအခါ ယခင်ဝါးကပ်မိုးထရံကာ မြေစိုက်အိမ်ကလေးမှ သွပ်မိုးပျဉ်ကာ ခြေတံရှည်အိမ်ကလေး ဖြစ်လာခဲ့လေ၏။ အိမ်ထောင်မှု ပစ္စည်းများလည်း အပြည့်အစုံ ဖြစ်လာ၏။ ထိုမျှမက ကိုသာရင်၏ သီးနှံပွဲစားအလုပ် အဆင်ပြေစေရန်အတွက် တစ်ပတ်ရစ် ဆိုင်ကယ်လေးတစ်စီးပင် ဝယ်ယူနိုင်လျှက် မငယ်မကလည်း အိမ်တွင် စျေးဆိုင် ကလေးနှင့် ရွှေတွဲလွဲ ငွေတွဲလွဲ ဖြစ်လာခဲ့လေတော့၏။ ထို့ကြောင့် လူအများက ကိုသာရင်တို့လင်မယားအား...

"သာရင်နဲ့ အငယ်မတို့ကတော့ဟေ့..လင်ကလည်း အရှာကောင်း မယားကလည်း အရှာအထိန်းကောင်းနဲ့...ငွေထားစရာနေရာမှ ရှိတော့ပါ့မလား"ဟု ပြောဆိုကြလေ၏။ ထိုအခါ မငယ်မက...

"ရွှေပါးစပ် ငွေပါးစပ် ပြောတဲ့အတိုင်း ဖြစ်ပါစေတော်" ဟု ပြန်၍ပြောတတ်လေ၏။ ထိုအခါမျိုး၌ ကိုသာရင်မှာမူ ပြုံးပြုံးကြီးလုပ်၍ နေတတ်လေ၏။ ထိုသို့ ၎င်းတို့လင်မယားမှာ စီးပွားဖြစ်ထွန်းချောင်လည်လာသကဲ့သို့ အလှူအတန်း ရပ်ရေးရွာရေးကိစ္စများ၌လည်း လက်မတွန့်ပေ။ နှစ်ဘက်မိဘ ဆွေမျိုးညာတိ အခက်အခဲများဆိုလည်း တတ်နိုင်သမျှ ရက်ရောစွာ အကူအညီပေးတတ်ကြလေ၏။ ထို့ပြင်တဝ နီးစပ်ရာ အိမ်နီးချင်း အပေါင်းအသင်း မိတ်ဆွေများ အခက်အခဲဖြစ်ကလည်း ကူညီတတ်ကြလေရာ လူတိုင်းမှ ကိုသာရင် မငယ်မတို့ လင်မယားအား မေတ္တာသက်ဝင် ချစ်ခင်ကြကုန်လေ၏။

တစ်နေ့သ၌မူ ကိုသာရင်က ဇနီးဖြစ်သူ မငယ်မအား

"အငယ်မရေ..ဒီတစ်ပတ် အလုပ်တစ်ခုလောက်

ဖြစ်ပြီးရင်တော့ ငါ စက်တွင်းတစ်တွင်းလောက် တူးချင်တယ် ဟာ..တို့အရပ်က ရေရှားတယ်ဟာ..အနီးအနားကလူတွေကို လည်း ရေအလှူ လုပ်လို့ရတာပေါ့..ရေအကျိုး(၁၀)ပါး မတောင်း ဘဲပြည့်သတဲ့..''ဟု ပြောလေရာ မငယ်မကလည်း..

''တော်ကောင်းမယ်ထင်ရင် လုပ်ပေါ့တော်..စက်တွင်း ဆိုတော့ ရေဖောဖောလောလော သုံးရတာပေါ့..ရှင်ပြောသလို ရေလည်း လှူလို့ရတာပေါ့''ဟု ပြောလိုက်လေ၏။

သို့ဖြစ်ရာ ကိုသာရင်က..

''ဒါဖြင့်..ငါ ဟိုဖက်အိမ်က ကိုထွန်းတင်တို့နဲ့သွား ပြီး တိုင်ပင်ကြည့်ဦးမယ်ဟာ..စက်တွင်းတူးမှာဆိုတော့ စက် တွင်းတူးသမားတွေကို မြို့တက်ငှားရမယ်..အုတ်ကန်ဆောက် ဖို့ ပန်းရံဆရာလည်းလိုတယ်..အင်ဂျင်အတွက် စက်ဆရာလည်း လိုတယ်ဟ..''ဟု ပြောကာ ကိုထွန်းတင်တို့အိမ်ဘက်သို့ ထွက်၍သွားလေတော့၏။

ဤသို့ဖြင့် များမကြာမီ ကိုသာရင်တို့ခြံတွင်း၌ စက်ရေ တွင်းတစ်တွင်း တူးလေ၏။ ပထမ၌ ရေငံသာထွက်လေ၏။ ထို့ကြောင့် ရေတွင်းတူးဆရာက..



"ရေချိုရဖို့ နောက်ထပ် ပေ(၅၀)လောက်တော့ လိုက်ရ မှာပဲ"ဟု ဆိုသဖြင့် ဆက်၍တူးစေရလေ၏။ ထိုအခါမှ ရေချို ထိုက်၍လာလေ၏။ အလုံးစုံပြီးစီးသောအခါ ကိုသာရင်မှာ ရေ တွင်းတူးခ အုတ်ရေကန်ခ အင်ဂျင်နှင့် ရေပိုက်၊ ရေပိုက်ခေါင်း တယ်ခ စုစုပေါင်း ငွေ(၃)သောင်းခန့် ကုန်၍သွားလေ၏။

သို့သော် ရေရ၍ အနီးဝန်းကျင်အိမ်များအား ရေအလှူ ပေးရသောအခါ လင်မယား(၂)ယောက်စလုံး ကုန်သွားသော ငွေကိုပင်မေ့ကာ ကြည်နူးပီတိ ဖြစ်ကြရလေတော့၏။ ထိုအခါ အိမ်နီးချင်းဖြစ်သော မြရင် ဟူသည့် မိန်းမက မျက်နှာလိုမျက်နှာရ ဖြင့် လာရောက်ကာ..

"ဟဲ့ အငယ်မရဲ့..နင်တို့ စက်တွင်းတူးတာ အလကား ရတာမဟုတ်ဘူးဟဲ့..ရေလှူည်းဝယ်ပြီး ရေရောင်းမှပေါ့အေ.. လူတွေက ရေအလကားရရင် စည်းကမ်းရှိကြတာ မဟုတ်ဘူး" ဟု ပြောလေလျှင် မငယ်မက..

"အမလေး မြရင်ရယ်..ရေရောင်းချင်လို့ စက်တွင်း တူးတာမှမဟုတ်ဘဲ..မလုပ်ပါဘူးအေ..သုံးကြစမ်းပါစေ.. ကုသိုလ်တောင်ရသေး..''ဟု ပြန်၍ပြောလိုက်လေ၏။

"ငါက ညည်းတို့အတွက် စေတနာနဲ့ပြောတာပါအေ.. သာဓုပါတော်.. သာဓု.. သာဓု"ဟု မဲ့ကာရွဲ့ကာပြော၍ မြရင်သည် ပြန်သွားလေ၏။

ထိုအခါ ကိုသာရင်က..

"လူတွေကခက်တာပဲ အငယ်မရယ်.. ကိုယ်ကုန်တာမဟုတ်ဘဲနဲ့ ကြားထဲက မနာလို နှမြောတွန့်တိုတာဟာ တယ်ပြီးအပြစ်ကြီးတာ မကြောက်ကြဘူး"ဟု ပြောလိုက်လေရာ မငယ်မက..

"သူတို့ မသိလို့ဟာပေါ့တော်.. ကိုယ့်စေတနာ ကိုယ့်အကျိုးပေးမှာပေါ့"ဟု ပြန်၍ ပြောလိုက်လေ၏။ ထို့နောက်မှ မငယ်မက တစ်စုံတစ်ခုကို သတိရလျှက်..

"ဟော့ အခုမှသတိရတယ်.. အဖေတို့အတွက် ဟင်းခပ်ထားတာ သွားမပို့ရသေးဘူး.. တော့ ကိုသာရင်.. ရှင်ပဲတစ်လက်စတည်း သွားပို့လိုက်ပါတော်.. စားပွဲအုပ်ဆောင်းအောက်မှာ ခပ်ထားတယ်"ဟု ပြောလိုက်လေရာ ကိုသာရင်လည်း "အေးပါဟာ"ဟု ဆိုလျှက် ဟင်းခွက်ကိုယူလျှက် ၎င်းမိဘများအိမ်ဘက်သို့ ထွက်ခွာသွားလေတော့၏။

❖ ❖ ❖



## ကိုသာရင် ကပ်သော ကိုယ်ဝန်ဆွမ်း

ကိုသာရင် မငယ်မတို့ လင်မယားသည် စိတ်သဘောထားလည်း လွန်စွာမှ ပြည့်ဝကြလေ၏။ ထို့ကြောင့်လည်း ၎င်းတို့၏ စေတနာအကျိုးပေးလျှက် စီးပွားရေးသည် တစ်နှစ်ထက်တစ်နှစ် ဒီရေအလား တိုးတက်လာခဲ့ကြလေ၏။ သို့သော် ထိုသို့အစစအရာရာ တိုးတက်ခဲ့ကြသော်လည်း ၎င်းတို့လင်မယားအတွက် မတိုးတက်သောအရာကား ရှိလေ၏။ ထိုအရာကား အိမ်ထောင်သက် (၅)နှစ်ကျော်လာသည့်အထိ မငယ်မ၌ သားသမီးရတနာ တွေ့နိုင်ကားခဲ့ခြင်းပင် ဖြစ်လေ၏။

ထို့ကြောင့် အိမ်နီးချင်းများက..

"ကိုသာရင်တို့ ရှေ့ချည်း တွန်းရှာမနေကြနဲ့ဦး.. နောက်

ကစားမယ့်သူလေး ဘာလေးလည်း ရအောင်ကြိုးစားကြဦးဗျ'' ဟူ၍တစ်မျိုး နှစ်ဖက်မိဘများကလည်း. .

''ငါတို့ မြေးလေးဘာလေး ချီရအောင်လည်း လုပ်ကြဦးကွ. . မင်းတို့ဟာ အားလုံးတော့ ပြည့်စုံပါရဲ့. . ဒီတစ်ခုလိုနေတယ်. . သားသမီးရတနာဆိုတာ အရွယ်မလွန်ခင် ယူထားမှဟ. . လောဘတွေချည်း သိပ်မကြီးနေကြနဲ့ဦး''ဟူ၍တစ်လီတိုက်တွန်းပြောဆိုကြကုန်၏။

ထိုအခါ ကိုသာရင် မငယ်မတို့ကိုယ်တိုင်မှာလည်း သားသမီး လိုချင်ကြသည်မှာ တစ်ပိုင်းပင်သေနေကြလေ၏။ သို့သော် သူ့ဟာသူ မရသောကိစ္စကြောင့် လင်မယားနှစ်ယောက်စလုံး ဘာမှမတတ်နိုင်ကြဘဲ ရှိရလေ၏။ သို့တိုင် နားလည်တတ်ကျွမ်းသောသူများအား မေးမြန်း၍ သားသမီးရလိုမှုအတွက် အမျိုးမျိုးကြိုးစားကြည့်ကြ၏။ လင်မယားနှစ်ယောက်စလုံး မသောက်ဖူးသော ဆေးမျိုးလည်း မရှိကြတော့ချေ။ ရက္ခစိုးနတ်ထံ သားဆုပန်ရသည်ဆို၍လည်း ပန်ခဲ့ကြသေးလေ၏။ သို့သော် မည်သို့မှ မရကြချေ။ ထို့ကြောင့် တစ်ခါတရံ ထိုကိစ္စအတွက် လင်မယားနှစ်ယောက် သူညံ့သည် ငါညံ့သည် အပြစ်တင်ကာ ကတောက်



[illegible] စကားများကြရသေးလေ၏။ ပြီးမှ အချင်းချင်း နှစ်သိမ့်[illegible] အီလည်လည် ရယ်မောကြရလေ၏။

ဤသို့ဖြင့် တစ်ခုသော မနက်တွင်မူ မငယ်မက. .

''တော့ ကိုသာရင်. . ညက ကျုပ် အိပ်မက်ထူးထူးဆန်းဆန်းတစ်ခု မက်တယ်တော့. . ဒီလိုအိပ်မက်မျိုး တစ်ခါမှ [illegible]ဖူးဘူး. . အိပ်မက်က ကြောက်စရာလည်းကောင်း အသည်း[illegible]စရာလည်းကောင်းတယ်တော်. . ကြာအဖြူတစ်ပွင့်ဟာတော် ကျုပ်ဗိုက်က ဖောက်ထွက်လာသတဲ့. . ထူးထူးဆန်းဆန်းတော်. ကျုပ်ဖြင့် အိပ်မက်ထဲမှာ ကြောက်လည်းကြောက်. . အသည်း[illegible]ညည်းယားလိုက်တာ မပြောပါနဲ့တော့. . အဟုတ် ပီပီပြင်ပြင်[illegible]တော့. .''ဟု ပြောလေရာ ကိုသာရင်လည်း အံ့ဩလျှက် မငယ်မ၏ ထူးထူးဆန်းဆန်း အိပ်မက်ကို မစဉ်းစားတတ်အောင်[illegible]ပြီး လင်မယားနှစ်ယောက် မိဘများအိမ်ဘက်သို့ ကူးခဲ့ကြလေ၏။

ထိုမှ အဖေဖြစ်သူအား ကိုသာရင်က မငယ်မ အိပ်မက်အကြောင်းကို ပြောပြလိုက်လေရာ. .

''ဟ. . ဒါ ကောင်းတဲ့ အတိတ်နိမိတ်ပဲကွ. . မင့်မိန်းမ

မှာ ကိုယ်ဝန်ရှိနေပြီနဲ့တူတယ်ဟေ့... နင်တို့နှစ်ယောက်စလုံ
ဝမ်းသာကြတော့ဟ”ဟု ဗေဒင်လက္ခဏာ အတိတ်နိမိတ်ပညာ
ရပ်များကို အတန်ပင်လိုက်စားထားသော ကိုသာရင် အဖေ
ဦးသာခွန်း ဟူသော အဘိုးကြီးက ဝမ်းသာအားရ ပြောလိုက်လေ၏

အမှန်လည်း ဦးသာခွန်း ပြောသကဲ့သို့ မကြာမီ မငယ်မ
ကိုယ်ဝန် ရှိနေပြီဖြစ်ကြောင်း သိရှိခဲ့ကြရလေ၏။ ထိုအခါ လင်မယာ
နှစ်ယောက်စလုံးမှာ ဖော်မပြတတ်ကြအောင် ရွှင်မြူးဝမ်းသာ
ဖြစ်လျက် ကိုသာရင်က...

“အငယ်မရေ... မနက်ဖြန်ကျရင် ဘုန်းကြီးငါးပါး ဖိတ်
ပြီး အလှူလုပ်မယ်ကွာ... ပြီးရင် အိမ်နီးနားချင်းတွေ ဖိတ်ပြ
မုန့်ဟင်းခါး ကျွေးမယ်”ဟု ပြောလိုက်လေရာ မငယ်မက နာ
မလည်နိုင်စွာဖြင့်...

“ဘာအတွက်တုံးတော့... တော်ကလည်း လုပ်ချင်ရ
ကတိုက်ကရိုက်နဲ့”ဟု မေးလိုက်လေ၏။

ထိုအခါ ကိုသာရင်က...

“နင် ကိုယ်ဝန်ရှိတဲ့ အထိမ်းအမှတ်အတွက်လေဟာ
ဟု ဆိုလိုက်လေရာ မငယ်မက ရယ်မောလျက်...



“မကြားဖူးပါဘူးတော်... သူများတွေ ကလေးမွေးနေ့
တို့ မီးထွက်တဲ့နေ့တို့ပဲ ကျွေးတာမွေးတာ ကြားဖူးပါတယ်”ဟု
ပြန်၍ပြောလိုက်လေ၏။

သို့သော် အမှန်ပင် နောက်တစ်နေ့၌ ကိုသာရင်သည်
ဘုန်းကြီးငါးပါး ပင့်ဖိတ်ကာ ဆွမ်းကပ်လေ၏။ ထိုအခါ ဆွမ်း
ကပ်မိ ဦးစွာ ကျောင်းသို့သွားရောက်၍ ပင့်ဖိတ်ရလေရာ ဘုန်းကြီး
ဦးအာလောကက...

“ဆွမ်းကပ်တာတော့ ဟုတ်ပါပြီ... ဘာအတွက်တုံး
တာ သာရင်ရ”ဟု မေးလေရာ ကိုသာရင်က...

“တပည့်တော်မိန်းမ ကိုယ်ဝန်ရတဲ့အတွက်ပါ ဘုရား”
ဟု အားတက်သရော ဖြေလျှောက်လိုက်လေ၏။

ထိုအခါ ဘုန်းကြီး ဦးအာလောကမှာ မျက်လုံးပြူးသွား
လျက်...

“ရှုးလည်းရှုးပါ့ကွာ... ဒီတော့ နင့်ဆွမ်းကို ဘာဆွမ်း
လို့ ပြောရတော့မတုံး”ဟု မိန့်လိုက်လေလျှင် ကိုသာရင်က...

“တပည့်တော်မိန်းမ ကိုယ်ဝန်ရှိတဲ့အတွက် ကပ်တဲ့ဆွမ်း
ဆိုတာ ကိုယ်ဝန်ဆွမ်းပေါ့ ဘုရား... ဘာပဲဖြစ်ဖြစ် တပည့်တော်

ဆွမ်းဒါနမြောက်အောင်တော့ လက်ခံပေးပါဘုရား''ဟု လျှောက်လိုက်လေပြန်၏။ ထို့ကြောင့် ဘုန်းကြီး ဦးအာလောကမှာ. .

''အေးပေါ့လကွာ. . ဒါနဆွမ်းဆိုတော့လည်း လက်ခံရတော့တာပ. .''ဟု မိန့်လိုက်လျှက် ကိုသာရင် ဝမ်းမြောက်ဝမ်းသာ ပြန်သွားသောအခါမှ. .

''တယ်ခက်တဲ့အကောင်ပဲ. . ဆွမ်းကပ်ပြီး တရားဟောရမှာတောင် ဘာတရားဟောရပါ့. . အေးလေ. . တတ်နိုင်ဘူး. . သူပြောသွားတာ ကိုယ်ဝန်ဆွမ်းဆိုတော့ အင်္ဂုလိမာလသုတ် တရားပဲ ဟောရမှာပဲ''ဟု တစ်ကိုယ်တည်း ပြောဆိုလိုက်လေတော့သတည်း။

❖ ❖ ❖



## မမွေးခင်ပေးသော နာမည်

နောက်တစ်နေ့ မနက်၌မူ ဘုန်းကြီး ဦးအာလောကနှင့် သံဃာ(၄)ပါးသည် ကိုသာရင်အိမ်သို့ ကြွရောက်လျှက် ဆွမ်းဘုန်းပေးကြရလေ၏။ ဆွမ်းဘုန်းပေးပြီးသောအခါ ဘုန်းကြီး ဦးအာလောကသည် အင်္ဂုလိမာသုတ်တရားကို ဟောလေ၏။ ထိုအခါ လူသတ်လက်ဖြတ်၍ မိခင်အား ဓားဖြင့်လိုက်သော အင်္ဂုလိမာလ ခိုးသားလူမိုက်ကြီး အကြောင်းမှ အစပြု၍ ဟောရသည်ဖြစ်ရာ ဘုန်းကြီးများ ပြန်ကြွသွားကြသောအခါ၌ ကိုသာရင် အဖေ ဦးသာဒွန်းက. .

''သာရင်တို့က လုပ်လိုက်ရင်ကွာ. . ကိုယ်ဝန်ဆွမ်းဆိုပြီး သွားပင့်မှတော့ ဘုန်းကြီးကလည်း အင်္ဂုလိမာလသုတ်တရားပဲ

ဟောတော့မပေါ့. . အဲဒါအရေးမကြီးဘူး. . ဇမ္ဗူဒီပါတောင်ကျွန်း ဩဘာနိမိတ်ထွန်းတဲ့ကွ. . အတိတ်နဲ့ နိမိတ်နဲ့ဟာ. ကိုယ်ဝန်ရလို့ နိမိတ်ကောင်းယူပြီး ဆွမ်းကပ်ပါတယ်. . ငါတယ်. မပြောချင်ပါဘူး. . နင်တို့ရမယ့်ကလေး အင်္ဂုလိမာလလို လူမိုက်ကလေးမွေးလို့ကတော့ ခက်ကပြီ. . အသုံးကိုမကျဘူး''ဟု ပြောဆို ကြိမ်းမောင်း၍ ပြန်သွားလေတော့၏။

ကိုသာရင်နှင့် မငယ်မတို့မှာမူ တစ်ဦးမျက်နှာတစ်ဦး ကြည့်ကာ ပြုံးလိုက်ကြလေ၏။

ထိုမှ ညနေဘက်ရောက်သောအခါ အိမ်နီးနားဝန်းကျင်ကို ဖိတ်ကြား၍ မုန့်ဟင်းခါး ကျွေးကြလေ၏။

ထို့ကြောင့် ကိုသာရင်တို့လင်မယား ပြုလုပ်သော ကိုယ်ဝန်ဆွမ်း ကိုယ်ဝန်မုန့်ဟင်းခါးမှာ လူများပြောစမှတ်တွင်၍ သွားကြရလေတော့၏။

ဤသည်ကိုပင် ကိုသာရင်မှာ သဘောအကျကြီးကျလျက် ''အငယ်မရေ. . တို့ကလေးကတော့ ဗိုက်ထဲမှာတင် လူတွေ ပြောစမှတ်တွင်နေကြပြီပေါ့. . မွေးရင်တော့ သူများထက် ထူးမှာ သေချာတယ်''ဟု ပြောလိုက်လေရာ မငယ်မကလည်း.



''ထူးမှာတော့မပူနဲ့ ကိုသာရင်ရေ. . ကျုပ်မက်တဲ့ အိပ်မက်ကိုက ထူးတာကိုးတော့''ဟု ပြောလိုက်လေ၏။ ထိုအခါ ကိုသာရင်က. .

''အေးဟ. . ဒီအိပ်မက်အတွက် ငါစဉ်းစားနေတာ. . နင့်အိပ်မက်က နင့်ဗိုက်ကိုဖောက်ပြီး ကြာဖြူတစ်ပွင့် ဖောက်ထွက်လာတယ်ဆို မဟုတ်လား. . ကြာဖြူဆိုတာ ဖြူစင်မွန်မြတ်တဲ့ဝန်းဟာ. . သူတော်ကောင်းအတိတ်နိမိတ်ပဲ. . ဒီတော့ တို့မွေးဖွားမယ့်ကလေးဟာ ကြာဖြူလို ဖြူစင်မွန်မြတ်တဲ့ ကလေးပဲ ဖြစ်ရမယ်. ''ဟု ပြောလိုက်လေရာ. .

''အဲဒါတော့ ဟုတ်ပါတယ် ကိုသာရင်ရယ်. . ဒါပေမယ့် ကျုပ်မွေးမယ့်ကလေးက ယောကျ်ားလေးလား မိန်းကလေးလား ဘာမှန်းမှမသိတာတော့''ဟု မငယ်မက ပြောလိုက်လေ၏။

ထိုအခါ ကိုသာရင်က. .

''နေစမ်းပါဦး အငယ်မရယ်. . အဲဒါကို ငါပြောမလို့ပဲ. စကားကိုဆုံးအောင် နားမထောင်ဘူး. . ငါစဉ်းစားထားတာ ယောကျ်ားလေးမွေးမွေး မိန်းကလေးမွေးမွေး. . တို့ကလေးနာမည်ကို ကြာဖြူလို့ပဲပေးမယ်ဟာ. . ယောကျ်ားလေးဆိုရင်

မောင်ကြာဖြူ . . မိန်းကလေးဆိုတော့လည်း မကြာဖြူပေါ့ဟယ် . အဲဒါပြောမလို့ဟ . . မကောင်းဘူးလား”ဟု ပြောလိုက်လေရာ မငယ်မက . .

“ကောင်းတာပေါ့တော် . . ကောင်းတာမှ ကောင်းကောင်း ကောင်းနဲ့တောင်မြည်သေး . . ကျုပ်အိပ်မက်နဲ့လည်း ကိုက်သွားတာပေါ့တော် . . ကျုပ်မွေးလာမယ့်ကလေးကို တော်ပြောတဲ့ နာမည်ပဲ မှည့်မယ်”ဟု ဝမ်းသာအားရ ပြောလိုက်လေတော့သတည်း။ ။

❖❖❖



# ကံဆိုးသော ကြာဖြူ

အထက်ပါ အဖြစ်အပျက်တို့ ဖြစ်ပွားပြီး (၁၀)လခန့် ရှိသောအချိန်၌ မငယ်မသည် သားယောကျ်ားလေးတစ်ဦးကို ဖွားမြင်ခဲ့လေတော့၏။ သို့သော် မငယ်မသည် ကံဆိုးစွာပင် ကလေးမွေးပြီး မီးတွင်းထဲ၌ပင် သွေးသွန်၍ ဆုံးပါးသွားခဲ့လေ၏။ ထိုအခါ ကိုသာရင်အဖို့ အားထားမျှော်လင့်ထားသော သားထူး ကလေးမွေး၍ ဝမ်းသာမည်မှ မကြံရသေး မိန်းမဆုံး၍ ယူကျုံးမရ အပူလုံးကြွကာ သောကရတက် များစွာပင် ပွေခဲ့ရလေတော့၏။

မငယ်မအလောင်း အသုဘချသောအချိန်၌ ကိုသာရင်မှာ ရက်သားမျှသာရှိသေးသော သားကလေးကို ပွေ့ချီလျှက် .

“သွားပေဦးတော့ အငယ်မရေ . . နင်ကတော့ တို့သား

အဖကို ထားသွားခဲ့ပြီပေါ့.. ရက်ကြီးစက်ပါပေ့ ရှင်သေမင်းရယ်.. အငယ်မကို သူ့သားနာမည်လေး ပေးအောင်တောင် အချိန်မပေးဘူးတဲ့လားဗျာ.. အီး.. အငယ်မရေ.. ငါကတော့ နင်မသေခင် ပြောသွားတဲ့အတိုင်း.. ဟောဒီက နင့်သားကို မောင်ကြာဖြူ ဆိုတဲ့ နာမည်ပဲ ပေးပါ့မယ်ဟာ''ဟု ပြောဆိုငိုကြွေးလေရာ ကြားရသူအပေါင်းမှာ ရင်စို့၍ပင် သွားကြရလေကုန်၏။

အမှန်လည်း ကိုသာရင်သည် ကျန်ရစ်ခဲ့သော သားလေးအား မောင်ကြာဖြူ ဟူသော အမည်ကိုပင် ပေးခဲ့လေ၏။ ထိုအခါ ကိုသာရင်၏အဖေ ဦးသာဒွန်းသည်လည်း ကံဆိုးလွန်းရှာသော သားနှင့် မြေးကလေးကို ကြည့်ရှု၍ မချိတင်ကဲဖြင့်..

''ငါထင်တယ်.. ခင်းလေး ဗိုက်ထဲရောက်လို့ ကိုယ်ဝန်ဆွမ်းကပ်ကတည်းက ဟောလိုက်တဲ့ တရားကကို အတိတ်နိမိတ်မကောင်းဘူး.. အင်္ဂုလိမာလတဲ့လကွာ.. အင်္ဂုလိမာလဆိုတာ အမေတောင် ပြန်သတ်တဲ့ လူမိုက်ကြီးဟ.. နောက်ပြီး မင်းမိန်းမ မက်လိုက်တဲ့ အိပ်မက်ကလည်း ကြာဖြူပန်း ဗိုက်ကဖောက်ထွက်သတဲ့.. ဒီတော့.. အခု မင့်သား ဗိုက်ဖောက်ထွက်သလို မင့်



မိန်းမ သေရပြီပေါ့လကွာ''ဟု ပြောလိုက်လေ၏။

ကိုသာရင်သည် ဖခင်ကြီးဖြစ်သူ ဦးသာဒွန်း၏စကားကြောင့် မျက်ရည်တို့ဖြင့် နီမို့နေသော မျက်လုံးများသည် ပြူး၍သွားလေ၏။ *ထိုမှ မငယ်မ မသေခင် ပြောသွားခဲ့သော စကား*သံများကို ပြန်လည်ကြားယောင်မိလိုက်လေ၏။

''ထူးမှာတော့ မပူနဲ့ ကိုသာရင်ရေ.. ကျုပ်မက်တဲ့ အိပ်မက်ကိုက ထူးတာကိုတော့''

''ကောင်းတာပေါ့တော်.. ကောင်းတာမှ ကောင်းကောင်းကောင်းနဲ့တောင် မြည်သေး.. ကျုပ်အိပ်မက်နဲ့လည်း ကိုက်သွားတာပေါ့တော်.. ကျုပ်မွေးလာတဲ့ကလေးကို တော်ပြောတဲ့နာမည်ပဲ မှည့်မယ်''

ထို့နောက် ကိုသာရင်သည် လက်ထဲ၌ ပွေ့ချီထားသော သားကလေး၏မျက်နှာကို ငုံ၍ကြည့်လိုက်လေ၏။ ကလေးသည် နို့ဆာရှာလွန်းသဖြင့် သူ၏လက်ချောင်းလေးများကို တပျတ်ပျတ်စုတ်၍နေလေ၏။ ထို့ကြောင့် ကိုသာရင်မှာ ရင်နင့်၍သွားရပြန်လေ၏။ ထိုမှ တလိမ့်လိမ့် စီးဆင်းလာသော မျက်ရည်များသည် ကလေး၏ ရင်ဘတ်အနီးစပေါ်သို့ ပေါက်ခနဲကျ၍ သွားရလေတော့၏။

ကိုသာရင် မငယ်မတို့အပေါ် ခင်မင်ချစ်ခင်ကြသော ပတ်ဝန်းကျင် အိမ်နီးနားချင်းများသည် မငယ်မ၏ အသုဘကိစ္စအား ရက်လည်သည်အထိ ဝိုင်းဝန်းလုပ်ကိုင်ပေးကြလေ၏။

မိန်းမသူများကလည်း ကျန်ရစ်ခဲ့သော ကလေးအား ကူညီထိန်းပေးကြ၏။ နို့တိုက်ပေးကြ၏။ ထိုမှ ရက်လည်သော အခါ ကလေးကို လိပ်ပြာခွဲကြလေ၏။ ကလေးတောင်းသော လူများကလည်း..

"နင့်ကလေးကို ငါတို့ ကောင်းကောင်းမွန်မွန် မွေးမှာပါ.. နင်ဖြစ်စေချင်တဲ့အတိုင်း ဖြစ်စေရပါ့မယ်"အစရှိသည် ဘယ်လိုဘယ်နှယ့် ပြောဆိုကာ တောင်းကြရလေ၏။ ထို့ကြောင့် ကလေးလိပ်ပြာခွဲသည့်အခါ မိန်းမသူများမှာ မျက်ရည်မဆည်နိုင်အောင် ဖြစ်ကြရလေ၏။

မှတ်ချက်။ ။ အညာဒေသများ၌ ကလေးအငယ်နှင့်မိခင် သေဆုံးလျှင် အထက်ပါ ကလေး လိပ်ပြာခွဲသော အလေ့အထများ ရှိပါသည်။

ကိုသာရင်သည် ဇနီးသည် မငယ်မ ဆုံးပြီးသည့် အချိန်



မှစ၍ နောက်အိမ်ထောင် မပြုတော့ချေ။

ထိုအခါ မောင်ကြာဖြူလေးကိုမူ လိပ်ပြာပေးသည့်အတိုင်း အဘိုးအဘွားများဖြစ်သူ ဦးသာဒွန်း ဒေါ်ငွေစိန်တို့မှ တာဝန်ယူ စောင့်ရှောက်ကြလေကုန်၏။

ကိုသာရင်မှာမူ မငယ်မ လလည်ပြီးသည့်အချိန်မှစတင်၍ အရက်ကိုသာ အဖော်ပြုလျှက်ရှိပေတော့၏။

ဦးသာဒွန်းသည် မြေးလေး တစ်လပြည့်သောအခါ ဇာတာ တွက်ချက်ကြည့်၍ ကရကဋ်လဂ်ရ၍ စနေနိုင် အင်္ဂါချုပ်ကြောင်း တွေ့ရလေလျှင် ကိုသာရင်အား..

"မင့်သားက ကရကဋ်လဂ်ကွ.. စနေနိုင် အင်္ဂါချုပ်တယ်.. ဒါကို ရာဇယောဂရုပ်လို့ ဆိုနိုင်ပေမယ့် ဆယ်တန့် စနေခံနေတဲ့အတွက် လူဆိုးဖြစ်ပြီးမှ လူကောင်း ဖြစ်တတ်တယ်ကွ" ဟု ပြောလေရာ ကိုသာရင်က..

"မွေးကတည်းက မအေ သေရတာ.. ဘယ်မှာကောင်းတော့ပါ့မလဲ အဖေရာ.. အဖေ ပြောသလို ဒီကောင်ဟာ အင်္ဂုလိမာလ အစစ်ပဲ"ဟု မူးမူးဖြင့် ပြောလိုက်လေ၏။

"ဟကောင်ရ.. ဘာပဲဖြစ်ဖြစ် ဒါ မင်းမွေးထားတဲ့သား

လေး. . အဲဒီတုန်းကလည်း ငါက ဂရုဏာဒေါသောနဲ့ပြောမိတာ. . တကယ်တော့ အင်္ဂုလိမာလဟာလည်း လူဆိုးကြီး မှန်ပေမယ့် နောက်ဆုံး ဘုရားရှင်နဲ့တွေ့ပြီး ရဟန္တာဖြစ်သွားတာကွ'' ဟု ဦးသာဒွန်းက ပြောလိုက်လေလျှင် မှူးနေသော ကိုသာရင်က. .

''ရဟန္တာဖြစ်ဖြစ် လူဆိုးဖြစ်ဖြစ်. . ဒီအချိန်မှာ ကျွန်တော် ဘာမှမသိတော့ဘူး အဖေရာ. . အငယ်မကို သတိရတာပဲ ကျွန်တော် သိတယ်. . အငယ်မရေ. . နင့်ယောကျ်ားအဖြစ်ကို လာကြည့်လှည့်ဦးဟ. .'' ဟု အသံပြဲကြီးဖြင့်အော်၍ အီးခနဲ ငိုချလိုက်လေ၏။

ထိုအခါ ဦးသာဒွန်းက သားဖြစ်သူကို စိတ်ပျက်စွာ ကြည့်၍. .

''အေး. . ငိုငို. . မင်း ဒီလိုသောက် ဒီလိုငိုနေလို့ မင့်မိန်းမ သင်္ချိုင်းကုန်းကနေ ပြန်ထလာမှာ မဟုတ်ဘူး. . ငါလည်း မင်းအတွက် စိတ်ညစ်ပါတယ်ကွာ'' ဟု ညည်းညူလျှက် အိမ်ပေါ်မှ ဆင်း၍သွားလေတော့၏။

ကိုသာရင်ကား အရက်မှလွဲ၍ မည်သည့်အရာမှ မသိတော့ဘဲရှိလေ၏။ ထို့ကြောင့် အိမ်စီးပွားရေးမှာလည်း တဖြည်း



ဖြည်း ကျ၍လာလေ၏။ ဦးသာဒွန်းနှင့် ဒေါ်ငွေစိန်တို့မှာလည်း ကိုသာရင်အတွက် စိတ်ညစ်ကြရလေ၏။

''နင့်သား. . ဒီအတိုင်းဆို မဖြစ်တော့ဘူး ငွေစိန်. . အလုပ်လည်း မလုပ်တော့ဘူး. . အချိန်ရှိသရွေ့ ဒီအရက်ချည်း ထိုင်သောက်နေလို့ကတော့ တစ်နေ့ ဒုက္ခရောက်တော့မယ်'' ဟု ဦးသာဒွန်းက ညည်းညူလိုက်လေရာ ဒေါ်ငွေစိန်ကလည်း.

''တော် ဖအေပဲ. . ကြည့်ကျက်လည်းပြောပါဦးတော်. . ကျုပ်တို့မှာ ဒီသားတစ်ယောက်တည်း ရှိပါတယ်. . မယားသေလို့ အရက်သမားဖြစ်ရသတဲ့. . တစ်သက်လုံး လိမ္မာလာတဲ့ လူလိမ္မာကြီး. . အခုတော့ အရက်ကို မိုးမလင်းတော့ဘူး. . ကျုပ်ရင်ထဲ မချိလှဘူးတော်ရဲ့'' ဟု ပြောဆိုငိုကြွေးပြန်လေ၏။

ထိုအခါ ဦးသာဒွန်းက. .

''အရေးထဲ နင်ကတမျောင့်'' ဟု ဆိုကာ အဝတ်ပုခက်ကလေးဖြင့် သိပ်ထားသော မြေးငယ်ကို စိတ်မကောင်းစွာ ကြည့်ရှုလိုက်ပြီးနောက် ''ကံဆိုးလိုက်ပါဘိ လူကလေးရယ်'' ဟု မချိတင်ကဲ ညည်းညူလိုက်လေတော့သတည်း။ ။

❖❖❖

## ဘုန်းကြီးကျောင်းရောက်ပြီ

ဤသို့ဖြင့် ကိုသာရင်သည် မိန်းမ သေဆုံးပြီးနောက် အရက်သမားကြီးဘဝသို့ရောက်လျှက် အချိန်ပြည့် အရက်သာ သောက်၍နေလေ၏။

ပထမ၌ အိမ်နီးချင်းများက ဖျောင်းဖျ၍ အိမ်အလုပ်များကို ဝိုင်းကူလုပ်ကိုင်ပေးကြသော်လည်း အချိန်ကြာလာသောအခါ ရေရှည် မည်သူမျှ မကူညီနိုင်ကြတော့ချေ။ ထိုအခါ ကိုသာရင်သည် အိမ်၌မသောက်တော့ဘဲ အရက်ဆိုင်သို့သွား၍ သောက်လေ၏။ ထိုအခါ ယခင် မပေါင်းဘူးခဲ့သော အရက်သမား အပေါင်းအဖော်များနှင့် ပေါင်းသင်းမိလေ၏။ ထိုသူတို့သည် ကိုသာရင်အား မြှောက်ပင့်၍ အရက်ကပ်သောက်ကြလေ၏။ အရက်ကပ်



သောက်ရုံမျှမက နောက်အိမ်ထောင်ပြုရန်လည်း တိုက်တွန်းကြသေးလေ၏။ ၎င်းတို့ထဲ၌ ပေါက်ကြီး ဟူသော အရက်သမားသည် သာ၍ဆိုးလေ၏။ ကိုသာရင်အား . .

"ကိုသာရင်နှယ်ဗျာ . . မိန်းမတစ်ယောက် သေတာနဲ့များ ဒီလောက်ခံစားမနေစမ်းပါနဲ့ . . လောကကြီးမှာ မိန်းမတွေအများကြီး . . ပျော်စရာတွေအများကြီး . . ပေါက်ကြီးနဲ့တွေ့ရင် ခင်ဗျား စိတ်ညစ်တာတွေအားလုံး ပျောက်သွားစေရမယ်"ဟု ဆိုကာ မြို့ပေါ်ရှိ အပျော်အိမ် အလောင်းကစားအိမ်များသို့ ခေါ်သွားလျှက် ဖျက်ဆီးလေ၏။

ဤသို့ဖြင့် မငယ်မ သေပြီး (၁)နှစ်ခန့် ရှိလျှင်ပင် ဆိုင်ကယ်နှင့် အိမ်ဆိုင်မှာ ပြုတ်၍သွားလေ၏။ ကိုသာရင်မှာ အပျက်စီးကြီး ပျက်စီးနေပြီဖြစ်၏။ ထိုအချိန် မောင်ကြာဖြူလေးအားလည်း လှည့်၍မျှပင် မကြည့်ချေ။ ၎င်း၏စိတ်ထဲ၌ သားဟူသော ချစ်ခြင်းထက် နင့်ကြောင့် မငယ်မ သေဆုံးရသည်ဟူသော အစွဲက ခိုဝင်နေလေ၏။

ထိုအခါ ဦးသာဒွန်းနှင့် ဒေါ်ငွေစိန် တို့မှာလည်း အဘိုးကြီးအဘွားကြီးများဖြစ်သောကြောင့် လယ်ထောက်ခချ၊ စပါးပေး

ဝင်ငွေလေးမျှသာ ရှိကြလေရာ မောင်ကြာဖြူလေး၏ ရှေ့ရေးအတွက် များစွာ စိတ်မအေးဖွယ်ပင် ဖြစ်တော့၏။

ဤသို့ဖြင့် မောင်ကြာဖြူလေး (၅)နှစ်သားအရွယ်သို့ ရောက်သောအခါ၌ကား ကိုသာရင်မှာ အိမ်ပါပြုတ်၍ မိဘအိမ်သို့ တက်နေရသော အခြေအနေ ဖြစ်၍လာ၏။ သို့ဖြစ်ရာ ဦးသာဒွန်းတို့ အဘိုးကြီးအဘွားကြီးမှာ အရက်သမားသားက တစ်ဘက် မြေးကတစ်ဘက်နှင့် ဒေါင်ချာစိုင်း၍ နေကြရလေတော့၏။ ထိုကြားထဲ၌ ကိုသာရင်သည် အရက်မမူးလျှင် သားဖြစ်သူအား သားဟူသည့် အသိစိတ်မျိုး ရှိသေးသော်လည်း အရက်မူးလာလျှင်ကား မောင်ကြာဖြူလေးအား အကြောင်းမရှိ အကြောင်းရှာ ပြဿနာရှာလျက် ရိုက်နှက်နှိပ်စက်ခြင်းများ ပြုတတ်လေရာ ထိုကိစ္စမှာ ဦးသာဒွန်းနှင့် ဒေါ်ငွေစိန်တို့အတွက် စိတ်အဆင်းရဲရဆုံးဖြစ်လေ၏။

သို့ဖြစ်ရာ တစ်ရက်၌ ဦးသာဒွန်းသည် ဒေါ်ငွေစိန်အား

"ငွေစိန်ရေ.. ကလေးကို ဒီအတိုင်းထားလို့တော့ မဖြစ်တော့ဘူး.. ကြာရင် ဟိုကောင် နှိပ်စက်လို့ သေလိမ့်မယ်... ငါတော့ ငါ့မြေးကို ဘုန်းကြီးကျောင်း သွားပို့ထားတော့မယ်..



ကလေးက စာသင်ရမယ့်အရွယ်လည်း ရောက်နေပြီ" ဟု ဆိုလျက် မောင်ကြာဖြူလေးအား လက်ဆွဲလျက် ဘုန်းကြီးကျောင်းသို့ ခေါ်ဆောင်သွားလေတော့၏။

ထိုအခါ သိတတ်စပြုနေပြီဖြစ်သော မောင်ကြာဖြူလေးက...

"ဘဘ... ကျွန်တော့်ကို အဖေရိုက်လို့ ဘုန်းကြီးကျောင်းပို့တာလားဟင်..." ဟု မေးလေရာ ဦးသာဒွန်းက..

"မဟုတ်ပါဘူး လူလေးရယ်.. အခု လူလေးက စာသင်ရမယ့်အရွယ် ရောက်နေပြီ မဟုတ်လား.. အဲဒါကြောင့် ဘဘက ဘုန်းကြီးကျောင်းပို့တာ.. ဟိုမှာက စာတွေသင်ရမယ်လေကွယ့်.. စာတတ်မှ ငါ့မြေး ပညာတတ်ကြီးဖြစ်မှာပေါ့" ဟု ပြောလိုက်လျက် စိတ်ထဲကမူ...

"လူလေးရယ်... ဘဘရင်ထဲ မချိလိုက်ပါဘိကွယ်... မင်းကို ဒီလိုမှမပို့ရင်... မင်းမှာလည်း ဒုက္ခ... တို့မှာလည်း ဒုက္ခကွဲ့... ဟိုကောင် သာရင်ကတော့ ဒါတွေ ဘာမှမသိဘူး.. ကံဆိုးလိုက်ပါဘိတော့ကွယ်" ဟု မချိတင်ကဲ ပြောလိုက်မိလေ၏။

အမှန်လည်း ဦးသာဒွန်းတို့အဖို့မှာ နေ့စဉ်နှင့်အမျှ

မောင်ကြာဖြူလေးအား ကိုသာရင် နှိပ်စက်၍ စိတ်ဆင်းရဲနေရ သကဲ့သို့ အဘိုးကြီးအဘွားကြီးဘဝနှင့် မြေးငယ်၏ရှေ့ရေးကို တာရှည် စောင့်ရှောက်၍ မရနိုင်ကြောင်းကို တွေးလျှက် စိတ်သောကများ ခံစားနေကြရရှာလေရာ နောက်ဆုံး၌ မောင်ကြာဖြူလေးအား ဘုန်းကြီးကျောင်းသို့ပို့ရန် ရင်နာနာဖြင့် ဆုံးဖြတ်ခဲ့ကြခြင်း ဖြစ် ပေတော့၏။

ဤသို့ဖြင့် ဘုန်းကြီးကျောင်းသို့ရောက်လေလျှင် ကျောင်း ထိုင်ဘုန်းကြီး ဦးအာလောကအား အကျိုးအကြောင်းကို လျှောက် တင်လျှက်. . .

“တပည့်တော်တို့လည်း မတတ်သာလွန်းတော့လို့ပါ ဘုရား. . . အရှင်ဘုရားကို ဒုက္ခပေးတာတော့ မဟုတ်ပါဘူး. . . ဒီလိုမှမလုပ်ရင် ကလေးလည်း ဒုက္ခရောက် တပည့်တော်တို့လည်း ကြာကြာတောင် အသက်ရှည်တော့မှာ မဟုတ်ပါဘူးဘုရား”ဟု ဦးသာဒွန်းက လျှောက်တင်လိုက်လေရာ. . . ဘုန်းကြီး ဦးအာလောက က မောင်ကြာဖြူလေးအား ကရုဏာသက်စွာ ကြည့်ရှုလျှက်. . .

“တယ်လည်းကံဆိုးရှာတဲ့ကလေးပဲ. . . အေးလေ. . ဘယ်တတ်နိုင်ပါ့မတုံး. . . ဒါတွေအားလုံးဟာ ကံတရားတွေပ



ဒကာ ဦးသာဒွန်းရဲ့. . . စိတ်ချချသာထားခဲ့. . . ဒင်းလေးတစ် ယောက်အတွက်နဲ့တော့ ကျုပ်ကျောင်း ဝန်မလေးပါဘူး. . . အင်း သာရင်. . . သာရင်. . . တယ်မိုက်တဲ့ကောင်ကိုး”ဟု မိန့်ကာ မောင်ကြာဖြူလေးအား လက်ခံထားလိုက်လေတော့၏။

❖❖❖

## ဘုန်းကြီးကျောင်းသား မောင်ကြာဖြူ

ဤသို့ဖြင့် မောင်ကြာဖြူကလေးသည် ဘုန်းကြီးဦးအာလောက၏ကျောင်းသို့ ရောက်ရှိသွားလျှက် ဩကာသ ဘုရားရှိခိုးမှအစပြုလျှက် မင်္ဂလာတရား၊ ရတနာရွှေချိုင်၊ အပြင်အောင်ခြင်းရှစ်ပါး၊ အတွင်းအောင်ခြင်းရှစ်ပါး အစရှိသော ဘုန်းကြီးကျောင်းစာများကို သင်ကြားရလေတော့၏။

ထိုအခါ ကျောင်းထိုင်ဘုန်းကြီး ဦးအာလောကသည် မောင်ကြာဖြူလေးအား အခြားသော ကျောင်းသားများထက် သနားကရုဏာပို၍ စာများကို အထူးကြပ်မတ်၍ သင်ပေးလေ၏။

မောင်ကြာဖြူလေးကလည်း အုံ့ဩဖွယ်ကောင်းလောက်အောင် ဉာဏ်ကောင်းလေ၏။ လွှန်စွာလည်းသိတတ်ကာ ပါးရည်နပ်ရည်လည်း ရှိလေ၏။ ထို့ပြင် ကျောင်း၌ အငယ်ဆုံးလေးလည်းဖြစ်ရကား အခြားသော ဦးပဉ္စင်း ကိုရင်များကလည်း ချစ်ကြလေ၏။

သို့သော် တစ်ရက်တွင်မူ မောင်ကြာဖြူလေးသည် ဘုန်းကြီးဦးအာလောက၏ ရိုက်နှက်ဆုံးမခြင်းကို ခံရလေ၏။ အပြစ်မှာကျောင်းရှေ့ရှိ မိုးရည်ခံ စဉ့်အိုးကြီးတစ်လုံးအား ကျောက်တုံးဖြင့်ထုခွဲခဲ့ခြင်းကြောင့်ဖြစ်၏။ ထိုအချိန် ဦးသာဒွန်းသည်လည်း မြေးအား လာကြည့်ချိန်ဖြစ်ရာ ဘုန်းကြီး ဦးအာလောကက. . .

"ဒကာ ဦးသာဒွန်း မြေးကတော့ မလွယ်ဘူး. . အတော်မိုက်တဲ့အကောင့်ပဲ" ဟု မိန့်သည်နှင့် ဦးသာဒွန်းက. . .

"ဘယ်လိုဖြစ်ရတာတုံး ဘုရား" ဟု မေးလျှောက်လိုက်လေ၏။ ထိုအခါ ဘုန်းကြီး ဦးအာလောကက. . .

"ဘယ်လိုဖြစ်ရမလဲ ဒကာ ဦးသာဒွန်းရယ်. . ခင်ဗျားမြေးပေါ့. . အတော်လည်း မိုက်တဲ့အကောင်. . ဟိုစဉ့်အိုးကြီးကို ကျောက်တုံးနဲ့ ထုခွဲပစ်သတဲ့ဗျာ. . ဆော့စရာ ဒီလောက်ရှားလို့. . နာနာလေး ဆုံးမပစ်လိုက်တယ်" ဟု မိန့်လေရာ ဦးသာဒွန်းလည်း မောင်ကြာဖြူအားခေါ်၍ နောက်နောင် ဤကဲ့သို့မလုပ်ရန်ဆုံးမပြောဆိုခဲ့ရလေ၏။ သို့သော် ဦးသာဒွန်း ကျောင်းမှအပြန်၌မူ

ကပ္ပိယကြီး ဦးဖြူသီးက အသာလက်ကုတ်ကာခေါ်လျှက်. . .

"ဦးသာဒွန်းရေ. . ခင်ဗျားမြေးကတော့ 'စံ'ပဲဗျို့"ဟု ပြောသဖြင့်. . .

"စဥ့်အိုးကြီး ခွဲပစ်တဲ့ကိစ္စလား ဦးဖြူသီးရဲ့. . . ဒီကောင် ဘယ်လိုစိတ်ကူးပေါက်သလဲ မသိပါဘူးဗျာ. . ဘုန်းကြီးပြောလို့ ကျုပ်လည်း ဆုံးမခဲ့သေးတယ်"ဟု ဦးသာဒွန်းက ပြောလိုက်လေ၏။

ထိုအခါ ကပ္ပိယကြီး ဦးဖြူသီးက သဘောကျစွာရယ် လျှက်. . .

"မဟုတ်ဘူးဗျ ဦးသာဒွန်းရေ. . ဖြစ်ပုံက ဒီလိုဗျ. . အဲဒီ တုန်းက ကျုပ်က ကျောင်းရှေ့ကွပ်ပျစ်မှာ ထိုင်နေတာဗျ. . ဒီ ကောင်က ကျောင်းသားတွေကန်တဲ့ ကော်ဘောလုံးလေး မြှောက် ကာမြှောက်ကာနဲ့ စဥ့်အိုးတွေနံဘေးမှာ ဆော့နေတာ. . တစ်ချီ တော့ ဒီကောင် မြှောက်လိုက်တာ ဘောလုံးက စဥ့်အိုးတစ်လုံးထဲ ကျသွားပါရောလား. . ကျုပ်က ကြည့်နေတာဗျ. . ဘောလုံး လည်း စဥ့်အိုးထဲကျသွားရော ဒီကောင် သွားကောက်တယ်. . စဥ့်အိုးက ရေမရှိတော့ သူ့အရပ်ကလေးနဲ့ ဘယ်မီမတုံးဗျ. . ဒါပေမယ့် ဒီကောင် နှစ်ခါသုံးခါ ကြိုးစားပြီး ကောက်သေး



တယ်. . နောက်ဆုံး မရတော့မှ ကျုပ်ဘက်ကိုလှမ်းကြည့်တယ်. ကျုပ်လည်း ဒီကောင် ဘယ်လိုလုပ်မလဲဆိုတာ သိချင်တာနဲ့ အသာလေး မသိချင်ယောင်ဆောင်နေလိုက်တယ်ဗျ။ ဒီကောင် အကူအညီတောင်းဖို့ ဟိုကြည့်ဒီကြည့် လုပ်နေသေးတယ်။ ပြီးမှ ဘာမပြောညာမပြောနဲ့ ကျောက်တုံးကြီးကို မနိုင့်တနိုင်မ,ပြီး စဥ့်အိုးကြီးကို တီးထည့်လိုက်တော့တာပဲ. . ဟား. . ဟား. ." ဟု သဘောကျစွာ ရယ်မောလိုက်ပြန်ရာ. .

"ဦးဖြူသီးနှယ်ဗျာ. . မြင်ရင်လည်း တားလိုက်ပါတော့" ဟု ဦးသာဒွန်းက ပြောလိုက်လေ၏။

ထိုအခါ ကပ္ပိယကြီးက. .

"တားတော့ တားမလို့ပဲဗျ. . ဒါပေမယ့် ဒီကောင့်စိတ် ဓာတ်လေးကို အံ့သြနေတာနဲ့ မတားဖြစ်လိုက်တာ. . အခုဖြစ်ပုံ က သာမန်ကြည့်ရင်တော့ ဘာမှမဟုတ်ဘူးဗျ. . ဒါပေမယ့် ကလေးတစ်ယောက်ရဲ့ 'ဇ'နဲ့ စိတ်ဓာတ်ကလေးကို ဒီအဖြစ်အပျက် က ဖော်ပြနေတယ်ဗျ။ ဘာတွေဖော်ပြလိုက်သလဲဆိုတော့. ဒီကောင့် မှာ သူလိုချင်တာကို မဖြစ်ဖြစ်တဲ့နည်းနဲ့ အရယူတတ်တဲ့ စိတ်ဓာတ် နဲ့ သူတစ်ပါးကို အားမကိုးချင်တဲ့ စိတ်ဓာတ်မျိုးရှိတယ်ဆိုတာ

ကို ဖော်ပြနေတယ်‥ ကြည့်လေ‥ စဉ့်အိုးထဲကျသွားတဲ့ ဘောလုံးကို မရနိုင်တဲ့အဆုံး မရရတဲ့နည်းနဲ့ စဉ့်အိုးကြီး ခွဲပစ်လိုက်တာ‥ ပြီးတော့‥ ကျုပ်ကို အကူအညီ လှမ်းတောင်းလည်း ရရက်နဲ့ မတောင်းတာ‥ အခြားကျောင်းသားကလေးတွေဆို သူတို့ ကောက်မရရင် လူကြီးကို ကောက်ခိုင်းမှာပေါ့ဗျ။ နောက်‥ မရရအောင် ကြိုးစားကောက်သေးတာဟာလည်း ဖွဲ့ပဲဗျ‥ နောက်ဆုံး မရမှ ဖွဲ့လျှော့ပြီး တစ်မျိုးတစ်မည်ကြံတာကိုးဗျ။ အခုဟာကလေးဆိုတော့ လူကြီးလိုတော့ စဉ်းစားဉာဏ် ဘယ်ရင့်ဦးပါ့မလဲဗျာ‥ ကလေးဦးနှောက်ရယ်ဟာကိုးဗျ။ ကျုပ်တော့ ဒီကောင့်ကို သဘောကျသွားပြီဗျို့‥ အာဂကောင်လေးပဲ‥”ဟု ပြောပြလိုက်လေရာ ဦးသာဒွန်းမှာ အံ့ဩလျှက်မှ‥

“ခင်ဗျားပြောသလိုဆိုရင်တော့ မလွယ်ဘူးဗျို့‥ ဘာပဲဖြစ်ဖြစ် ငယ်ငယ်လေးနဲ့ ‘မိုက်’ ‘ဇ’ကတော့ မသေးဘူး”ဟု ပြောလိုက်လေတော့၏။

ကပ္ပိယကြီး ဦးဖြူသီးမှာမူ ထိုအဖြစ်အပျက်မှ စတင်၍ မောင်ကြာဖြူလေးအား လွန်စွာမှ သဘောကျ၍သွားလေ၏။ ထို့ကြောင့် အခြားကျောင်းသားများနှင့်မတူဘဲ မောင်ကြာဖြူလေး



ကိုပို၍ ဂရုစိုက်၏။ အစားအသောက် မုန့်ပဲသွားရည်စာများကိုလည်း ကျွေးမွေး၏။ ထို့ကြောင့် မောင်ကြာဖြူလေးသည် ကပ္ပိယကြီး ဦးဖြူသီးအား ကိုရင် ဦးပဉ္စင်းများထက် ပို၍ ခင်မင်လာ၏။ တစ်ရက်တွင်မူ မောင်ကြာဖြူလေးက ကပ္ပိယကြီး ဦးဖြူသီးအား‥

“ကပ္ပိယကြီး‥ ကပ္ပိယကြီးက ကျွန်တော့်ဆို ဆွမ်းဟင်းခွက်ကောင်းတာတွေလည်း ကျွေးတယ်‥ မုန့်တွေလည်း ကျွေးတယ်‥ အဲဒါ ဘာဖြုလို့တုံး”ဟု မေးလေရာ ဦးဖြူသီးကပြုံး၍‥ ‘ချစ်လို့ပေါ့ကွ”ဟု ပြောလိုက်လေ၏။

“ဘာလို့ချစ်ရတာတုံး”ဟု မောင်ကြာဖြူလေးက ထပ်၍ မေးမြန်းလျှင်‥

“မင်းက လိမ္မာလို့ပေါ့ကွ”ဟု ဦးဖြူသီးက ဖြေလိုက်လေ၏။ ထိုအခါ မောင်ကြာဖြူလေးက‥

“ကျွန်တော့်ကို လိမ္မာတယ်လို့ပြောတာ ကပ္ပိယကြီးပဲရှိတယ်‥ အဖေကလည်း ကျွန်တော့်ကို မိုက်တယ်တဲ့‥ ဘုန်းဘုန်းကလည်း မိုက်တယ်တဲ့‥ အားလုံးကလည်း ကျွန်တော့်ကို မိုက်တယ်လို့ချည်း ပြောကြတယ်”ဟု ပြောလိုက်လေရာ‥

"မဟုတ်တာပဲကွာ.. မင်းအဖေက အရက်သမားပဲ. သူပြောချင်ရာ ပြောမှာပေါ့.. ဘုန်းဘုန်းကလည်း မင်း စဉ့်အိုးကြီး ခွဲတုန်းကသာ လူမိုက်လို့ပြောတာ.. အခု မပြောပါဘူးကွာ.. ဒါနဲ့နေစမ်းပါဦး.. မင်းကို ဘယ်သူတွေက မိုက်တယ် ပြောကြလို့တုံး"ဟု ဦးဖြူသီးက မေးလိုက်လေ၏။

"ဟို.. ပေလုံးတို့ ကြွက်နီတို့ ပေတိုးတို့ပေါ့ ကပ္ပိယကြီးရဲ့.. သူတို့ကပြောတယ်.. ကျွန်တော့်အမေဟာ ကျွန်တော့်ကြောင့် သေရတာတဲ့.. အမေသတ်တဲ့ကောင် လူမိုက်တဲ့.. ဒါကြောင့် အဖေကလည်း ကျွန်တော့်ကို မချစ်တာတဲ့."ဟု မောင်ကြာဖြူလေးက ပြောလိုက်လေလျှင် ဦးဖြူသီးမှာ စိတ်မကောင်းဖြစ်၍သွားလျှက်...

"မဟုတ်တာပဲကွာ.. နေဦး ဒီကောင်တွေကို ငါပြောဦးမယ်.. မှတ်ထားကွ လူလေးရ.. ဒီကျောင်းမှာ မင်းလောက် လိမ္မာတဲ့ကောင် တစ်ယောက်မှ မရှိဘူး.. မင့်အမေ သေတာလည်း သူ့ဟာသူ သေရတာပါကွာ.. မင်းနဲ့ ဘာမှမဆိုင်ပါဘူး. နောက်တစ်ခါ မင်းကို ဒီလိုပြောကြရင် ငါ့ကိုလာပြော. ကြားလား.. ဘုန်းကြီးကို လျှောက်ပြီး ဒီကောင်တွေကို ရိုက်ခိုင်းပစ်



မယ်"ဟု ပြောကာ မောင်ကြာဖြူလေး၏ခေါင်းကို ပွတ်သပ်ပေးလိုက်လေ၏။ ထို့နောက် ဦးဖြူသီးသည် သိမ်းထားသော မုန့်ဆီကြော်နှင့် ငှက်ပျောသီးများကို မောင်ကြာဖြူလေးအား ထုတ်၍ကျွေးလိုက်လေတော့၏။

❖ ❖ ❖

# သုတဉာဏ်

## “တလောကြာဖြူ”
## (ဒုတိယပိုင်း)

◆ အဓိကအချက်သာ အရေးကြီးဆုံး
◆ ငွေဆိုတာ ဒုတိယ ဘုရားသခင်
◆ ကွမ်းယာသည် မောင်ကြာဖြူ
◆ အကုသိုလ်ဝင်ပြီ…
◆ ကံဆိုးလွန်းသော ကြာဖြူ…
◆ အသုံးချတဲ့လူအပေါ်မှာသာ မူတည်တယ်
◆ အချုပ်ထောင်ကလွတ်ပြီ…
◆ မွေးစားသား မောင်ကြာဖြူ
◆ တလောကြာဖြူ…

[ဘဝဂမ္ဘီရဝတ္ထု]



## အဓိကအချက်သာ အရေးကြီးဆုံး

မောင်ကြာဖြူကလေးသည် ဘုန်းကြီးကျောင်းသားဘဝဖြင့် နေထိုင်ခဲ့ရလေ၏။ မောင်ကြာဖြူကလေး (၇)နှစ်ပြည့်သောအခါ၌မူ အဖိုးဖြစ်သူ ဦးသာဒွန်းက ဇနီးသည်အား…

“ငွေစိန်ရေ… ငါတို့မြေးကလေး ဒီနှစ်ဆိုရင် (၇)နှစ်ပြည့်ပြီကွ… ဒီအရွယ်ဟာ သက်န်းစည်းရတော့မယ့်အရွယ်ပဲ… ဟိုကောင့်ကိုတော့ ပြောမနေတော့ဘူး… ဒို့ရှိတာလေးနဲ့ သင်္ကန်းစည်းပေးရတော့မှာပဲ”ဟု ပြောကာ ရှိသည့်ငွေလေးဖြင့် သင်္ကန်းပရိက္ခရာတစ်စုံနှင့် ငှက်ပျောအုန်းတစ်ပွဲ ဝယ်ယူကာ ဘုန်းကြီးကျောင်းသို့ သွားလေ၏။ ဘုန်းကြီးကျောင်းသို့ ရောက်လေလျှင် ကျောင်းထိုင်ဘုန်းကြီး ဦးအာလောကအား အကျိုးအကြောင်း

လျှောက်တင်၍ မောင်ကြာဖြူလေးအား သင်္ကန်းစည်းပေးရန် တိုင်ပင်ကြလေ၏။

ထိုအခါ ဘုန်းကြီး ဦးအာလောကကလည်း...

"ကျုပ်တို့ ဗုဒ္ဓဘာသာဝင်တွေအနေနဲ့ သားယောကျ်ားလေးတွေ မွေးဖွားလာရင် သာသနာ့ဘောင် သွတ်သွင်းပြီး သာသနာ့အမွေ ခံယူကြတာ အစဉ်အလာပေပဲ ဒကာ ဦးသာဒွန်းရဲ့... ဘာပဲဖြစ်ဖြစ် အဓိကအချက်ဟာ... ကလေးကို သာသနာ့ဘောင် သွတ်သွင်းပြီး သာသနာ့အမွေ ခံယူနိုင်ဖို့ပဲ မဟုတ်လား... အခုလို သင်္ကန်းပရိက္ခရာတစ်စုံ ပွဲတစ်ပွဲနဲ့လည်း ဖြစ်တာပဲ... အားမငယ်ပါနဲ့"ဟု ဆိုကာ မောင်ကြာဖြူလေးအား သင်္ကန်းတောင်းသင်၍ သင်္ကန်းစည်းပေးလိုက်လေ၏။ ထို့ကြောင့် မောင်ကြာဖြူလေးလည်း ကိုရင်ဘဝသို့ ရောက်ရလေတော့၏။ ထိုအခါ ကိုရင်ဘွဲ့မှာ ရှင်ကေလာသ ဟူ၍ ဖြစ်သော်လည်း အားလုံးမှ ကြာဖြူဟူသော အမည်ကိုပင် အစွဲပြု၍ ကိုရင်ကြာဖြူဟုပင် ခေါ်ကြလေ၏။

သင်္ကန်းစည်းပြီးသည့် ညကမူ ကိုရင်ကြာဖြူက ကပ္ပိယကြီး ဦးဖြူသီးအား...



"ကပ္ပိယကြီးရယ်... တခြားလူတွေ ကိုရင်ဝတ်ကြရင် သူတို့အိမ်တွေမှာ မဏ္ဍပ်ကြီးတွေဆောက် ထမင်းတွေကျွေးကြတယ်... ပြီးတော့ မောင်ရှင်လောင်းလိုဝတ် မြင်းကြီးစီးပြီး ဆိုင်းတွေ ဒိုးပတ်တွေနဲ့ အလှူလှည့်ကြသေးတယ်... ပြီးတော့မှ ကိုရင်ဝတ်ကြတယ် မဟုတ်လား... အခု ကျွန်တော့်ကျတော့ သူတို့လိုလည်း မလုပ်ရဘူး... အဲဒါ ဘာဖြစ်လို့လဲဟင်"ဟု မေးရာ ဦးဖြူသီးမှာ လွန်စွာမှ စိတ်မကောင်းဖြစ်၍သွားရလျှက်...

"ကိုရင်ရယ်... အဲဒါတွေက အပိုအလုပ်တွေ လုပ်ကြတာပဲ... အဓိကက အခုလို ကိုရင်ဝတ်ဖို့ဟာ အဓိကပဲ မဟုတ်လား... ကပ္ပိယကြီး ကိုရင့်ကို ပြောဖူးတယ်လေ... ဘယ်အလုပ်မဆို ဘယ်အရာမဆို 'အဓိက'အချက်သာ 'အရေးကြီးဆုံး'ဆိုတာလေ..."ဟု ပြောလိုက်လေ၏။

ထိုအခါ ကိုရင်ကြာဖြူက ခေတ္တ စဉ်းစားသလိုပြု၍...

"အင်း... ဟုတ်ပါတယ်လေ... ဘာတွေပဲလုပ်ကြ လုပ်ကြ အဓိကအချက်ဟာ... 'ကိုရင်ဝတ်'ရတာပါပဲ"ဟု ရေရွတ်လိုက်လေလျှင်...

"ဒါပဲပေါ့ ကိုရင်ရယ်... နောက်ဆိုလည်း အမြဲတမ်း

သာ ကပ္ပိယကြီး ပြောသလို 'အဓိက'အလုပ်နဲ့ 'အပို'အလုပ်တွေကို ခွဲခြားပြီး မြင်တတ်စမ်းပါ . . လူတွေဟာ 'အဓိက'အလုပ်ထက် 'အပို'အလုပ်တွေကိုပဲ ပိုပြီး လုပ်တတ်ကြတယ် ကိုရင်ရဲ့ . . နောက်တစ်ခု ကိုရင့်ဘဝမှာ အရေးကြီးဆုံး အဓိကအချက်ဟာ ဘာလဲ . . ''ဟု ဦးဖြူသီးက မေးလိုက်လေ၏။

''စိတ်ဓာတ်မကျဖို့ အားမငယ်ဖို့''ဟု ကိုရင်ကြာဖြူက သွက်လက်စွာ ဖြေလိုက်လေ၏။

ထိုအခါ ဦးဖြူသီးက သဘောကျစွာ ရယ်မောလျှက် .

''ဒီအချက်ကို ဘယ်တော့မှ မေ့မသွားနဲ့လေ ကိုရင်ရဲ့ . လူတစ်ယောက်မှာ ဒီ'အဓိကအချက်'ယိုင်နဲ့သွားတာနဲ့ ဘဝပါ ယိုင်လဲသွားလိမ့်မယ် . . ဒီစိတ်ဓာတ်ကျ စိတ်အားငယ်တဲ့ စိတ်မျိုး ဝင်လာရင် မြန်မြန်သာ မောင်းထုတ်ပစ်လိုက် . . အခု ကိုရင့်အနေနဲ့ သူများတွေလို မဏ္ဍပ်ကြီးတွေနဲ့ မောင်ရှင်လောင်းဝတ် မြင်းကြီးစီးပြီး အလှူကြီးမလုပ်နိုင်လည်း ဘာဖြစ်လဲ . . ဘာမှ ဖြစ်မှမသွားဘဲ မဟုတ်ဘူးလား''ဟု အားပေးလိုက်လေတော့၏။

အမှန်လည်း ထိုစဉ် (၇)နှစ်အရွယ် ကိုရင်ကြာဖြူမှာ ကပ္ပိယကြီး ဦးဖြူသီး၏ သွန်သင်ဆုံးမမှုများကြောင့် အရွယ်နှင့် မမျှအောင်ပင် စိတ်ဓာတ်အတွေးအခေါ် အသိကလေးများ ရင့်ကျက်နေခဲ့ပြီဖြစ်ပေ၏။



ဤသို့ဖြင့် မောင်ကြာဖြူလေးသည် ကိုရင်ဘဝသို့ ရောက်ရှိသွားသောအခါ ဆွမ်းခံထွက်ရလေတော့၏။

တစ်ရက်၌မူ ဆွမ်းခံထွက်ရင်းဖြင့် မိမိတို့အိမ်ဘက်သို့ ရောက်ရှိသွားလေ၏။ ဦးသာဒွန်းနှင့် ဒေါ်ငွေစိန်တို့သည် ကိုရင်ကြွလာသဖြင့် ဝမ်းသာအားရဖြင့် နေရာထိုင်ခင်းပေးလျှက် ဆွမ်းများလောင်းလှူလိုက်ကြလေ၏။ ထိုအချိန် ကိုသာရင်မှာလည်း အိမ်တွင် ရှိနေလေရာ ကိုရင်ကြာဖြူမှာ ဖောသွတ်သွတ်ဖြင့် အရက်သမားကြီးပုံဖြစ်နေသော ဖခင်အားကြည့်၍ စိတ်မကောင်းဖြစ်လျှက် . . .

''ဒကာကြီး . . အရက်ကိုလည်း လျှော့သောက်ပါဦး''ဟု ပြောလိုက်လေရာ ထိုအချိန် အရက်မမူးသေးသော ကိုသာရင်က

''ဒကာကြီးဘဝက မထူးတော့ပါဘူး ကိုရင်ရယ် . . ကိုရင့်အပေါ်လည်း ဘာတစ်ခုမှ တာဝန်မကျေနိုင်တော့တဲ့ဘဝမှာ မြန်မြန်သေသွားတာပဲ ကောင်းပါတယ်''ဟု ပြောလိုက်လေ၏။ ထိုအခါ ဦးသာဒွန်းက . .

''မင်း ဒီလိုလည်း အသိသားပဲ''ဟု ဆိုလိုက်လေလျှင် ကိုသာရင်က..

''ကျုပ်မသိလို့မှမဟုတ်ဘဲ အဖေရယ်..သိလွန်းလို့ သောက်နေတာ..မခံစားနိုင်လွန်းလို့ သောက်နေတာ..လူတွေဟာ အရက်သမားဆိုတာနဲ့ လူ့ဝန်းကျင်အောင်က ဖယ်ထုတ်ကြတယ်..အရက်သောက်တာဟာ ကောင်းတယ်လို့တော့ ကျွန်တော် မပြောလိုပါဘူး..ဒါပေမယ့် အရက်သမားဆိုတိုင်း အရက်သမားချင်းတော့ မတူဘူး အဖေ''ဟု ပြောလိုက်လေ၏။

ထိုအခါ ဒေါ်ငွေစိန်က သားဖြစ်သူအား မျက်စောင်းထိုးလိုက်လျှက်..

''အံမယ်..ကြီးကြီးကျယ်ကျယ် အရက်သမားဟာ အရက်သမားပဲပေါ့..ဘာတွေထူးလို့တုံး''ဟု ဆိုလိုက်လေလျှင် ကိုသာရင်က..,

''ထူးတာတွေကို ဘယ်သူမှ မသိဘူး အမေ..အရက်သမားတွေရင်ထဲကပဲ သိကြတယ်..ဒါပေမယ့် တစ်ခုတော့ ကျွန်တော် လက်ခံပါတယ်..အရက်ကို စွဲစွဲမြဲမြဲ သောက်တယ်ဆိုတာ ကောင်းတဲ့အလုပ် မဟုတ်ပါဘူး''ဟု ပြောကာ ကိုရင်



ကြာဖြူအား..

''ကဲ ကိုရင်..အရက်သမား ဒကာကြီးကို ခွင့်ပြုဦး''ဟု ဆိုလျှက် အရက်ဆိုင်ဘက်သို့ ထွက်ခွာ၍သွားလေတော့၏။ ကိုရင်ကြာဖြူသည် ဖခင် အရက်သမားကြီးကို ငေးကြည့်ရင်း.

''ဘာပဲဖြစ်ဖြစ် အရက်နဲ့ဘဝကို ဖြေသိမ့်တာဟာ စိတ်ဓာတ်ပျော့ညံ့ခြင်းတစ်မျိုးပါပဲ ဒကာကြီးရယ်''ဟု စိတ်ထဲမှ ပြောလိုက်မိလေ၏။ ထို့နောက် အဘိုးနှင့်အဘွားဖြစ်သူအား..

''ဒကာကြီးနဲ့ ဒကာမကြီးတို့လည်း ကိုရင့်အတွက် ဘာမှ စိတ်မပူကြပါနဲ့..ကျောင်းမှာ အစစအရာရာ ပြေလည်ပါတယ်''ဟု ပြောဆိုလျှက် ကျောင်းသို့ ပြန်ကြွခဲ့လေတော့ရာ ဦးသာဒွန်းက

''တရားသဘောတွေကို မသိလို့တော့ မဟုတ်ပါဘူး ငွေစိန်ရယ်..ဒါပေမယ့် ငါ့မြေးလေးဘဝကို ပြန်စဉ်းစားမိတိုင်း ငါ့ရင်ထဲမှာ အခုချိန်ထိမချိလှဘူး''ဟု လေးလေးတွဲတွဲကြီး ပြောလိုက်လေတော့၏။

ဤသို့ဖြင့် မောင်ကြာဖြူလေးသည် ဘုန်းကြီး ဦးအာလောက ကျောင်း၌ ကိုရင်ဘဝဖြင့် ဆက်လက်နေထိုင်ရင်း (၆)နှစ်ဟူသော ကာလသည် လွန်မြောက်၍သွားလေ၏။

ထိုအချိန်၌ ကိုရင်ကြာဖြူမှာ အသက်(၁၃)နှစ်အရွယ်သို့ ရောက်လာပြီဖြစ်သကဲ့သို့ အဘိုးကြီး အဘွားကြီးများဖြစ်ကြသော ဦးသာဒွန်းနှင့် ဒေါ်ငွေစိန်တို့မှာလည်း အသက်ကြီးရောဂါဖြင့် အသီးသီး ကွယ်လွန်ခဲ့ကြပြီးဖြစ်တော့၏။ ထိုအချိန် ကိုသာရင်မှာလည်း ယစ်ထုပ်ကြီးဘဝနှင့် ကိုယ်တစ်ခြမ်း လေဖြန်းကာ ဒုက္ခိတကြီးဘဝသို့ ရောက်ရှိနေလေ၏။

ထို့ကြောင့် များမကြာမီ ကိုရင်ကြာဖြူမှာ ဒုက္ခိတဖခင်ကြီးကို ငဲ့ညှာလျက် လူထွက်ရတော့မည့်အခြေအနေမျိုးသို့ ရောက်ရှိလာလေတော့၏။

ထိုအခါ ကပ္ပိယကြီး ဦးဖြူသီးက..

"အေးပေါ့လကွာ.. သူ့ဘာပဲဖြစ်ခဲ့ဖြစ်ခဲ့ ဖခင်ဟာ ဖခင်ပါပဲ.. သားသမီးတစ်ယောက်အနေနဲ့ အခုလိုအချိန်မျိုးမှာ တစ်ယောက်တည်း ပစ်ထားလို့တော့ မသင့်တော့ဘူး.. ဒီတော့ ကိုရင်အနေနဲ့ လူထွက်တာသင့်တော်ပါတယ်"ဟု ပြောလေရာ ကိုရင်ကြာဖြူကလည်း..

"ကျုပ်အနေနဲ့လည်း ဖြစ်နိုင်ရင်တော့ မထွက်ချင်ပါဘူး.. ဒါပေမယ့် ကပ္ပိယကြီးရယ်.. ကျုပ်မှ လူမထွက်ရင်



ဒကာကြီးကို ဘယ်သူမှ လုပ်ကိုင်ကျွေးမွေးမယ့်သူ မရှိတော့ဘူး.. အခုဆို ကပ္ပိယကြီးလည်း သိတဲ့အတိုင်း ဒကာကြီးဘဝက ဒုက္ခိတဘဝ ရောက်နေပြီ.. ဒီတော့ ကျုပ် လူထွက်မှကို ဖြစ်တော့မယ်"ဟု ဆုံးဖြတ်ပြီးသော လေသံမျိုးဖြင့် ပြောလိုက်လေ၏။

ဤသို့ဖြင့် များမကြာမီ ကိုရင်ကြာဖြူသည် ကျောင်းထိုင်ဘုန်းကြီး ဦးအာလောကထံ ခွင့်ပန်လျှောက်ထား၍ လူဝတ်လဲလိုက်လေ၏။ ဘုန်းကြီး ဦးအာလောကကလည်း..

"အိမ်း.. လူရယ်လို့ဖြစ်လာခဲ့ပြီးမှ မင်းတို့ငါတို့ အမှန်တကယ် ရခဲ့တဲ့အရာဟာ 'ဒုက္ခ'ကိုးကွဲ့.. နိဗ္ဗာန်မရောက်မီစပ်ကြားတော့ ဒီဒုက္ခတွေနဲ့ပဲ လည့်ပေဦးတော့.. ဒါပေမယ့် လူမှုနယ်ပယ်ရောက်လို့ တရားလက်လွှတ်တော့ မဖြစ်စေနဲ့.. အတတ်နိုင်ဆုံးတော့ လူ့ကျင့်ဝတ်တွေ စောင့်ထိန်းပြီး သမ္မာအာဇီဝအလုပ်တွေနဲ့ပဲ အသက်မွေးပေတော့ ငါ့တပည့်"ဟု တိုတိုတုတ်တုတ် ဆုံးမလွှတ်လိုက်လေ၏။

ကပ္ပိယကြီး ဦးဖြူသီးကမူ..

"ဒါဟာလည်း အဆန်းတော့ မဟုတ်ပါဘူးကွာ. ဘုန်းကြီးကျောင်းရောက်ပေော့ ဘုန်းကြီးကျောင်းသား.. ကိုရင်ဝတ်

တော့ ကိုရင်ပေါ့ကွာ. . . အခု လူထွက်လိုက်ပြန်တော့လည်း လူပေါ့ကွာ. . . ရုပ်သေးဇာတ်ပွဲတစ်ခုထဲက ဇာတ်ထုပ်လေးတွေ က,သလိုပေါ့. . . ဇော်ဖြစ်တော့လည်း ဇော်က,ကလိုက်. . . မျောက် ဖြစ်တော့လည်း မျောက်က,ကလိုက်. . . ဘီလူးဆိုတော့လည်း ဘီလူးက,ကရတာပဲကွ. . . တကယ်တော့ လူ့ဘဝဆိုတာ ဝစ်ခန်း ရုပ်ဇာတ်ကွက်ကလေးတွေနဲ့ ဖွဲ့စည်းထားတဲ့ ပြဇာတ်ကြီးတစ်ပုဒ် ပါ မောင်ကြာဖြူရယ်. . . နောက်ဆုံး ပြဇာတ်ကြီး ပြီးသွားတော့ လည်း ဘာမှမဟုတ်ကြရှာဘူး. . . ဒါပေမယ့် အဲဒီ ဘာမှမဟုတ် တဲ့ ဘဝပြဇာတ်ကြီးကိုပဲ လူရယ်လို့ဖြစ်လာရင် 'က'ကို'က'ရမှာ ပဲ. . . အဲဒီမှာ 'အဓိက'ကတော့ ကျရာအခန်းမှာ တာဝန်ကျေဖို့ ပဲပေါ့. . . မင်းကိုတော့ ငါယုံပါတယ် မောင်ကြာဖြူ. . . အခု မင်း'က'ရတော့မယ့် လူ့ဘဝပြဇာတ်ကြီးထဲက အတွေ့အကြုံ တွေကို ယူပေဦးတော့. . . တစ်ချိန်မှာ အဲဒီအတွေ့အကြုံတွေဟာ မင်းရဲ့ အကောင်းဆုံးဆရာတွေ ဖြစ်လာပါလိမ့်မယ်''ဟု ဆုံးမ လေ၏။ မောင်ကြာဖြူလည်း ကပ္ပိယကြီး ဦးဖြူသီးကို နှုတ်ဆက် ၍. . .

''ကျုပ် ဘာကိုမှ စိတ်မကောင်းမဖြစ်ပါဘူး. . . တစ်ခု



သာ ကပ္ပိယကြီးနဲ့ ခွဲရမှာ စိတ်ထဲမကောင်းလှဘူး''ဟု ပြောလိုက် လေရာ ဦးဖြူသီးက မောင်ကြာဖြူ၏ ပခုံးကိုဖက်လျှက်. . .

''မင်းအနေနဲ့ အခုလောလောဆယ် ဒီမြို့ကလေးမှာပဲ ရှိနေဦးမှာပါကွာ. . . ငါနဲ့ လုံးလုံးကြီး ခွဲသွားရတာမျိုး မဟုတ် သေးပါဘူး. . . ငါလည်း မင်းဆီ မကြာမကြာ လာခဲ့မှာပေါ့. . . မင်းလည်း အားတဲ့အခါ ကျောင်းကို' လာလို့ရတာပဲ. . . စိတ် မကောင်းမဖြစ်ပါနဲ့ကွာ''ဟု အားပေးလိုက်လေတော့၏။ ထို နောက်မှ ဦးဖြူသီးက ရုတ်တရက်. . .

''ဒါနဲ့. . . မင်းဘဝမှာ အရေးကြီးဆုံး အဓိကအချက်ဟာ ဘာလဲ မောင်ကြာဖြူ''ဟု မေးလိုက်လေရာ မောင်ကြာဖြူက ပြုံး၍. . .

''ဒါကိုတော့ ကျွန်တော့်တစ်သက် ဘယ်တော့မှ မမေ့ ပါဘူး ကပ္ပိယကြီးရာ. . . ကျွန်တော့်ဘဝအတွက် အရေးကြီးဆုံး အဓိကအချက်ဟာ စိတ်ဓာတ်မကျဖို့ စိတ်အားမငယ်ဖို့''ဟု ပြော လိုက်လေတော့သတည်း။ ။

❖❖❖

## ငွေဆိုတာ ဒုတိယဘုရားသခင်

မောင်ကြာဖြူသည် ကိုရင်လူထွက်ပြီးနောက် အရက်သမားဒုက္ခိတ ဖခင်ကြီးအတွက် ပန်းရံအလုပ်ကြမ်းအလုပ်များကို စတင်လုပ်ကိုင်ခဲ့ရလေတော့၏။ ကိုရင်လူထွက်ဖြစ်၍ စလုပ်စဉ်က သေချင်လောက်အောင် ပင်ပန်းဆင်းရဲလေ၏။ သို့သော် မောင်ကြာဖြူသည် အရွယ်နှင့်မမျှအောင် ခံနိုင်ရည်ဖွဲ့ရှိသူတစ်ယောက် ဖြစ်လေရာ များမကြာမီ ပန်းရံခေါင်းဆောင်ဆရာမှပင် သဘောကျအောင် လုပ်နိုင်ခဲ့လေ၏။

မောင်ကြာဖြူတို့ ပန်းရံခေါင်းဆောင်မှာ ကိုမြဆောင်ဆိုသူ ဖြစ်လေ၏။ ၎င်းက. .

"ငါကြားဖူးတာတော့ ဘုန်းကြီးလူထွက်၊ ကျောင်းဆရာ



လူထွက်၊ စစ်သားလူထွက် လက်ကြောမတင်းဘူးလို့ ကြားဖူးတာ. . ကြာဖြူလိုကောင်မျိုးတော့ ဘယ်လိုပြောမလဲ. လက်ကြောတင်းလိုက်သမှ ဆိုတာလည်း လူပုံနဲ့ကို မလိုက်ဘူး"ဟု အလုပ်လုပ်နေသော ကြာဖြူကိုကြည့်၍ ပြောလိုက်လေရာ ကိုလှဦးဆိုသူ ပန်းရံနောက်လိုက်တစ်ယောက်က. .

"ကြာဖြူက ဆရာမြဆောင် ပြောသလို ဘုန်းကြီးလူထွက်မှ မဟုတ်တာ. . ကိုရင်လူထွက်ပဲ. . အဲဒီစကားထဲမှာ သူမပါဘူး"ဟု ပြောလိုက်လေ၏။

ကိုလှဦး၏စကားကြောင့် ပန်းရံအဖွဲ့မှာ ဝါးခနဲ ပွဲကျ၍ သွားကြရလေ၏။

ကြာဖြူမှာ အသက်ငယ်သော်လည်း အလုပ်ကို မခိုမကပ်ဘဲ ကြိုးစား၍ လုပ်ကိုင်လေ၏။ ထို့ကြောင့် ပန်းရံဆရာခေါင်းဆောင် ကိုမြဆောင်မှစ၍ အလုပ်သမားတိုင်းသည် ကြာဖြူအားချစ်ခင်ကြလေ၏။ နေ့စားခကိုလည်း လူကြီးခပင် ပေးကြလေ၏။

ကြာဖြူသည် ရသည့်နေ့စားခဖြင့် အိမ်အတွက် ဆန်ဆီဆား ဟင်းချက်စရာအပြင် ဖခင်ကြီးအတွက် အရက်တစ်လုံးဖိုးပါ နေ့စဉ်ပါအောင် ဝယ်ရလေ၏။ အိမ်ရောက်လျှင်လည်း ကိုယ်တိုင်

ပင် ချက်ပြုတ်ရ၏။ လျှော်စရာ အဝတ်များကိုလည်း ကိုယ်တိုင်ပင် လျှော်ဖွပ်ရ၏။ ကိုသာရင်မှာမူ လေဖြန်းနေသည့်အထဲ အချိန်ပြည့် မူး၍သာနေလေ၏။ ထို့အပြင် တစ်ခါတရံ အမူးလွန်လျှင် ကြာဖြူအား မာန်မဲဆူဆဲခြင်းများပါ ပြုတတ်သေးလေရာ ပတ်ဝန်းကျင်မှ ကြာဖြူအပေါ် ပို၍ပင် သနားခြင်းဖြစ်ကြရလေ၏။

ကြာဖြူသည် ကိုရင်လူထွက်ပီပီ အပြောအဆို အနေအထိုင်လည်း ချိုသာယဉ်ကျေးလေ၏။ ကြာဖြူ ဟူသော နာမည်နှင့်လိုက်အောင် စိတ်သဘောထားမှာလည်း လွန်စွာမှ ဖြူစင်လေ၏။

ဤသို့ဖြင့် ကြာဖြူသည် ပန်းရံအလုပ်အပြင် အခြားအခြားသော လက်သမားလုပ်ကြမ်းအလုပ်၊ ကုန်ထမ်းသည့်အလုပ်များကိုပါ ရရာလုပ်ကိုင်၍ ဖခင်အရက်သမား ဒုက္ခတကြီးအား ငြိုငြင်ခြင်းမရှိဘဲ လုပ်ကိုင်ကျွေးမွေးလျှက် (၁၈)နှစ်အရွယ် လူလားမြောက်သောအရွယ်သို့ ရောက်လာခဲ့တော့၏။

ထိုအခါ ကြာဖြူသည် ပီဘိအရွယ်ရောက်လာသော လူငယ်တစ်ဦး ဖြစ်၍လာပေရာ မနိမ့်မမြင့် အရပ်အမောင်း အချိုးကျ ကျစ်လစ်သော ကိုယ်ခန္ဓာနှင့် ရုပ်ရည်မှာလည်း လူချော



လူလှဟု မဆိုနိုင်စေကာမူ ယောကျ်ားပီသသည့် လွန်စွာမှ ကြည့်ရှု၍ကောင်းသော မျက်နှာပေါက်နှင့် လူခန့်ချောတစ်ယောက် ဖြစ်၍လာခဲ့ပေ၏။

တစ်ရက်၌မူ ကြာဖြူသည် အလုပ်အားသဖြင့် မရောက်တာကြာပြီဖြစ်သော ဘုန်းကြီး ဦးအာလောက ကျောင်းသို့သွားရောက်ကာ ဘုန်းကြီးအား မုန့်ထုပ်တစ်ထုပ်ဖြင့် ကန်တော့လေ၏။ ကျောင်းထိုင်ဘုန်းကြီး ဦးအာလောကမှာ အတော်ပင် သက်တော်ကြီးရင့်နေပြီဖြစ်၍ မျက်လုံးများ မကောင်းတော့ပေ။ ထို့ကြောင့်..

"ဘယ်သူတုံးဟဲ့"ဟု မေးရာ ကြာဖြူက..

"မှန်ပါ..တပည့်တော် ဘဘုန်းရဲ့တပည့် ကြာဖြူပါဘုရား"ဟု လျှောက်လိုက်လေ၏။

ထိုအခါ ဘုန်းကြီးအိုကြီးက ကြာဖြူအား သေချာစွာကြည့်ရှု၍..

"အင်း..နင်တောင် ဒီအရွယ် ရောက်လာပြီကိုး"ဟု ဆိုကာ သာကြောင်း မာကြောင်းများ မေးမြန်းလျှက် ဆုံးမစကားများ ပြောကြားလေ၏။ ကြာဖြူလည်း သေချာစွာ နားထောင်နာခံလျှက် ဘုန်းကြီးအိုကြီး မေးသမျှကို သင့်တင့်လျောက်ပတ်

စွာ ပြန်လည်ဖြေကြား၍ ကန်တော့ဝတ်ဖြည့်လေ၏။ ပြီးလျှင် ကပ္ပိယကြီး ဦးဖြူသီး နေထိုင်ရာ ဆွမ်းစားဆောင်အနီးရှိ ကျောင်းကလေးသို့ သွားရောက်လေ၏။ ထိုအချိန် ဦးဖြူသီးသည် စာအုပ်ထူကြီးတစ်အုပ်ကို ဖတ်လျှက်ရှိကာ ကြာဖြူအား မြင်လေလျှင်...

"အလို... မောင်ကြာဖြူပါလားဟေ့... မင်းကွာ.. ကျောင်းကိုတောင် မရောက်တာ အတော်ကြာနေမှပဲ.. ကြည့်ရတာ လောကဇာတ်ခုံကြီးပေါ်မှာ ကကြိုးတွေနဲ့ ရှုပ်နေပြီနဲ့တူတယ် ဟုတ်လား.."ဟု နှုတ်ဆက်လိုက်လေ၏။ ကြာဖြူလည်း..

"အစစ်ပေါ့ ကပ္ပိယကြီးရယ်.. ဒါပေမယ့် လူကသာ မရောက်ပေမယ့် စိတ်ကတော့ အမြဲရောက်နေပါတယ် ကပ္ပိယကြီးရယ်"ဟု ပြန်လည်ပြောဆိုလျှက် ကပ္ပိယကြီးအတွက် ဝယ်လာခဲ့သော ပုဆိုးတစ်ကွင်းကိုပေးကာ ဦးစွာ ဦးချကန်တော့လိုက်လေ၏။

ထိုအခါ ဦးဖြူသီးက ကြာဖြူ ကန်တော့သော ပုဆိုးကို ကြည့်ရှုလျှက်...

"အခုလို ကျေးဇူးသိတတ်ပြီး သက်ကြီးဝါကြီးတွေကို



ကန်တော့တာတော့ မင်္ဂလာတစ်ပါးပါပဲကွာ.. ဒါပေမယ့် ငါ့အတွက်တော့ ဒါတွေမလိုပါဘူး.. နောက်ဝယ်မလာပါနဲ့ကွာ" ဟု ပြောကာ ကြောင်အိမ်လေးထဲမှ မုန့်ဆီကြော်နှင့် ငှက်ပျောသီးများကို ချ၍ညှော်ခံလိုက်လေ၏။

ကြာဖြူက မုန့်ဆီကြော်နှင့် ငှက်ပျောသီးများကို အားပါးတရ စားရင်းမှ...

"အခုချိန်ထိ ကျွန်တော် ကပ္ပိယကြီးကျွေးတဲ့ ဒီမုန့်ဆီကြော်နဲ့ ငှက်ပျောသီး အရသာတွေကို မမေ့သေးဘူး.. အခုလည်း သိပ်စားလို့ကောင်းတာပဲ"ဟု ဆိုလိုက်လေရာ.. ကပ္ပိယကြီးက နှစ်ခြိုက်စွာပြုံး၍...

"မုန့်ဆီကြော်နဲ့ ငှက်ပျောသီး အရသာတွေ မမေ့သလို.. ငါဆုံးမခဲ့တဲ့ စကားတွေကိုလည်း မင်းအနေနဲ့ မမေ့ဖို့လိုတယ်ကွ" ဟု ပြောလိုက်လေ၏။

"အားလုံးကို မမေ့ပါဘူး ကပ္ပိယကြီးရယ်.. ကျွန်တော့်ဘဝမှာ ပထမဦးဆုံးသော လက်ဦးဆရာဟာ ကပ္ပိယကြီးပါ.. ကပ္ပိယကြီး ဆုံးမခဲ့တာကြောင့်လည်း ကျွန်တော့်အနေနဲ့ လူ့လောကထဲကို ရောက်သွားပေမယ့်လည်း ဘာအလုပ်ပဲလုပ်လုပ် အဓိက

အချက်ကို မြင်တတ်တဲ့အတွက် အစစအရာရာ အဆင်ပြေခဲ့တယ်.. ကပ္ပိယကြီးရဲ့ကျေးဇူးကို ကျွန်တော့်တစ်သက် မမေ့ပါဘူး''ဟု ကြာဖြူက ပြောလိုက်လေ၏။

''ဝမ်းသာပါတယ်ကွာ.. မင်းဆီက ဒီလိုစကားမျိုး ကြားရတဲ့အတွက်.. ဒါနဲ့..အခုဆို မင်းဟာ အရွယ်ရောက်တဲ့ လူတစ်ယောက် ဖြစ်လာပြီကွ.. ဒီတော့ ဘဝအတွက် အသုံးကျမယ့် ပညာရပ်တစ်ခုခုတော့ တတ်ထားမှဖြစ်မယ်.. လောကကြီးထဲမှာ ဘာပဲဖြစ်ဖြစ် ပညာ၊ ဥစ္စာ၊ ရာထူး တစ်ခုခုတော့ ရှိမှကွ.. ဒါမှမဟုတ်ရင် သိပ်ပြီးပင်ပန်းဆင်းရဲတယ်.. မင်းအနေနဲ့ကတော့ အတန်းကျောင်း မနေခဲ့ရတဲ့အတွက် ပညာနဲ့ ရာထူးတော့ ရှိမှာမဟုတ်တော့ဘူး.. ဥစ္စာရှိအောင်ပဲ ကြိုးစားမှ ဖြစ်တော့မယ်''ဟု ကပ္ပိယကြီးက ပြောလိုက်လေ၏။

“ပိုက်ဆံတော့ ရှိချင်တာပေါ့ ကပ္ပိယကြီးရယ်.. ဘယ်လိုလုပ်ရမလဲ”ဟု ကြာဖြူက စိတ်တက်သန်စွာ မေးလိုက်လေလျှင်

“ရှိအောင်ရှာရမှာပေါ့ကွ..‘ပရိယေသန ပဋ္ဌိစ္စလာဘော’ တဲ့.. ပရိယေသန ဝမ်းစာအတွက် ပိုက်ဆံတော့ ရှာရမှာပဲ.. ရှာရင် လာဘောဆိုတဲ့ ပစ္စည်းဥစ္စာ ရမှာပဲ.. ဒါပေမယ့် ရှာပုံ



ရှာနည်းကတော့ အရေးကြီးတာပေါ့ကွာ.. လူတိုင်း ပိုက်ဆံရှာနေကြတာပဲ.. ရှာတိုင်း ကိုယ်ရချင်သလောက် ရကြလို့လား.. နောက်.. ခေတ်ကာလကြီးက ရှိသေးတယ်ကွ.. ‘စုစုဆောင်းဆောင်း သူဌေးလောင်း’ဆိုတာမျိုးတွေက အခုခေတ်နဲ့ သိပ်အံမဝင်တော့ဘူးကွ.. ရှေးတုန်းကတော့ ဟုတ်တာပေါ့ကွာ.. ရှာလို့ရသမျှကို သုံးပုံခွဲ.. တစ်ပုံကိုစား၊ တစ်ပုံကိုလှူ၊ တစ်ပုံကိုစုဆိုတာလေကွာ.. အခုခေတ်ထဲမှာကျတော့ ဒီလိုလုပ်နိုင်ဖို့ မလွယ်တော့ဘူးကွ.. အခု မင်းပဲကြည့်.. တစ်နေ့ရှာလို့ရတဲ့ လုပ်အားခနဲ့ ဝယ်စားရတဲ့ ဆန်တစ်ပြည်ဈေးနှုန်း တွက်ကြည့်လေကွာ.. စားဖို့လောက်ပဲရှိတဲ့ဟာ.. ဝတ်ဖို့ နေဖို့ ဆိုတာတွေတောင် အဝေးကြီး.. ဒီတော့ ရသမျှလေးထဲက အငတ်ခံစုဦး.. သူဌေးဖြစ်နိုင်ဖို့ လုံးဝကို မဖြစ်နိုင်တော့ဘူးကွ.. အဲဒီအတွေး စုဆောင်းပြီး သူဌေးဖြစ်အောင်လုပ်တဲ့ စနစ်ဟောင်းကြီးကို ဦးနှောက်ထဲက ထုတ်ပစ်လိုက်တော့ကွ.. လုံးဝ အသုံးမဝင်တော့ဘူး''ဟု ကပ္ပိယကြီး ဦးဖြူသီးက ပြောလိုက်လေ၏။

“ဒါဖြင့်.. သူဌေးဖြစ်အောင် ဘယ်လိုလုပ်ရမလဲ ကပ္ပိယကြီးရယ်..''ဟု ကြာဖြူက မေးလိုက်ပြန်လေလျှင်..

"အခုခေတ် အတိုင်းအတာနဲ့ ပြောရရင်တော့.. လုံလောက်တဲ့အရင်းအနှီး မရှိဘဲ သူဌေးဖြစ်နိုင်ဖို့ မလွယ်ဘူးကွ.. အဲဒီတော့ သူဌေးဖြစ်ဖို့ ဆိုတာထက် လုံလောက်တဲ့ အရင်းအနှီး ရနိုင်ဖို့ပဲ အရင်ကြိုးစားရဦးမယ်ကွ.. ဒီအဆင့်နဲ့တင် လူတွေ တွင်းထဲကကို မတက်နိုင်ကြဘူး ကြာဖြူရေ.. အများအားဖြင့် ရှာလိုက်သုံးလိုက် စားလိုက် ကုန်လိုက် ရှာလိုက်နဲ့ လည်နေကြတာ အများဆုံးပဲ.. နောက်.. ကြိုးစားရှာဖွေရမယ်ဆိုတဲ့ စနစ်ကလည်း ရာနှုန်းပြည့် မမှန်တော့ဘူးကွ.. ငါဒီလိုပြောလိုက်တော့ မင်းနားထဲမှာ တစ်မျိုးကြီး ဖြစ်နေမှာပဲ.. ဒီလိုကွ.. ဥပမာကွာ.. အခု မင်းလို နေ့စားလက်လုပ်လက်စား အလုပ်ကြမ်းအလုပ်သမားတစ်ယောက်အနေနဲ့ မနက်(၈)နာရီအလုပ်ဝင် ညနေ(၅)နာရီ အလုပ်သိမ်း.. ဒီအတောအတွင်း မင်းဘယ်လောက် ကြိုးစားကြိုးစား တစ်နေ့ လုပ်အားခအပြင် ပိုမရနိုင်ဘူး.. ထားကွာ.. ကြိုးစားလို့ အလုပ်သိမ်းပြီး ညပိုင်း အလုပ်တစ်ခုခုထပ်လုပ်၊ ညဘက် ဆိုက်ကားနင်း၊ စားပွဲထိုးလုပ် ကြိုက်ရာလုပ်ကွာ.. ပိုရလာမယ့်ဝင်ငွေဟာ ဘယ်လိုမှ မပြောပလောက်ဘူး.. အဲဒီမှာ မတော်လို့ လူပင်ပန်းပြီး ကျန်းမာရေး ဖောက်



လာရင် (၁၀)ရက်စာ ရှာတာဟာ တစ်ရက် ဆေးခန်းသွား ဆေးကုရတာမျိုးနဲ့ ကုန်ပြန်ရောကွ.. ဒီတော့ ကြိုးစားလုပ်တိုင်းလည်း သူဌေးမဖြစ်နိုင်တော့ဘူး.. လုံလောက်တဲ့ အရင်းအနှီး မရှိဘဲ မဖြစ်နိုင်တော့တာကွ.."ဟု ဦးဖြူသီးက ပြောလိုက်ပြန်လေ၏။ ထိုအခါ ဦးဖြူသီးက..

"ကဗ္ဗိယကြီးဆိုလိုတာ.. ရှေးတုန်းကလို သာမန်လက်လုပ်လက်စား ဘဝမျိုးကနေ သူဌေးဖြစ်အောင် ကြိုးစားနိုင်ဖို့ အခုခေတ်ထဲမှာ မဖြစ်နိုင်တော့ဘူးလို့ ဆိုလိုတာပေါ့"ဟု ဆိုလိုက်လေရာ ဦးဖြူသီးက..

"အမှန်ပေါ့ကွာ.. အဲဒါ အမှန်ပဲ မောင်ကြာဖြူရေ.. နောက်တစ်ခုက အခုခေတ်ထဲမှာ ဘယ်အရာဟာ အဓိကလည်း ဆိုတာကြည့်.. ငွေက အဓိကနေရာမှာ ရှိနေတယ်ကွ.. ငွေမရှိရင် ဘာမှကို လုပ်လို့မရဘူး.. နောက်ဆုံး လူဖြစ်လာဖို့ ဆိုတာတောင် ငွေမရှိရင် မသေချာတော့တဲ့ ခေတ်ကြီးကွ.. ငွေရှိမှ ဗိုက်အပ်တာတို့ ဓာတ်မှန်ရိုက်တာတို့ ဆေးရုံတက်မွေးရတာတို့ လုပ်နိုင်တာကိုးကွ.. ငွေမရှိလို့ အရပ်လက်သည်နဲ့ မွေးလို့ကတော့ ဘယ်မှာလူဖြစ်ဖို့ သေချာပါတော့မလဲကွာ.. ဒါ

တောင် လက်သည်ခလောက် ရှိဦးမှနေ့ . . ဒီတော့ ငွေဟာ လူတစ်ယောက် ဖြစ်ပြီဆိုတာနဲ့ စ,ပြီး အရေးပါတော့တဲ့အရာပဲ . နောက် လူဖြစ်ပြီး လူ့လောကကြီးထဲမှာ နေရပြန်တော့လည်း ‘ငွေ’မရှိဘဲနဲ့ မဖြစ်ပြန်ဘူး . . နောက်ဆုံးကွာ . . သေတဲ့အထိ ‘ငွေ’မပါလို့ကို မဖြစ်ဘူးကွ . . ဒီတော့ ငါကတော့ မွေးတော့လည်း ‘ငွေ’ နေတော့လည်း ‘ငွေ’ သေတော့လည်း ‘ငွေ’လို့ ဆိုလိုက်ချင်တယ် . . ’’ဟု ပြောလိုက်လေ၏။

‘‘ဒါပေမယ့် ကပ္ပိယကြီးရယ် . . လောကကြီးထဲမှာ ငွေနဲ့ပေးဝယ်လို့ မရနိုင်တာတွေလည်း ရှိတာပဲ’’ဟု ကြာဖြူက ပြောလိုက်လေရာ . .

‘‘မှန်ပါတယ် . . မင်းပြောသလို လောကကြီးထဲမှာ ငွေနဲ့ပေးဝယ်လို့ မရနိုင်တဲ့အရာတွေ အများကြီးရှိပါတယ် . . ဒါပေမယ့် လူတစ်ယောက်ရဲ့ လက်တွေ့ရှင်သန်ရှန်းကန်နေရတဲ့ဘဝမှာ ‘အဲဒီငွေနဲ့ ပေးဝယ်လို့မရနိုင်တဲ့ အရာတွေ’ထက် . ‘ငွေမရှိရင် မရနိုင်တဲ့အရာတွေ’က လက်တွေ့ဘဝမှာ ပိုပြီးအရေးကြီးနေကြတယ်ကွ . . နောက်ဆုံးကါ . . စကားပုံတစ်ခု ရှိပါတယ် . . ‘ပညာရွှေအိုး လူမခိုး’တဲ့ . . လက်တွေ့ဘဝတွေမှာတော့ ငွေနဲ့



ပေါက်လို့ ရွှေအိုးတွေ မှောက်နေကြတာ အနန္တကွ . . ဘဝတွေ ဖောက်ထိုးမိုးမျှော်နဲ့ ပညာတစ်ခုတည်းနဲ့ ဘာမှ အသုံးမဝင်ဖြစ် နေရှာကြတဲ့ လူဆင်းရဲ ပညာတတ်တွေ လောကမှာ ရိုက်သတ် လို့တောင် မကုန်ပါဘူးကွာ . . ဒါကြောင့် ငွေဟာ ဒုတိယဘုရား သခင်လို့ ပြောတဲ့စကားဟာ မလွန်ပါဘူးကွာ . . အခုခေတ်ဟာ မဟော်သဓာတို့ခေတ်မှ မဟုတ်ဘဲကွ . . သူတို့ခေတ်ကတော့ ‘ဥစ္စာ’နဲ့ ‘ပညာ’မှာ ‘ပညာ’သာ အဓိက ကျချင်ကျလိမ့်မယ် . အခုခေတ်ထဲမှာကတော့ ‘ဥစ္စာ’သာ အဓိကကျတယ်ဟေ့ . ငါ ဒီလိုပြောလို့ . ‘လူမိုက်’လို့ ပြောချင်ပြောကြပါစေ . . ဘာပဲပြော ပြော အခုချိန်မှာ ဒါဟာ ‘အမှန်တရား’ပဲ . . တကယ်တော့ အမှန်တရားဆိုတာမျိုးကလည်း ပုံသေမှမရှိဘဲ . . ‘စံ’တစ်ခုနဲ့ အမြဲတမ်း ပြောင်းလဲနေမှာပဲကွ . . အရင်တုန်းက လူတွေဟာ ကမ္ဘာကြီးဟာ အပြားကြီးဆိုတာကို အမှန်လို့ယူခဲ့ကြတယ် . . နောက်မှ . . အလုံးကြီးဆိုတာကို အမှန်လို့ ယူခဲ့ကြတာပဲ မဟုတ် လား . . ဒီလိုဆိုတော့ကွာ . . တို့အတွက် ‘အဓိက’အချက်ဟာ လက်တွေ့ရောက်နေတဲ့ အခြေအနေ အချိန်အခါပေါ်မှာ ရှိနေတဲ့ အမှန်နဲ့ အမှားကိုပဲ ခွဲခြားယူရမှာပဲ မောင်ကြာဖြူရဲ့ . . ဘာလို့

လဲဆိုတော့.. အရင်တုန်းက အမှန်တွေဟာ အခုချိန်မှာ အမှားတွေ ဖြစ်ချင်ဖြစ်နေမှာပဲ.. အမှားတွေကလည်း အမှန်တွေ ဖြစ်ချင်ဖြစ်နေမှာပဲကိုးကွ..''ဟု ဦးဖြူသီးက ထူးထူးဆန်းဆန်း ရှင်းပြလိုက်လေ၏။

ထို့နောက်မှ ဦးဖြူသီးက ဆက်၍..

''အခု.. ငါပြောပြနေတာတွေဟာ ဘာသာရေး တရားသဘောတွေနဲ့တော့ မဆိုင်ဘူးကွနော်.. သလဲသီးများလိုပဲ.. သူ့အကန့်နဲ့သူ သဘောပေါက်ရမယ်ကွ''ဟု ဆိုလိုက်ပြန်ရာ ကြာဖြူက လေးနက်စွာ စဉ်းစား၍..

''လက်တွေ့မှာတော့ ကပ္ပိယကြီး ပြောတာတွေဟာ အမှန်တွေချည်းပါပဲဗျာ.. ဒီအတိုင်း တွေးလိုက်တော့ အခုလို ရိုးရိုးသားသား ကြိုးကြိုးစားစားနဲ့ ငွေရှာနေလို့ကတော့ သူဌေး မဖြစ်နိုင်တော့ဘူး''ဟု ပြောလိုက်လေ၏။

ထိုအခါ ဦးဖြူသီးက..

''မင်းအခု ပြောလိုက်တဲ့စကားဟာ အဓိပ္ပါယ်တစ်မျိုး ထွက်နေတယ်ကွ.. မရိုးမသားနဲ့ မဟုတ်မမှန်တာလုပ်မှ သူဌေး ဖြစ်နိုင်မယ်လို့ ဆိုသလိုဖြစ်နေတယ်''ဟု ပြောလိုက်လေရာ



ကြာဖြူက..

''ကျွန်တော် ဆိုလိုတာ 'ဒီလိုမဟုတ်ဘူး ကပ္ပိယကြီးရဲ့.. သာမန်အလုပ်နဲ့ ကြိုးစားနေလို့ကတော့ သူဌေး မဖြစ်နိုင်ဘူးလို့ ဆိုလိုတာပါ''ဟု ပြောလိုက်လေ၏။

''အေး.. ဒီလိုလုပ်စမ်းပါ.. တို့မြန်မာစကားကလည်း အဓိပ္ပါယ်တွေ အများသားကွ.. စစ်စစ်ပေါက်ပေါက်လိုက်ပြီး ထောက်နေရင်တော့ ရှင်းလို့ကိုဆုံးမှာ မဟုတ်တော့ဘူးဟေ့.. ဒါကြောင့်လည်း ရှေးလူကြီးတွေက စကားတစ်လုံးကို မပြောခင် အရင်စဉ်းစားလို့ ဆုံးမခဲ့ကြတာဖြစ်မယ်.. ကိုယ်က ပြောလိုက်တာတစ်မျိုး.. နားလည်သွားကြတာတစ်မျိုး ဖြစ်တတ်ကြတာကိုးကွ''ဟု ပြော၍ ဦးဖြူသီးက သဘောကျစွာ ရယ်မောလိုက်လေ၏။

ထို့နောက်မှ ကြာဖြူက..

''ဒါဖြင့် ကပ္ပိယကြီးရယ်.. အခု ကျွန်တော် ဘာလုပ်သင့်သလဲဆိုတာ ပြောစမ်းပါ''ဟု မေးလိုက်လေရာ ကပ္ပိယကြီး ဦးဖြူသီးက..

''မင်းအခု ဘာလုပ်သင့်သလဲဆိုတော့.. ဘ၀တိုးတက်

မှမရှိတဲ့ နေ့စား,လစား အလုပ်တွေကို မလုပ်နဲ့တော့ကွ. . ရေရှည်ပြီး အချိန်အများကြီး ပေးရမယ့် အလုပ်မျိုးတွေကိုလည်း မစဉ်းစားနဲ့. . လောလောဆယ်လည်း အဆင်ပြေ. . ကိုယ်ကြိုးစားရင် ကြိုးစားသလိုလည်း အကျိုးရှိ၊ ဘဝအတွက် တိုးတက်နိုင်တဲ့ အခွင့်အလမ်းမျိုးလည်းရှိ အတွေ့အကြုံပညာတွေလည်း ရနိုင်မယ့် အလုပ်မျိုးကို လုပ်ရလိမ့်မယ်''ဟု ပြောလိုက်လေ၏။

''အဲဒါ ဘယ်လိုအလုပ်မျိုးလဲ''ဟု ကြာဖြူက စိတ်ဝင်တစား မေးလိုက်လေလျှင်. .

''အရောင်းအဝယ် အလုပ်မျိုးပေါ့ကွ. . အရောင်းအဝယ် အလုပ်ဆိုတာ ဈေးထဲမှာ ကန်စွန်းရွက် ရောင်းတဲ့အလုပ်ကစပြီး အိမ်ခြံမြေ၊ ရတနာ ပစ္စည်းတွေ ရောင်းဝယ်တဲ့ အလုပ်တွေအထိ အကျုံးဝင်တယ်. . ကုန်ရောင်း ကုန်ဝယ် ဈေးသည်အလုပ်တွေပေါ့ကွာ. . ဒီအလုပ်မျိုးတွေက ကိုယ်ကြိုးစားရင် ကြိုးစားသလောက် အကျိုးအမြတ် ရနိုင်တယ်ကွ. . ကြီးပွားတိုးတက်နိုင်တဲ့ အခွင့်အလမ်းမျိုးတွေလည်းရှိတယ်. . လူပေါင်းစုံနဲ့ ဆက်ဆံရတဲ့အလုပ်တွေဖြစ်လို့လည်း အတွေ့အကြုံ ဗဟုသုတ ပညာတွေအများကြီး ရနိုင်တယ်. . ယူတတ်ရင်ပေါ့ကွာ. . ဘယ်အရာ



မဆို ယူတတ်မှရတာကိုးကွ''ဟု ဦးဖြူသီးက ပြောလိုက်လေ၏။

ထိုအခါ ကြာဖြူက စိတ်ဝင်တစားဖြင့်. .

''ဟုတ်ပါပြီ ကပ္ပိယကြီးရယ်. . ဒီလိုဖြင့် ကျွန်တော့် အနေနဲ့ ဘယ်အလုပ်မျိုး စပြီးလုပ်ရမယ်ဆိုတာ အကြံဉာဏ်လေး ပေးပါဦး''ဟု ပြောလိုက်လေရာ ကပ္ပိယကြီးက. .

''ဒီအလုပ်တွေက အရင်းအနှီးနဲ့ စရတဲ့အလုပ်တွေကွ. . အနိမ့်ဆုံးဖြစ်တဲ့ ကန်စွန်းရွက် ရောင်းတဲ့အလုပ်တောင် အရင်းအနှီးနဲ့ လုပ်ရတာဆိုတော့. . အခု မင်းမှာရှိတဲ့ ငွေအခြေအနေပေါ်ကြည့်ပြီးမှ ဘယ်လိုအလုပ်မျိုးနဲ့ သင့်တင့်တယ်ဆိုတာ အကြံပေးမှ ဖြစ်မှာကွ''ဟု ပြောလိုက်လေ၏။

ထို့ကြောင့် ကြာဖြူက. .

''လောလောဆယ်တော့ ကျွန်တော့်မှာ အရေးအကြောင်း ရှိရင် သုံးရအောင် စုထားတဲ့ ငွေလေး သုံးထောင်ကျော်ကျော် လောက်တော့ ရှိတယ်''ဟု ပြောလိုက်လေလျှင် ကပ္ပိယကြီးက ခေတ္တစဉ်းစားလျက်. .

''မဆိုးပါဘူးကွ. . ငွေသုံးထောင်ကျော်လောက် ရှိတယ် ဆိုရင် ကွမ်းယာဆိုင်လေးတစ်ဆိုင်လောက်တော့ လုပ်လို့ဖြစ်ပါ

တယ်.. အခုခေတ်က လူကြီးလူလတ်အကုန် ကွမ်းယာ စားကြတယ်ကွ.. ဒီတော့ မင်း ကွမ်းယာ စ,ပြီးရောင်းကွာ.''ဟု အကြံပေးလိုက်လေတော့၏။ ထို့နောက် ၎င်းကပင် ဆက်လက်၍..

''မပူပါနဲ့ကွာ.. ဒီကိစ္စအတွက် ငါ မင်းကို ကူညီပါ့မယ်.. ကွမ်းယာ ရောင်းရင် အဓိက'ထုံး'ပဲကွ.. ထုံးကောင်းရင် ကွမ်းယာအလုပ်က စီးပွားတောင် ဖြစ်နိုင်တယ်။ ထုံးဖောက်နည်းကောင်းကောင်းလည်း ငါတတ်ပါတယ်.. လောလောဆယ်သာ ကွမ်းယာခုံရိုက်ဖို့ အရေးကြီးတယ်ကွ.ဒါကလည်း သိပ်တော့ ဦးနှောက်စားစရာ မရှိပါဘူး.. ကျောင်းမှာ သစ်တိုသစ်စတွေ ပေါပါတယ်။ ဘုန်းကြီးဆီလျှောက်ပြီး ငါပဲရိုက်ပေးပါ့မယ်. ကွမ်းယာဆိုင်ထွက်ဖို့ နေရာပဲ နည်းနည်းစဉ်းစားရမယ်ကွ''ဟု ပြောလိုက်လေတော့သတည်း။ ။

(မှတ်ချက်။ ။ ထိုအချိန်က ကွမ်း(၁)ပိသာ ၂၅၀-၃၀၀ သာ ရှိသေးလေ၏။)

❖❖❖



# ကွမ်းယာသည် မောင်ကြာဖြူ

ဤသို့နှင့် ကြာဖြူသည် ကပ္ပိယကြီး ဦးဖြူသီး အကြံပေးသည့်အတိုင်း ကွမ်းယာရောင်းသည့်အလုပ်ကို စတင်လုပ်ကိုင်ခဲ့လေတော့၏။ ကွမ်းယာဆိုင်အတွက် အစစအရာရာကိုလည်း ကပ္ပိယကြီး ဦးဖြူသီးမှပင် ကူညီပေးခဲ့လေ၏။ ကွမ်းယာဆိုင်ကိုမူ ကြာဖြူ လုပ်နေသည့် ဆိုက်ရှေ့တွင်ပင် လောလောဆယ် ထွက်စေလေရာ.. ဦးဖြူသီးက..

''အခုဆောက်နေတဲ့တိုက်က နောက်ထပ် တစ်နှစ်လောက်နဲ့ မပြီးသေးဘူးကွ.. မြဆောင်တို့ ပန်းရံလက်သမားအဖွဲ့တွေလည်းရှိတော့ အထူးဖောက်သည် ရှာစရာလည်း မလိုတော့ဘူးပေါ့ကွာ.. သူတို့အဖွဲ့တွေနဲ့တင် လောလောဆယ် စားဖို့

သောက်ဖို့အတွက်ကတော့ အမြတ်ကျန်မှာပဲ‥ နောက်‥ စီးကရက်ဘူးတွေလည်း အစုံတင်ရမယ်ကွ‥ ဒီကောင်တွေကမြတ်တာ‥ ဆေးလိပ်ကြမ်းတွေက ပြောလောက်အောင် မဟုတ်ဘူးကွ''ဟု ပြောလေ၏။

အမှန်လည်း ကွမ်းယာဆိုင် စထွက်သည်နှင့် ကိုမြဆောင်တို့ ပန်းရံလက်သမားအဖွဲ့များသည် ကြာဖြူ၏ဆိုင်ကလေးကို အားပေးကြလေ၏။

ထိုအခါ လက်သမားဆရာ ကိုအောင်ကျော်က ကြာဖြူ၏ကွမ်းကို စားကြည့်လျက်‥

''မဆိုးဘူးကွ‥ ထုံးလေးလည်းကောင်းတယ်‥ ကွမ်းယာဆိုတာ ထုံးကောင်းမှကွ‥ ဒီလို ထုံးကောင်းရင် တို့လက်သမားအဖွဲ့နဲ့တင် တစ်နေ့တစ်ထောင် ထောင့်ငါးရာဖိုး လောက်တော့ မင်းရောင်းရမှာပဲ''ဟု ပြောလေ၏။ ပြောသည့်အတိုင်းလည်း အားပေးကြလေ၏။ ထို့ကြောင့် ဆိုင်စဖွင့်သည့် ပထမရက်၌ပင် ကွမ်းငါးဆယ်သားခန့် ရောင်းရလေ၏။ စီးကရက်ဘူးများလည်း ကုန်လေ၏။ ထို့ကြောင့် ကြာဖြူက‥

''ကပ္ပိယကြီး စပ်ပေးတဲ့ထုံးကတော့ ရှယ်ပဲဗျာ‥ စားတဲ့လူတိုင်း ပြောကြတယ်''ဟု ပြောလိုက်လေရာ ဦးဖြူသီးက‥



''ဒီထုံးစပ်နည်းကိုလည်း မင်း သေသေချာချာ မှတ်ထားကွ‥ နောက်ဆို မင်းကိုယ်တိုင်စပ်ရမှာ‥ ထုံးစပ်နည်းကို ကွမ်းသမားတိုင်း ပေးတာမဟုတ်ဘူးကွ‥ ဒီနည်းက မိတ္ထီလာနားက သဲတောဆိုတဲ့မြို့ကလေးက ငါ့မိတ်ဆွေ ကိုမောင်မောင် မကြည်သန်းတို့ဆီက ရခဲ့တဲ့ ထုံးစပ်နည်းကွ‥ သဲတောမြို့လေးမှာတော့ သူတို့ 'ငုဝါ'ကွမ်းယာဆိုင်ဟာ နာမည်ကြီးပဲဟေ့‥ သဲတောဈေး တောင်ပေါက်မှာရှိတယ်‥ တစ်နေ့တစ်နေ့ ရောင်းရတာကလည်း မပြောနဲ့တော့‥ ဒီကွမ်းနဲ့ပဲ တစ်မိသားစုလုံး ချမ်းသာပြီး တိုက်တောင်ဆောက်နိုင်တာကွ‥ အရင် ကွမ်းမရောင်းခင်တုန်းကတော့ 'အဥ္ဇလီ'ဆိုတဲ့ စာအုပ်နဲ့ တိတ်ခွေဆိုင်လေး ဖွင့်ခဲ့ကြသေးတယ်။ ဒါကြောင့် အဲဒီ ကိုမောင်မောင်ကို 'အဥ္ဇလီမောင်မောင်'လို့ ခေါ်ကြတယ်‥''ဟု ပြောပြလေ၏။

ထိုမှ ကပ္ပိယကြီး ဦးဖြူသီးသည် အထက်ပါ သဲတောငုဝါ ကွမ်းယာဆိုင်မှ ရရှိခဲ့သော ထုံးစမ်နည်းကို ကြာဖြူအားကျနစွာ သင်ကြားပေးခဲ့လေ၏။ ၎င်းထုံးစပ်နည်းမှာ အုန်းနို့ဖြင့်စပ်သော နည်းဖြစ်၏။

ထုံးစပ်နည်းကို သင်ပေးရင်းဖြင့် ကပ္ပိယကြီးက. . .

"ထုံးပေါက်ရင် လျှာကို အနုန်းဆီနဲ့ပွတ်ရတာ မဟုတ်လားကွ. . . အခုလည်း အနုန်းနို့ဟာ ထုံးကိုသတ်ပစ်တဲ့ သဘောပေါ့ကွာ. . . ပြီးတော့ စပ်ပြီးသားထုံးမှာ 'အဓိက' 'ဆား'ပဲ. . . နောက်. . . ထုံးအိုးထဲ ထည့်တဲ့နေရာမှာ သံပုရာသီးထက် ရှောက်သီးက ပိုကောင်းတယ်ကွ. . . သေသေချာချာ မှတ်ထားပေတော့" ဟု ပြောပြပြန်လေ၏။

ကြာဖြူသည် ကပ္ပိယကြီး သင်ပေးသည့် ထုံးစပ်နည်းဖြင့် ကွမ်းယာဆိုင်ကလေးကို ဂရုစိုက်ကြိုးစား၍ ရောင်းလေ၏။ တစ်ရက်တွင်မူ ကပ္ပိယကြီး ဦးဖြူသီးက ကွမ်းယာဆိုင်ကလေးကို လာရောက်၍ ကြည့်ရှုလျက်. . .

"ကြာဖြူရေ. . . မင်းဆိုင်လေးမှာ သောက်ရေအိုး အေးအေးလေးနဲ့ မှန်တစ်ချပ် ထားကွ. . . ပြီးတော့ ဖီးကြမ်းငှက်ပျောသီးနဲ့ သီးမွှေးငှက်ပျောသီးပါရောင်း. . . ရောင်းဆိုလည်း အဖီးလိုက် ဝယ်မရောင်းနဲ့ကွ. . . ဈေးထဲမှာ အခိုင်လိုက်ဝယ်ရောင်း" ဟု အကြံပေးပြန်သဖြင့် ကပ္ပိယကြီး ပြောသည့်အတိုင်း ကြာဖြူသည် သောက်ရေအိုး အသစ်တစ်လုံး ဝယ်၍ ရေဖြည့်ကာ



ကွမ်းယာဆိုင်ဘေးတွင် ရေအိုးစင်တစ်ခုဖြင့် ထားလိုက်လေ၏။ မှန်တစ်ချပ်နှင့် ခေါင်းဖီးတစ်လက်ကိုလည်း ဝယ်၍ ဆိုင်တွင် ချိတ်ဆွဲထားလိုက်လေ၏။ ထိုမှ ဖီးကြမ်းနှင့် သီးမွှေးငှက်ပျောခိုင်များကို တင်၍ ရောင်းချပြန်ရာ ထက်ဝက်ခန့် အမြတ်ကျန်ကြောင်း တွေ့ရလေ၏။

ထို့ကြောင့် တစ်လခန့် ရှိလေလျှင်ပင် ကြာဖြူ၏ ကွမ်းယာဆိုင်လေးမှာ လွန်စွာ ရောင်းကောင်းသော ဆိုင်လေးတစ်ဆိုင်ဖြစ်၍ လာလေ၏။ ကွမ်းမှာလည်း တစ်နေ့ နှစ်ပိဿာခွဲခန့် ကုန်လာလေ၏။ အခြားသော ချိုချဉ် ပီကေ အချဉ်ပေါင်း နေကြာစေ့ စသော ပစ္စည်းလေးများလည်း အစုံအလင် ဖြစ်၍လာလေ၏။

ကွမ်းယာဆိုင်လေး ဖြစ်လာသည်နှင့်အမျှ တစ်ယောက်တည်းသမားဖြစ်သော ကြာဖြူမှာ နားရသည်ဟူ၍ မရှိတော့ပေ။ မနက် ငါးနာရီခန့် အိပ်ရာမှထ၍ သားအဖနှစ်ယောက်စာအတွက် ချက်ရပြုတ်ရလေ၏။ ပြီးလျှင် ဖခင်ကြီးအတွက် စားဖို့သောက်ဖို့နှင့် အရက်ဖိုးပါ ပြင်ဆင်ပေးအပ်လျက် ဆိုင်ထွက်ရလေ၏။ နေ့လယ်စာအတွက်မူ ဆိုင်သို့ ထမင်းချိုင့်ဖြင့်

ထည့်ခဲ့ရလေ၏။ ထိုမှ ဆိုင်ကို ခင်းကျင်းပြင်ဆင်၍ တစ်မနက်လုံး ဆိုင်ထိုင်ရလေ၏။ (၉)နာရီခွဲ (၁၀)နာရီခန့်၌ အနည်းငယ်လူပါးသွားသောအခါ ဆိုင်အား ကြုံရာလူဖြင့် ခဏအပ်ထားခဲ့လျှက် ဈေးသို့ပြေးရပြန်၏။ လိုအပ်သည့် ကွမ်းနှင့် ကွမ်းယာပစ္စည်း ငှက်ပျောသီး၊ မုန့်ထုပ်များကို ဝယ်ယူပြီးသောအခါ ဆိုက်ကားငှား၍ ပြန်ရလေ၏။ ထိုမှ ထမင်းကို ကပျာကယာစား၍ ထမင်းစားပြီးချိန် တစ်ပြန်ကျလာသော အလုပ်သမားအဖွဲ့ကို ရောင်းရပြန်လေ၏။

ထို့ကြောင့် ပန်းရံဆရာ ကိုမြဆောင်က ကြာဖြူကိုကြည့်၍..

"မင်းဆိုင်နဲ့ လူတစ်ယောက်လောက်တော့ အပိုရှိမှဖြစ်မယ် ကြာဖြူရဲ့.. တစ်ယောက်တည်းဆို မစားသာဘူး.. ဈေးပြေးရ.. ကွမ်းယာရောင်းရနဲ့.. ကလေးတစ်ယောက်လောက်ခေါ်ထားပါလား"ဟု ပြောကာ နောက်တစ်ရက်၌ 'ပုတု'ဟူသော (၁၃)နှစ်ခန့်အရွယ် ကောင်းလေးတစ်ယောက်ကို ခေါ်၍လာလေ၏။

"ဒီကောင်လေးက အဖေအမေ မရှိဘူးကွ.. သူ့အဒေါ်



အိမ်မှာ ကပ်နေရတာ.. ထမင်းကျွေး မုန့်ဖိုး နည်းနည်းပါးပါးပေးပြီး တောက်တိုမယ်ရ ဈေးဝယ်ဘာဝယ် ခိုင်းပေါ့ကွာ.."ဟု ပြောလေရာ ကြာဖြူလည်း ပုတုကို လက်ခံထားလိုက်လေ၏။

ထိုအခါမှ ကြာဖြူမှာ အတော်ပင် အဆင်ပြေ၍သွားလေ၏။ ကွမ်းယာဆိုင်အလုပ်မှာ အတော်ပင် ဗာဟီရကိစ္စများလေရာ ပုတုမှာ လွန်စွာ အားကိုးရလေ၏။ သို့ရာတွင် ပုတု၌ မကောင်းသောအကျင့်တစ်ခု ရှိလေ၏။ ၎င်းမှာ ခြေဆော့လက်ဆော့ လုပ်တတ်သော အကျင့်ဖြစ်လေရာ ငွေရေးကြေးရေးကိုမူ အမြဲဂရုစိုက်နေရလေ၏။ ဈေးဝယ်ခိုင်းလေလျှင်လည်း ဂရုစိုက်ရလေ၏။ တစ်ရက်၌မူ ဈေးသို့ ကွမ်းသီးနှင့် ကွမ်းယာပစ္စည်းများဝယ်ခိုင်းလိုက်သော ပုတုသည် ပြန်၍မလာတော့ပေ။

ကြာဖြူမှာ ကွမ်းသီးကုန်နေသဖြင့် နောက်ပိုင်းမှ တမျှော်မျှော်ရှိနေရာ နောက်ဆုံး လိုက်သွားသောအခါမှ ပုတုမှာ ဈေးဖိုးငွေများကို ယူဆောင်၍ ၎င်း၏အဒေါ်တစ်ယောက်ရှိရာ မြယာကုန်းဟူသော ရွာသို့ လစ်သွားကြောင်း သိရတော့၏။ ထို့ကြောင့် ကြာဖြူက ပန်းရံဆရာ ကိုမြဆောင်အား..

"ကိုမြဆောင်ရေ.. ခင်ဗျားဘော်ဒါလေးကတော့ ဈေး

ဝယ်နိုင်းလိုက်တဲ့ငွေတွေ မ,ပြီး လစ်ပြေးသွားပြီဗျို့... ငွေကတော့ မဖြစ်စလောက်ပါ''ဟု ပြောပြလိုက်လေရာ ကိုမြဆောင်မှာလည်း ကြာဖြူကို အားနာနာဖြင့်...

''ငါလည်း သနားလို့ သူလည်း အဆင်ပြေပါစေ.. မင်းလည်း အဆင်ပြေပါစေဆိုပြီး ခေါ်လာပေးတာပါကွာ.. ဒီကောင်ငါနဲ့တွေ့ဦးမှာပါ''ဟု ပုတုကို ကြိမ်းဝါးလိုက်လေတော့၏။

''မလုပ်ပါနဲ့တော့ဗျာ.. ကျွန်တော့်အတွက်လည်း ဘာမှ မဖြစ်လောက်ပါဘူး''ဟု ကြာဖြူမှာ ပြောလိုက်ရလေ၏။ ထိုအခါ ဖိုးပါ ဟူသော အလုပ်သမားတစ်ယောက်...

''ကိုကြာဖြူရယ်.. ခင်ဗျားမှာ ဆိုင်တစ်ဘက်နဲ့ မထူးပါဘူးဗျာ.. မိန်းမတစ်ယောက်လောက် ယူမှဖြစ်တော့မယ်နဲ့ တူတယ်''ဟု စ,နောက်လိုက်လေရာ..

''မလုပ်ပါနဲ့ ဖိုးပါရာ.. အခုချိန်ထိ ရည်းစားတောင် မရှိသေးပါဘူး.. မိန်းမယူဖို့ဆိုတာ အဝေးကြီးပါကွာ''ဟု ကြာဖြူက ပြန်ပြောလိုက်လေ၏။

ထိုအခါ ဖိုးပါက..

''အမယ်.. ကိုကြာဖြူက စိတ်မဝင်စားလို့ပါဗျနော်..



ကျုပ်တို့အလုပ်ထဲက ကောင်မလေးတွေဆို ကိုကြာဖြူကြီး ချော တဲ့အကြောင်း ပြောနေကြတာ ကျုပ်တောင် ကြားထဲက မနာလို ဖြစ်မိတယ်''ဟု ပြောလိုက်ပြန်လေလျှင် ကြာဖြူမှာ ရှက်အမ်း အမ်းကြီးပင် ဖြစ်၍သွားရလျှက်..

''ဟာ.. ဒီကောင်ကွာ''ဟု ပြောလိုက်ရလေတော့၏။

ကြာဖြူ၏ အမူအယာကြောင့် ကိုမြဆောင်တို့ အလုပ်သမားအဖွဲ့မှာ ဝါးခနဲ ပွဲကျ၍သွားရလေတော့၏။

အမှန်ပင် ကြာဖြူကား ယခုအချိန် အရွယ်ရောက်လာသည်အထိ ရည်းစားသနာ ကိစ္စများကို စိတ်မဝင်စားနိုင်လောက်အောင် စားရေးသောက်ရေး ကိစ္စများနှင့် ဖခင်အရက်သမားကြီး ကိစ္စကြားတွင်သာ လုံးချာလည်၍ နေခဲ့လေ၏။

ကြာဖြူအနေဖြင့် သဘာဝအတိုင်း ရွယ်တူမိန်းကလေးများအပေါ် စိတ်မဝင်စားခြင်းမျိုးကား မဟုတ်ပေ။ ဘဝပေးအခြေအနေကိုက စိတ်ဝင်စားချိန်မရှိအောင် ဖန်တီးထားခဲ့ခြင်းပင် ဖြစ်ပေ၏။ ယခုမူ ဖိုးပါ စ,နောက်လိုက်သော စကားကြောင့် ကြာဖြူ ရင်ထဲတွင် အနည်းငယ်မျှ လှုပ်ရှား၍သွားရလေတော့၏။

❖❖❖

# အကုသိုလ်ဝင်ပြီ

ကြာဖြူ၏ ကွမ်းယာဆိုင်လေး၌ ကွမ်းယာ ဆေးလိပ် အားပေးကြသော အလုပ်သမား လူကြီးလူငယ်များအပြင် နေကြာစေ့ အချဉ်ပေါင်း ပီကေ ချိုချဉ်များကို အားပေးကြသည့် ကလေး၊ မိန်းကလေးဖောက်သည်များပါ ရှိလေ၏။

၎င်းတို့အထဲ၌ စိန်မြိုင် ဟူသော မိန်းကလေးတစ်ယောက်သည် ကြာဖြူ၏ဆိုင်သို့ နေ့စဉ်လာ၍ နေကြာစေ့နှင့် အချဉ်ပေါင်းထုပ်များကို လာ၍ဝယ်တတ်လေရာ ကြာဖြူနှင့် မျက်မှန်းတန်း၍ နေလေ၏။

စိန်မြိုင်မှာ မျက်လုံးမျက်ဖန် လွန်စွာလှ၏။ ဆံပင်လည်း လွန်စွာကောင်း၏။ အသားအရည်မှာလည်း ဝင်းဖန့်ကာ ဝတ်ပုံ



စားပုံကလည်း အချိုးကျလေ၏။ အသက်မှာလည်း ကြာဖြူနှင့် မတိမ်းမယိမ်းခန့် ရှိလေ၏။ ထို့ကြောင့် ကြာဖြူသည် စိန်မြိုင်အား အခြားမိန်းကလေးများထက် ပို၍ ဂရုစိုက်မိလေ၏။

တစ်ရက်၌မူ စိန်မြိုင်သည် ကြာဖြူ၏ ကွမ်းယာဆိုင်ကလေးသို့ ထုံးစံအတိုင်း နေကြာစေ့နှင့် အချဉ်ပေါင်းထုပ်များ လာရောက်ဝယ်ယူရင်းမှ . .

"ကိုကြာဖြူ ဆိုင်ကလေးက တော်တော်ရောင်းကောင်းလာတယ်နော် . . ဒါပေမယ့် ဒီနေရာက အတည်တကျ မဟုတ်တော့ သိပ်မမိုက်ဘူး . . အတည်တကျ လိုင်စင်ဆိုင်လေး လုပ်ပါလား"ဟု ပြောလေရာ ကြာဖြူကလည်း . .

"ကျွန်တော်လည်း အဲဒါပဲ စဉ်းစားနေတာ မစိန်မြိုင်ရဲ့ အခု ဒီဆိုင်က နောက်လလောက်ဆိုရင် လက်စသိမ်းတော့မယ်လေ . . သူတို့ သိမ်းတာနဲ့ ကျွန်တော့်ဆိုင်လေးလည်း ရွှေ့ရမှာပဲ . . မစိန်မြိုင် ပြောသလို လိုင်စင်ဆိုင်လေးတော့ လုပ်ချင်ပါတယ် . . ဒါပေမယ့် ကျွန်တော့်မှာ အဆက်အသွယ် မရှိဘူး . . ဘယ်လိုကဘယ်လို စလုပ်ရမှန်းတောင် မသိဘူးဗျ"ဟု ပြောလိုက်လေ၏။

ထိုအခါ စိန်မြိုင်က သွားတက်ကလေးများ ပေါ်သည့်အထိ ပြုံး၍...

"ကိုကြာဖြူက သိပ်ရိုးတာကိုး... လုပ်ချင်တယ်ဆိုပြောလေ... စိန်မြိုင် ကူညီမှာပေါ့... စိန်မြိုင်တို့အဖေက စည်ပင်အုပ်ချုပ်ရေးမှူးလေ... စိန်မြိုင်တို့က မန္တလေးက ပြောင်းလာတာ''ဟု ပြောလိုက်ရာ...

"ဩော်... ဒါကြောင့် အရင်တုန်းက မစိန်မြိုင်တို့ကို မမြင်ဘူးတာပဲ... မစိန်မြိုင်တို့အဖေက စည်ပင်အရာရှိဆိုတော့ ဟန်ကျတာပေါ့... ဒါပေမယ့် လိုင်စင်ဆိုင်လုပ်ရင် တော်တော့ ကုန်မယ်နဲ့တူတယ်''ဟု ကြာဖြူက ပြောလိုက်လေ၏။

"သူများတွေလိုမကုန်အောင် ဖေဖေ့ကို စိန်မြိုင်သူငယ်ချင်းဆိုင်လို့ ပြောပေးမှာပေါ့ ကိုကြာဖြူရဲ့... မလုပ်ဘူး လုပ်မယ်ဆိုတာသာပြောပါ''ဟု စိန်မြိုင်က ပြောလိုက်ပြန်လေလျှင် ကြာဖြူမှာ ဝမ်းသာသွားလျှက်...

"ဒါဆိုရင်တော့ လုပ်ရမှာပေါ့ မစိန်မြိုင်ရယ်... မစိန်မြိုင်ကို ဘယ်လိုကျေးဇူးတင်ရမှန်းတောင် မသိတော့ဘူး''ဟု ပြောလိုက်လေ၏။



ထိုအခါ စိန်မြိုင်က...

"ကျေးဇူးတင်ဖို့မလိုဘူး... ကျေးဇူးသိတတ်ဖို့ပဲလိုတယ်... မနက်ဖြန်ကျရင် ကိုကြာဖြူ မှတ်ပုံတင် စိန်မြိုင်ကိုပေးလိုက်... ကျန်တဲ့ကိစ္စကိုတော့ နောက်မှဆက်လုပ်ကြတာပေါ့... ငွေရေးကြေးရေးကိစ္စအတွက်လည်း ပူမနေပါနဲ့... ကဲ... စိန်မြိုင် သွားလိုက်ဦးမယ်... မနက်ဖြန်သာ မှတ်ပုံတင်ယူခဲ့ဖို့ မေ့မနေနဲ့''ဟု ပြောဆိုလျှက် ပြန်သွားကာ လိုင်စင်ဆိုင်တင်သည့် ကိစ္စများကို အစစအရာရာ အကူအညီပေးခဲ့လေတော့၏။

ထို့ကြောင့် ကြာဖြူမှာ စိန်မြိုင်၏ အကူအညီပေးမှုဖြင့် လူသွားလူလာများသည့် ဈေးလမ်းမကြီးတစ်နေရာ၌ လိုင်စင်ဆိုင်တစ်ဆိုင်ကို ရရှိခဲ့လေတော့၏။

ထို့ကြောင့် ကြာဖြူက စိန်မြိုင်အား...

"မစိန်မြိုင် ကျေးဇူးကြောင့် အခုလို လိုင်စင်ဆိုင်လေးဖြစ်လာတာ... မစိန်မြိုင်ကို ဘယ်လိုကျေးဇူးတင်ရမှန်းတောင် မသိတော့ဘူး''ဟု ပြောလေရာ စိန်မြိုင်က...

"ပြောပြီးပြီလေ... ကျေးဇူးတင်စရာမလိုဘူး... ကျေးဇူးသိတတ်ဖို့ပဲလိုတယ်လို့...''ဟု ပြုံး၍ပြန်ပြောလေ၏။

"သိတတ်ပါတယ်ဗျာ. . မစိန်မြိုင် ဘာစားချင်လဲပြောကျွန်တော် ကျွေးပါ့မယ်"ဟု ကြာဖြူက ရယ်ရင်းပြောလိုက်လေရာ

"မစားချင်ဘူး. . ရုပ်ရှင်ကြည့်ချင်တယ်. . . လိုက်ပြပေးနိုင်မလား. . နောက်တစ်ခုလည်း ပြောရဦးမယ်. . . စိန်မြိုင်ကို မစိန်မြိုင်. . . မစိန်မြိုင်နဲ့ မခေါ်ပါနဲ့. . . နားထဲမှာ နားထောင်လို့မကောင်းဘူး. . . သူငယ်ချင်းတွေ ခေါ်သလို စိန်မြိုင်လို့ပဲခေါ်ပေါ့"ဟု စိန်မြိုင်က ပြောလိုက်လေရာ ကြာဖြူမှာ ရင်ထဲ၌ လှုပ်ရှား၍သွားရလျှက်. . .

"ရပါတယ် မစိန်. . . အဲ. . . စိန်မြိုင်ရယ်. . . ကြည့်ချင်ရင် လိုက်ပို့ပေးပါ့မယ်"ဟု ပြောလိုက်လေတော့၏။

ဤသို့ဖြင့် နောက်တစ်နေ့ညနေ၌ ကြာဖြူသည် ဆိုင်ပိတ်၍ စိန်မြိုင်အား ရုပ်ရှင်လိုက်ပြခဲ့ရလေ၏။ မိန်းကလေးတစ်ယောက်နှင့် အတူတွဲ၍ ရုပ်ရှင်ကြည့်ရခြင်းမှာ ဤအကြိမ် ပထမဦးဆုံးအကြိမ်ဖြစ်၍ ကြာဖြူမှာ ရင်တဒိန်းဒိန်း ခုန်၍နေရလေ၏။ သို့သော် ရုပ်ရှင်အပြီး၌မူ ကြာဖြူသည် စိန်မြိုင်၏လက်ကလေးကို ရဲတင်းစွာ ဆုပ်ကိုင်လျှက်. . .

"နောက်နေ့တွေလည်း ရုပ်ရှင်ကြည့်ချင်ရင် ပြောနော်. .



စိန်မြိုင်ကို ကြာဖြူ လိုက်ပို့ပေးမယ်"ဟု တီးတိုးပြောလိုက်လေ၏။ ထိုအခါ စိန်မြိုင်၏မျက်နှာမှာ ရှက်သွေးဖြာနေလျှက်. . .

"သွား. . . လူကြည့်တော့ ရိုးပုံရိုးမားနဲ့"ဟု မပွင့်တပွင့်ပြောကာ ကြာဖြူ၏ဗိုက်ကို လူမမြင်အောင် ဆွဲလိမ်လိုက်လေတော့၏။

ထိုအဖြစ်အပျက်နောက်ပိုင်း၌ ကြာဖြူနှင့် စိန်မြိုင်တို့သည် ချစ်သူများအဖြစ်သို့ ရောက်ရှိသွားကြကုန်လေ၏။ ကြာဖြူမှာ အပျော်ကြီးပျော်နေမိလေ၏။ သို့သော် စိန်မြိုင်နှင့် ချစ်သူဖြစ်ပြီးများမကြာမီတွင်ပင် ကြာဖြူမှာ စိန်မြိုင်၏အကြောင်းများကို သိရှိခဲ့ရလေတော့၏။ စိန်မြိုင်မှာ အပျိုစင်မဟုတ်ပေ။ ယောကျ်ားတစ်ယောက်နှင့် တစ်လခန့် ခိုးရာလိုက်ပြေးခဲ့ဖူးရာ မိဘများကခွဲ၍ ကြာဖြူတို့ မြို့ကလေးသို့ ပြောင်းရွှေ့လာခဲ့ခြင်းပင် ဖြစ်တော့၏။ ထိုအကြောင်းများကို ပြောပြခဲ့သူမှာလည်း စိန်မြိုင်ကိုယ်တိုင်ပင် ဖြစ်လေ၏။ ကြာဖြူမှာ သိရခိုက်၌ လွန်စွာ နာကျင်ထိခိုက်ခံစားရသော်လည်း ထိုအချိန်၌ သူသည် စိန်မြိုင်အား အချစ်ကြီး ချစ်မိနေပြီဖြစ်တော့၏။

ထိုအကြောင်းများကို ကပ္ပိယကြီး ဦးဖြူသီး သိရှိသွား

သောအခါ စိန်မြိုင်အား လာရောက်အကဲခတ်လျှက်. . ကြာဖြူအား. .

"မင်း ဒီကလေးမကို ရအောင်သာ ယူထားပါကွာ"ဟု ပြောလေရာ ကြာဖြူက. .

"ကပ္ပိယကြီးကလည်း စိန်မြိုင်ကို တစ်ခါလေးကြည့်ပြီး အတင်းယူခိုင်းနေပါလား"ဟု ပြောလိုက်လေ၏။

ထိုအခါ ကပ္ပိယကြီး ဦးဖြူသီးက ရယ်မောလျှက်. .

"ဟား. . ဟား. . ငါက အလကား ယူခိုင်းနေတာ မဟုတ်ပါဘူးကွာ. . မင်းကောင်မလေး အခြေအနေကို အကဲခတ်ပြီးပြောရတာ. . မိန်းမဆိုတာ လှေနဲ့မြင်းလိုပဲ. . စီးတဲ့လူ လှော်တဲ့လူနောက် ပါတတ်တာပဲကွ. . အခုဟာလောက်နဲ့ မပြောပလောက်ပါဘူးကွာ. . ဒီလိုမိန်းကလေးမျိုး တစ်လင်ကွာ မုဆိုးမဆိုရင်တောင် မင်းအနေနဲ့ ယူပျော်ပါသေးတယ်"ဟု ပြောလိုက်ပြန်လေ၏။

"ကပ္ပိယကြီးကတော့ ဖွတ်ကို လှော်နေပါလားဗျ. . ဒါပေမယ့် ကျွန်တော့်အခြေအနေနဲ့ သူ့မိဘတွေ သဘောတူမတူက ရှိသေးတယ်. . နောက်. . ကျွန်တော့်ဘက်ကလည်း အရက်



သမား အဖေကြီးတစ်ဘက်နဲ့ စဉ်းစားရဦးမယ်ဗျ. . လောလောဆယ်တော့ ဖြစ်နိုင်မယ် မထင်သေးပါဘူးဗျာ"ဟု ကြာဖြူက ပြောလိုက်လေလျှင်. . .

"ဒါကတော့. . မင်းဘက်ကအပိုင်းကိုကွ. . မိန်းကလေးဘက်ကအပိုင်းလည်း ရှိသေးတယ်လေကွာ. . အေးပေါ့ကွာ. . မင်းလည်း ဆုံးဖြတ်တတ်တဲ့အရွယ် ရောက်နေပြီပဲ. . အခုချိန်မှာ ဘယ်အရာဟာ 'အဓိက' ကျတယ်ဆိုတာကြည့်ပြီး ဆုံးဖြတ်ပေါ့. . ငါ့အနေနဲ့ကတော့ ဒီလောက်ပဲပြောနိုင်တော့မယ်"ဟု ကပ္ပိယကြီးက ပြောလိုက်လေတော့၏။

ကြာဖြူနှင့် စိန်မြိုင်တို့အကြောင်းကို သိရှိနေကြသော ကိုမြဆောင်တို့ အလုပ်သမားအဖွဲ့များကလည်း ကြာဖြူအတွက် ဝမ်းသာနေကြကုန်လေ၏။

"ကောင်မလေးက ပိုက်ဆံရှိတယ်ကွ. . တစ်ဦးတည်းသောသမီးလေးတဲ့. . ကြာဖြူတော့ ကံကောင်းတာပဲ"ဟု ပြောဆိုကြလေ၏။

သို့သော် တစ်မနက်၌မူ ကြာဖြူ၏ဆိုင်သို့ ရပ်ကွက်လူကြီးများနှင့် ရဲများ ရောက်ရှိလာကာ ပါလာသည့် ရဲအရာရှိက

"ကြာဖြူဆိုတာ မင်းလား. . အစ်ကိုတို့နဲ့ စခန်းကို ခဏလောက်လိုက်ခဲ့ကွာ"ဟု ဆိုလျှက် ရဲစခန်းသို့ ခေါ်ဆောင်၍သွားလေတော့၏။ ကြာဖြူမှာ ဘုမသိဘမသိဖြင့် စခန်းသို့ ရောက်သောအခါ. . .

"ကျွန်တော့်မှာ ဘာအပြစ်များ ရှိလို့လဲခင်ဗျာ"မေးမြန်းကြည့်လေလျှင်. . . ခေါ်လာသော ရဲအရာရှိက. . .

"ဒီလိုကွ. . . မနေ့ညက လူတစ်ယောက် ဘူတာရုံအဆင်းဘောလုံးကွင်းစပ်မှာ ဓားထိုးခံရပြီး သေသွားခဲ့တယ်. . . အဲဒီလူဟာ အခြားမဟုတ်ဘူး. . . မင်းနဲ့ဖြစ်နေတဲ့ မစိန်မြိုင် ဆိုတဲ့ မိန်းကလေးရဲ့ အရင်ယောကျ်ားပဲ. . . နာမည်က ခင်မောင်သန့်လို့ ခေါ်တယ်. . . အဲဒီကိစ္စအတွက် မင်းအပေါ်မှာ နည်းနည်းပါးပါး မေးမြန်းစရာရှိလို့ ခေါ်လာတာပဲ"ဟု ပြောပြလေတော့၏။

ထိုအခါမှ ကြာဖြူမှာ မျက်လုံးပြူး၍သွားလျှက်. . .

"ကျွန်တော် အဲဒီလူကို မြင်လည်းမမြင်ဖူးဘူး. . . သိလည်းမသိပါဘူး ဆရာရယ်. . . မစိန်မြိုင် ပြောပြလို့ သူအရင်တုန်းက ယောကျ်ားတစ်ယောက်နဲ့ ခိုးရာလိုက်ပြေးခဲ့ဖူးတယ်ဆိုတာတော့ သိရပါတယ်. . . ဒီပြင်တော့ သူနဲ့လည်း တစ်ခါမှ



မတွေ့ဖူးပါဘူး"ဟု ပြောလိုက်လေရာ ရဲအရာရှိက ကြာဖြူ၏ မျက်နှာကို အကဲခတ်ကြည့်ရှုလျှက်. . .

"အေးပေါ့ကွာ. . တရားကိုနတ်စောင့်ပါတယ်. . အခု လောလောဆယ်တော့ တို့အတွက် မသင်္ကာစရာလူဆိုလို့ မင်းပဲ ရှိတယ်. . ဘာဖြစ်လို့လဲဆိုရင် မန္တလေးက ညကမှရောက်လာတဲ့ ခင်မောင်သန့်အဖို့ ဒီမှာ သူ့ကို သတ်နိုင်လောက်တဲ့လူ မရှိဘူးကွ. . ဒီလိုကိစ္စမျိုးတွေက အများအားဖြင့် မိန်းမအရှုပ်အထွေးကြောင့် ဖြစ်ရတာမျိုးတွေများတယ်. . ဘာပဲဖြစ်ဖြစ် မင်း တကယ်မသတ်ဘူးဆိုရင်တော့ ဘာမှမဖြစ်ဘူးပေါ့ကွာ. . ဒါပေမယ့် လောလောဆယ် တရားခံအစစ် မပေါ်သေးခင်တော့ မစိန်မြိုင်နဲ့ လောလောဆယ် ပတ်သက်နေတဲ့ မင်းကို သံသယ(၁)တရားခံအဖြစ် ငါတို့အနေနဲ့ ခဏထိန်းသိမ်းထားရဦးမှာပဲ. . မင်းရိုးသားတဲ့အကြောင်းကိုတော့ ရပ်ကွက်လူကြီးတွေကလည်း ပြောပြပါတယ်. . ဒါပေမယ့် တရားခံဟာ ချိုပါတာမှ မဟုတ်ဘဲကွာ. ကဲ. . ခဏတော့ အချုပ်ထဲမှာ နေဦးပေါ့ကွာ. ."ဟု ဆိုလျှက် ကြာဖြူအား အချုပ်ထဲသို့ ထည့်လိုက်လေတော့၏။

ညနေဘက်သို့ရောက်သောအခါ၌မူ ကပ္ပိယကြီး ဦးဖြူသီး

သည့် ရဲစခန်းသို့လိုက်လာလျှက်..

"ဘယ်လိုဖြစ်ရတာလဲ ကြာဖြူရာ.. ငါလည်း သတင်းကြားကြားချင်း လိုက်လာခဲ့တာ"ဟု ပြောလေရာ ကြာဖြူက အဖြစ်အပျက်ကိုပြောပြ၍..

"ကျွန်တော်လည်း ဘာမှကို မသိရပါဘူး ကပ္ပိယကြီးရယ်.. သူတို့လာဖမ်းပြီးမှ ဘာဆိုတာသိရတာ.. အိမ်မှာကျန်ခဲ့တဲ့ အမေတော့ ဒုက္ခပါပဲဗျာ.. ကျွန်တော် မရှိရင် သူတစ်ယောက်တည်းနဲ့ ဒုက္ခတော့ဖြစ်ပါပြီဗျာ"ဟု ကျန်ခဲ့သော ဖခင်ကြီးအတွက် စိုးရိမ်စွာ ညည်းညူလိုက်လေ၏။

ထိုအခါ ကပ္ပိယကြီးက ကြာဖြူမျက်နှာကိုကြည့်၍..

"မင်းအမေအတွက်တော့ မပူပါနဲ့.. ငါကြည့်ထားလို့ရပါတယ်.. တကယ် မင်းသာ ခင်မောင်သန့်ကို မသတ်တာသေချာပါတယ်နော်"ဟု မေးလိုက်လေလျှင်..

"သြော်.. ကပ္ပိယကြီးရယ်.. ကျွန်တော် အဲဒီလူကိုမြင်တောင် မမြင်ဖူးပါဘူးဆိုနေ.. ဘုရားစူးရပါစေရဲ့ဗျာ"ဟု ကြာဖြူက ကျိန်လိုက်လေ၏။

ထိုအခါ ကပ္ပိယကြီး ဦးဖြူသီးက သက်ပြင်းတစ်ချက်ကို



လေးတွဲစွာချ၍..

"မင်းကိုတော့ ငါယုံပါတယ်ကွာ.. ဒါပေမယ့် အခုမင်းဆီမလာခင် အရပ်ထဲမှာ ပြောနေကြတာတွေက တစ်မျိုးဖြစ်နေတယ်ကွ.. ခက်တာ.. မင်းကောင်မလေးကိုယ်တိုင်ကပါ ခင်မောင်သန့်ကို မင်းသတ်တယ်လို့ သံသယရှိနေတာ"ဟု ဆိုလိုက်လေရာ ကြာဖြူမှာ အံ့သြလျှက်..

"ဗျာ.. စိန်မြိုင်ကပါ ဒီလိုထင်နေတယ် ဟုတ်လား" ဟု အလန့်တကြား ပြောလိုက်မိလေ၏။

"ဟုတ်တယ်ကွ.. မင်းပဲစဉ်းစားကြည့်လေကွာ.. ခင်မောင်သန့်က မနေ့ညကမှ စိန်မြိုင် ရှိတဲ့နေရာကို လိုက်လာတယ်.. ပြီးတော့.. အသတ်ခံရတယ်.. ဒီမှာက မင်းနဲ့စိန်မြိုင်ပတ်သက်နေကြတယ်.. ဘယ်လိုပဲတွေးတွေး.. မင်းအနေနဲ့သံသယစာရင်းက မလွတ်နိုင်တော့ဘူး.. ငါတောင် ကြားစက ဒီလိုပဲထင်လိုက်မိတာ.. လူတွေဟာ 'မ'နဲ့ပတ်သက်လာရင် မိုက်တတ်ကြတာကိုးကွ"ဟု ဦးဖြူသီးက ပြောလိုက်ပြန်ရာ ကြာဖြူက..

"ကျွန်တော် ဒီလောက်ထိတော့ မမိုက်ပါဘူး ကပ္ပိယကြီးရာ.. အေးလေ.. ကျွန်တော်နဲ့ အရင်းနှီးဆုံး ကပ္ပိယကြီးကိုယ်

တိုင်တောင် ဒီလိုထင်လောက်မှတော့ အခြားလူတွေဆို ပြောနေစရာတောင် မလိုတော့ဘူး.. ကျွန်တော့်ကံကိုက ဆိုးပါတယ်ဗျာ.. တကယ်လည်း စဉ်းစားကြည့်ရင် လူတိုင်းက ဒီလိုပဲ ထင်ကြမှာပဲ.. ဒါပေမယ့် အဲဒီ ခင်မောင်သန့် ဆိုတဲ့လူကို ကျွန်တော် မသတ်တာကတော့ ဘုရားမှာတောင် ကျိန်ရဲပါတယ်ဗျာ''ဟု စိတ်မာတ်ကျစွာ ပြောလိုက်လေတော့၏။

ထိုအခါ ကပ္ပိယကြီး ဦးဖြူသီးက ကြာဖြူအား ကရုဏာသက်စွာ ကြည့်ရှု၍..

''အေးကွာ.. တရားကိုနတ်စောင့်ပါတယ်.. တစ်ချိန်တော့ အမှုမှန်ပေါ်မှာပေါ့.. လောလောဆယ်တော့ မင်းအတွက် အဝတ်အစား နည်းနည်းပါးပါးနဲ့ စောင့်တစ်ထည် ငါယူလာခဲ့တယ်.. ထမင်းဟင်းဘာညာလည်း ငါပဲပို့ပေးပါ့မယ်.. လိုအပ်တာရှိရင်လည်း ငါ့ကိုပဲမှာပေါ့ကွာ.. မင်းအဖေအတွက်လည်း မပူပါနဲ့.. ငါကြည့်ထားပေးပါ့မယ်''ဟု ပြောလိုက်လေရာ ကြာဖြူမှာ ကပ္ပိယကြီးအား မှာကြားစရာများ မှာကြား၍..

''ကျေးဇူးပါပဲ ကပ္ပိယကြီးရယ်.. ဖြစ်နိုင်ရင် စိန်မြိုင်နဲ့လည်း ကျွန်တော် တွေ့ချင်သေးတယ်ဗျာ.. ပြောပေးပါဦး



ကပ္ပိယကြီးရယ်''ဟု ပြောလိုက်လေ၏။

ထိုအခါ ဦးဖြူသီးက..

''အေးပါကွာ.. ငါသွားပြီးပြောပေးပါ့မယ်.. နောက်ပိုင်းအတွက်တွေလည်း ဘာမှပူမနေပါနဲ့.. အကုသိုလ်ဝင်လာရင် ဒီလိုပဲ.. အပေါက်ရှာပြီး ဝင်လာတတ်တာပါပဲကွာ.. မင်းသာ ဒီမှာ အဆင်ပြေအောင် ခဏသည်းခံပြီးနေပါ.. မင်းကိစ္စအတွက် ငါလည်း နားလည်တဲ့လူတွေနဲ့ တိုင်ပင်ပြီး အကောင်းဆုံးဖြစ်အောင် ကြိုးစားပေးပါ့မယ်''ဟု အားပေးလျက် ကြာဖြူအတွက် စားစရာသောက်စရာ အနည်းငယ်နှင့် အဝတ်အစားစောင်တို့ကို ပေးခဲ့ကာ ပြန်၍သွားလေတော့သတည်း။ ။

❖ ❖ ❖

## ကံဆိုးလွန်းသော ကြာဖြူ

ကြာဖြူမှာ အချုပ်ထဲ၌ ယမန်ကြီး နှစ်ပတ်မျှ နေထိုင်ရပြီးနောက် ထောင်ကြီးချုပ်သို့ အပို့ခံရပြန်လေ၏။ အမှုမှာလည်း တရားခံမပေါ်ဘဲ လွန်စွာမှ ရှေရှည်၍နေလေ၏။ ထိုအတောအတွင်း စိန်မြိုင်မှာလည်း ကြာဖြူအား တစ်ကြိမ်တစ်ခါမျှ လာရောက်တွေ့ခြင်းမရှိသည့်အပြင် ၎င်းကိုယ်တိုင်မှပင် ခင်မောင်သန့်အား ကြာဖြူသတ်သည်ဟူသော သံသယဖြင့် အစစ်ခံခဲ့လေရာ ကြာဖြူမှာ စိန်မြိုင်အပေါ် အတော်ပင်စိတ်နာ၍သွားခဲ့ရလေ၏။

ထိုအခါ ကြာဖြူမှာ ထောင်ကြီးချုပ်၌ ‘ဦးဗဒင်’ဟူသော လူကြီးတစ်ယောက်နှင့် တစ်ခန်းတည်း အတူနေရလေ၏။ ဦးဗဒင်မှာလည်း ကြာဖြူနည်းတူ လူသတ်မှု၌ မသင်္ကာမှုဖြင့် ချုပ်ထား



ကြောင်း သိရလေ၏။ ထိုထောင်ကြီးချုပ်၌ ကြာဖြူမှာ လအတော်ကြာကြာ နေခဲ့ရပြန်ရာ ပထမ တစ်လနှစ်လခန့်၌ ကပ္ပိယကြီး ဦးဖြူသီးမှာ ထောင်ဝင်စာ လာရောက်၍ တွေ့ခဲ့သော်လည်း နောက်ပိုင်း၌ ကြာဖြူက ဒုက္ခများ၍ လာမတွေ့ရန်ပြောသည့်အပြင် ကပ္ပိယကြီး ဦးဖြူသီး၏ အခြေအနေမှာလည်း ထောင်ဝင်စာ တစ်ခေါက်လာတွေ့နိုင်ရန် အတော်ခက်ခဲလှသောကြောင့် နောက်ပိုင်း၌ မလာနိုင်ရှာတော့ပေ။

ထိုအခါ ဦးဗဒင် ဟူသော လူကြီးမှာမူ တစ်လတစ်ခါ ထောင်ဝင်စာ လာတွေ့ကြသူများ မပြတ်ဘဲရှိလေရာ ၎င်းထောင်ဝင်စာရတိုင်း ကြာဖြူအား ခွဲဝေပြီး ကျွေးမွေးလေ၏။ ကြာဖြူကလည်း ကျေးဇူးသိတတ်သည်နှင့်အညီ ဦးဗဒင်အား နင်းနှိပ်ပေးခြင်း ပုဆိုးအင်္ကျီလေးများ လျှော်ဖွပ်ပေးခြင်းများကို ပြုလုပ်၍ပေးလေ၏။

ဦးဗဒင်မှာ အသက်(၅၀)ခန့်အရွယ်ရှိလျှက် မျက်ခုံးကောင်းကောင်း မျက်လုံးပြူးပြူးဖြင့် အနည်းငယ် ပုပျတ်၍ တုတ်ခိုင်ကြံ့ခိုင်သော ခန္ဓာကိုယ်ရှိကာ စကားပြောရာ၌ အာဝဇ္ဇန်းရွှမ်းရွှမ်းဖြင့် ပြောဆိုတတ်လေ၏။ ၎င်း၏အသံမှာလည်း လွန်စွာမှ

အောင်မြင်လှ၏။ မည်သို့ရှိသည်မသိ။ ၎င်းအား ထောင်ဝင်စာလာတွေ့သူတိုင်းသည် ဦးဗဒင်အား 'ဆရာကြီး'ဟု ခေါ်ဝေါ်ကြလေ၏။ ထို့ကြောင့် ကြာဖြူသည်လည်း ဦးဗဒင်အား ဆရာကြီးဟုပင် ခေါ်လေ၏။ တစ်နေ့သ၌မူ ဦးဗဒင်သည် ထောင်ဝင်စာလာတွေ့သည့် ကုလားတစ်ယောက်နှင့် ကုလားစကားကို လည်လည်ဝယ်ဝယ် ပြောနေကြောင်း တွေ့ရလေရာ အပြန်၌ ကြာဖြူက

"ဆရာကြီးက ကုလားစကားလည်း အတော်ကျွမ်းပါလား"ဟု ပြောလိုက်လေရာ ဦးဗဒင်ကပြုံး၍..

"ငါငယ်ငယ်တုန်းက ဂေါ်ရင်ဂျီကုလားတွေနဲ့ အလုပ်အတူတူလုပ်ခဲ့ဖူးတယ်ကွ.. အဲဒီတုန်းက သူတို့က မြေတူးအလုပ်သမားတွေ... ငါကတော့ ဆောက်လုပ်ရေး ကန်ထရိုက် ဆိုပါတော့ကွာ.. ဒီတော့ သူတို့ဆီကနေ ကုလားစကား နည်းနည်းပါးပါး တတ်လာခဲ့တာပါကွာ.. မဆန်းပါဘူး"ဟု ရယ်၍ ပြန်ပြောလေ၏။

တစ်ရက်၌လည်း ဦးဗဒင်သည် ၎င်းအား လာရောက်တွေ့ဆုံသည့် တရုတ်မိန်းမကြီးတစ်ဦးနှင့် တရုတ်လို ရယ်ရယ်မောမော ပြောဆိုနေကြောင်း တွေ့ရပြန်ရာ အပြန်၌ ကြာဖြူက



အံ့ဩလျက်...

"ဆရာကြီးက တရုတ်စကားလည်း တတ်တာပါပဲလား" ဟု ပြောလိုက်လေရာ ဦးဗဒင်က ရယ်မော၍..

"အရင်တုန်းက တရုတ်တွေနဲ့ ငါ အလုပ်လုပ်ခဲ့ဖူးတော့ နည်းနည်းပါးပါး တတ်တာပေါ့ကွာ.. တရုတ်စကားတတ်တာ ဆန်းတာမှမဟုတ်တာ"ဟု ပြောလေ၏။ ၎င်းက မဆန်းဘူးဟု ဆိုသော်ငြား ကြာဖြူမှာမူ ဦးဗဒင် ဟူသော လူကြီးအား အတော်ပင် အထင်ကြီး၍သွားခဲ့ရလေ၏။

ဤသို့ဖြင့် နောက်တစ်ရက်၌ ဦးဗဒင်သည် ရုံးထွက်ရလေပြန်၏။ အပြန်၌မူ သားနားခံ့ထည်စွာ ဝတ်ဆင်ထားသော ရှေ့နေတစ်ဦးသည် အချုပ်ထောင်ခန်းအထိ လိုက်ပါလာလျက် ဦးဗဒင်နှင့် အမှုအကြောင်းများကို အင်္ဂလိပ်တစ်ခွန်း မြန်မာတစ်ခွန်း ပြောဆိုနေကြကုန်လေ၏။ တစ်ခါတစ်ရံ၌မူ ဦးဗဒင်က လွန်စွာ အချိုးကျပြေပြစ်သော အင်္ဂလိပ်စကားဖြင့် ပြန်ပြောသည်ကိုပါ တွေ့ရပြန်လေရာ ကြာဖြူမှာ..

"ဒီလူကြီး အင်္ဂလိပ်စကားလည်း ကျွမ်းတာပါပဲလား" ဟု အံ့ဩလျက် ရှေ့နေပြန်သွားသောအခါ၌မူ မအောင့်နိုင်တော့

ဘဲ။ ။

"ဆရာကြီးကတော့ တကယ်ပဲဗျာ။ အခုလည်း အင်္ဂလိပ်စကား ပြောလိုက်တာ မှတ်နေတာပဲ"ဟု ချီးမွမ်းလိုက်ပြန်လေ၏။ ထိုအခါ၌လည်း ဦးဗဒင်က ပြုံး၍။ ။

"အင်္ဂလိပ်စကားတတ်တာလည်း အံ့သြစရာ မဟုတ်ပါဘူးကွာ။ ။ ဘာစကားမဆို သင်ရင်တတ်တာပဲကွ။ ။ မင်းကလည်း အဆန်းလုပ်လို့။ ။"ဟု ပြန်၍ပြောလိုက်လေလျှင် ကြာဖြူက။ ။

"ဆရာကြီးကတော့ ကုလားစကားတတ်တယ် ပြောတုန်းကလည်း ဒီလိုပဲ။ ။ တရုတ်စကားတတ်တယ် ပြောတုန်းကလည်း မဆန်းဘူးပြောတာပဲ။ ။ ဘာပဲဖြစ်ဖြစ် ကျွန်တော်ကတော့ ဆရာကြီးကို အံ့သြမိတယ်ဗျာ။ ။ ဒီလို ဘာသာစကား သုံးလေးမျိုး တတ်တဲ့လူမျိုး လွယ်တာမှတ်လို့"ဟု ပြောလိုက်လေ၏။

ထိုအခါ ဦးဗဒင်က သဘောကျစွာ ရယ်မောလျှက်။ ။

"ဒီလိုဆိုရင်တော့ မင်းအနေနဲ့ ငါ့ကို အံ့သြလို့ကို ဆုံးတော့မှာ မဟုတ်တော့ဘူး မောင်ကြာဖြူရေ။ ။ ဘာဖြစ်လို့လဲဆိုတော့ ဒို့ပြင် မလေးစကား ယိုးဒယားစကားနဲ့ အခြားတိုင်းရင်းသား ဘာသာစကား တော်တော်များများပါ ငါကတတ်တာကိုးကွ"



ဟု ဆိုလိုက်လေရာ ကြာဖြူမှာ ပါးစပ်ဟောင်းလောင်း ဖြစ်၍သွားလျှက် ဦးဗဒင်အား ဆလံပေးလိုက်မိလေတော့၏။

ထို့နောက်မှ။ ။

"ဆရာကြီးအနေနဲ့ ဒီလို ဘာသာစကားတွေ အများကြီးတတ်အောင် ဘယ်လိုများ သင်ခဲ့သလဲဗျာ။ ။ ကျွန်တော်တို့များ မြန်မာစာနဲ့ မြန်မာစကားလေးတစ်မျိုးတောင် မနည်းသင်ခဲ့ရတာ"ဟု အံ့သြစွာ ပြောလိုက်လေရာ ဦးဗဒင်က။ ။

"ကမ္ဘာပေါ်မှာ ဘာသာစကားတွေ အများကြီးပါကွာ။ ။ ငါ ဒီလောက်တတ်တာ ဘာမှမပြောပလောက်သေးပါဘူး။ ။ ငါတတ်တဲ့ ဘာသာစကားတွေ အများကြီးမှ အများကြီးကျန်သေးတယ်။ ။ ဒါက အံ့သြစရာလည်း မဟုတ်ပါဘူး။ ။ ဘာမဆို လေ့လာသင်ယူရင် တတ်တာပဲကွ။ ။ မင်းအနေနဲ့ လေ့လာသင်ယူနိုင်မယ့် အခြေအနေမျိုး မရှိလို့ ဖြစ်ပါလိမ့်မယ်"ဟု ခပ်ပေါ့ပေါ့ပင် ပြောလိုက်လေ၏။ ထိုအခါမှ ကြာဖြူက ၎င်း၏ဘဝအကြောင်းများကို စီကာပတ်ကုံး ပြောပြလိုက်လျှက်။ ။

"ကျွန်တော့်ဘဝက ဒီလိုအခြေအနေမျိုးနဲ့ဆိုတော့ ဘယ်လေ့လာသင်ယူနိုင်ပါ့မလဲ ဆရာကြီးရယ်"ဟု ပြောလိုက်လေရာ

ဦးဗဒင်သည် ကြာဖြူ၏မျက်နှာအား အတန်ကြာအောင် ငေးစိုက်၍ကြည့်ပြီးမှ . .

"မင်းအဝကလည်း အတော်ကံဆိုးတာပဲကိုးကွ . . မင်းပြောပုံအရဆို အခုချိန်ထိ ကံဆိုးနေတုန်းပါလား . . ကျွတ် . . ကျွတ်" ဟု ကရုဏာသက်သော အသံမျိုးဖြင့် ပြောလိုက်လေ၏။ ထို့နောက်မှ ရုတ်တရက် . .

"မင်းမွေးနေ့နဲ့ ခုနစ်သက္ကရာဇ် ပြောစမ်းကွာ" ဟု ဆိုလိုက်လျှက် ကြာဖြူက ၎င်း၏မွေးနေ့နှင့် မွေးနေ့သက္ကရာဇ်ကို ပြောလိုက်လေလျှင် ကြမ်းပြင်၌ လက်ညှိုးဖြင့်ထောက်ကာ တွက်ချက်လိုက်လေတော့၏။

ထိုမှ ဦးဗဒင်က အောင်မြင်သော အသံဖြင့် . .

"မဟာဘုတ်အနေနဲ့ (၂)ကြွင်း တနင်္လာသားဆိုတော့ တွက်စရာတောင် မလိုဘူး . . ဘင်္ဂဖွားကွ . . ဒါပေမယ့် ဇာတာအရဆိုရင် ကရကဋ်လဂ်ဖြစ်ပြီး စနေနိစ် အင်္ဂါချုပ်ရနေတယ် . . ရာဇယောဂရုပ်တော့ ရာဇယောဂရုပ်ပဲ . . ဒါတောင် ဆယ်တန်စနေခံနေတာကြောင့် ကောင်းတာတောင် အဆိုးခံပြီးမှ ကောင်းမယ့်ကောင်းပဲ" ဟု ဆိုလိုက်လေရာ ကြာဖြူမှာ အံ့သြသွားရပြန်



လျှက် . .

"ကျွန်တော့်အဘိုး မသေခင်တုန်းကလည်း ကျွန်တော့်ကို ဒီလိုပဲ ပြောခဲ့ဖူးတယ် . . အဘိုးက ဗေဒင်ပညာ နည်းနည်းပါးပါး တတ်တယ်ဗျ . . အခု ဆရာကြီးကလည်း ဗေဒင်လည်း တတ်တာပါပဲလား" ဟု ပြောလိုက်လေ၏။ ထိုအခါ ဦးဗဒင်က . .

"ဗေဒင်တင် မဟုတ်ဘူးကွ . . အခြားလောကီပညာရပ်တော်တော်များများပါ ငါလိုက်စားဖူးတယ် . . ဒါလည်း အဆန်းတော့မဟုတ်ပါဘူးကွာ . . ပြောပြီးမြီပဲ . . ဘယ်အရာမဆို လေ့လာလိုက်စားရင် တတ်တာပဲဆိုတာ . . ဒါနဲ့ နေစမ်းပါဦး . . အခု မင်းက ဒီထဲရောက်နေတော့ အိမ်မှာ လေဖြန်းနေတဲ့ မင်းအဖေ အရက်သမားကြီး တစ်ယောက်တည်း ကျန်ခဲ့တာပေါ့" ဟု မေးလိုက်လေ၏။ ထိုအချိန်၌ပင် ရဲသားတစ်ယောက်သည် ၎င်းတို့အနီးသို့ ရောက်၍လာလျှက် . .

"ကြာဖြူရေ . . ဟောဒီမှာ မင်းနဲ့တွေ့ဖို့ လူတစ်ယောက်ရောက်နေတယ်" ဟု ပြောလိုက်ပြီး ၎င်းနောက်မှ လိုက်ပါလာသော ကပွဲယကြီး ဦးဖြူသီးကို တွေ့လိုက်ရလေ၏။ ဦးဖြူသီးက တွေ့တွေ့ချင်းပင် ဝမ်းနည်းသော အသံကြီးဖြင့် . .

"ကြာဖြူရေ… မင်းအဖေ အရက်သမားကြီးတော့ မနေ့ညကပဲ ဆုံးသွားရှာပြီကွာ… ပြီးတော့ မင်းကောင်မလေး စိန်မြိုင်လည်း မနက်ဖြန် မင်္ဂလာဆောင်တော့မယ်တဲ့… သူ့မိဘတွေ ပေးစားတဲ့ မန္တလေးက သူဌေးသားတစ်ယောက်နဲ့လို့ ပြောတာပါပဲ… မဝိုး အတော်ကံဆိုးပါလားကွာ" ဟု ပြောဆို သတင်းပေးလိုက်လေတော့ရာ ကြာဖြူမှာ မိုက်ခနဲ ဖြစ်၍သွားလျှက် အနီးရှိ သံတိုင်ကို မနည်းဖမ်းကိုင်၍ ထားလိုက်ရလေတော့သတည်း။

❖ ❖ ❖



## အဆိုးတွေနဲ့ မိတ်ဆွေဖွဲ့မယ်

ကပ္ပိယကြီး ဦးဖြူသီး ပြန်သွားပြီးသောအခါ ကြာဖြူမှာ ငိုရလွန်းသဖြင့် မျက်ရည်များပင် မကျန်တော့သကဲ့သို့ ရှိလေတော့၏။ ထိုအခါ ဦးပဒင်က ကြာဖြူအား ဂရုဏာသက်စွာ ကြည့်ရှု၍…

"ငိုစမ်းကွာ… အားရပါးရ ငိုပစ်လိုက်… မင်းရင်ထဲမှာ တင်းကြပ်နေတာတွေ အားလုံး ပျောက်သွားတဲ့အထိ လွတ်လွတ်လပ်လပ် ငိုချပစ်လိုက်… အေး… မင်းငိုလို့ဝပြီဆိုရင်တော့ မင်းကို ငါ ပြောစရာတွေ အများကြီးရှိတယ်… အခု မင်းငိုခဲ့တဲ့ မျက်ရည်တွေဟာ မင်းဘဝအတွက် နောက်ဆုံးကျတဲ့ မျက်ရည်တွေလို့ သဘောထားလိုက်တော့ မောင်ကြာဖြူ" ဟု ထူးခြား

လေးနက်စွာ ဆိုလိုက်လေ၏။

ကြာဖြူလည်း ငို၍ဝလေလျှင်..

"အခု. ဆရာကြီး သိတဲ့အတိုင်း ကျွန်တော့်အဖြစ်က အခုချိန်ထိ ကံကိုမကောင်းနိုင်ဘူး ဆရာကြီးရယ်.. အမေဆိုတာကို ကျွန်တော့်ဘဝမှာ မမြင်ဖူးခဲ့ဘူး.. အခု အဖေ သေပြန်တော့လည်း သင်္ဂြိုဟ်ခွင့်လေးတောင် မရပြန်တော့ဘူး. အဆိုးဆုံးကတော့ ဆရာကြီးရယ် ပထမဦးဆုံး ကျွန်တော် ချစ်ခဲ့တဲ့ မိန်းကလေးက သစ္စာမဲ့ ဒုက္ခပေးခဲ့တာ တွေးပြီး အခံရအခက်ဆုံးပဲ"ဟု ပြောလိုက်လေရာ ဦးဗဒင်က ကြာဖြူ၏ပခုံးကို ကြင်နာစွာ ဆုပ်ကိုင်လျှက်..

"အခု.. မင်းဘဝမှာ တစ်ဦးတည်းသော သွေးသားရင်းဖြစ်တဲ့ မင်းအဖေ သေသွားပြီဆိုတော့ လောကကြီးထဲမှာ မင်းအနေနဲ့ တစ်ကောင်ကြွက်ကလေး ဖြစ်သွားပြီပေါ့.. အေးဗဒင်ဆိုတဲ့ ငါကလည်း လောကကြီးထဲမှာ ဆွေမရှိ မျိုးမရှိ မိသားစုမရှိတဲ့ မင်းလို တစ်ကောင်ကြွက်တစ်ယောက်ပါပဲကွာ. ဒါပေမယ့် အခုတော့.. ငါ့ဘဝမှာ တစ်ကောင်ကြွက် မဟုတ်တော့ဘူး.. သားတစ်ယောက် ကောက်ရလိုက်ပြီကွ.. အဲဒါ



ကတော့ ကြာဖြူဆိုတဲ့ မင်းပဲ.. အခုချိန်ကစပြီး မင်းဘာမှ အားမငယ်တော့နဲ့ ငါ့သား.. လောကကြီးထဲမှာ အဆိုးတွေချည်း တွေ့နေရင် အဲဒီ အဆိုးတွေကိုပဲ ဝယ်လ်ကမ်းလုပ်ပြီး ဒင်းတို့နဲ့ ပျော်ပျော်ကြီး မိတ်ဆွေဖွဲ့လိုက်ကြတာပေါ့ကွာ"ဟု ထူးဆန်းစွာ ပြောလိုက်လေတော့သတည်း။ ။

❖❖❖

## အသုံးချတဲ့လူအပေါ်မှာသာ မူတည်တယ်

အထက်ပါ အဖြစ်အပျက်များသည် ကြာဖြူ၏ဘဝအား တစ်ဆစ်ချိုး ပြောင်းလဲသွားစေမည့် အဖြစ်အပျက်နိဒါန်းတစ်ခု ဟု ဆိုနိုင်လေ၏။ တစ်နည်းဆိုမူ ဖြူစင်သန့်ရှင်း ရိုးသားသော မောင်ကြာဖြူ၏ နှလုံးသား၌ နာကျင်မှု အနက်စက်ကလေးတစ်ပျောက် စွဲထင်ခဲ့ရသော အဖြစ်အပျက် အစတစ်ခုဟုလည်း ဆို၍ရနိုင်ပေတော့၏။

အမှန်ပင် ကြာဖြူ ဟူသော ပန်းကလေးတစ်ပွင့်၌ အနက်ရောင် ရွှံ့စက်တစ်စက်သည် စတင်ကပ်ငြိခဲ့ရလေ၏။

ကြာဖြူသည် ဦးဗဒင် ပြောပြခဲ့သဖြင့် ၎င်း၏ နာကျည်းဖွယ်ရာ ဘဝအကြောင်းများကိုလည်း သိရှိခဲ့ရပေတော့၏။



ထိုအခါ ဦးဗဒင်က..

"တကယ်တော့ လောကကြီးက မတရားတာ မဟုတ်ဘူးကွ.. လောကကြီးက သူ့ဟာသူနေတာ.. လူတွေက မတရားကြတာကွ.. ငါကတော့ ငါ့ကို လူမိုက်ပဲပြောပြော.. ဒိဋ္ဌိကောင်ကြီးလို့ပဲပြောပြော.. အမှန်တရားအတွက် ငါကတော့ ဆက်မိုက်နေဦးမှာပဲ.. ငါပြောပြပြီးခဲ့သလိုပေါ့ကွာ.. မင်းမှာက မင်းကို မွေးခဲ့တဲ့ မင်းအဖေ မလိမ္မာလို့ မိုက်ခဲ့လို့ ဘဝမှာ ဒုက္ခဆင်းရဲတွေနဲ့ တွေ့ကြုံခဲ့ရတာယ်.. ဒီတော့ မိဘတိုင်းဟာ အမှန်လို့ ယူဆလို့ ဖြစ်ပါတော့မလား.. လောကကြီးထဲမှာ သားသမီးကမှန်ပြီး သူတို့ကိုယ်တိုင် မှားနေကြတဲ့ မိဘတွေ အများကြီးရှိကြတယ်.. ခက်တာက လူတွေဟာ မိဘမေတ္တာဆိုတာကိုတော့ စာပေတွေ ရုပ်ရှင်ဇာတ်လမ်းတွေနဲ့ အများကြီး ဖွဲ့နွဲ့အမွှန်းတင်ကြတယ်.. သားသမီးတွေက မိဘတွေအပေါ်ထားတဲ့ မေတ္တာကိုကျတော့ ဘယ်သူမှ မဖော်ညွှန်းကြဘူး.. မဖွဲ့နွဲ့ကြဘူး.. မေတ္တာတရားဆိုတာ မိဘတစ်ဦးတည်းအပေါ်မှာသာ မူပိုင်ရှိတာ မဟုတ်ပါဘူးကွာ.. သားသမီးတွေအပေါ်မှာလည်း ရှိတာပဲ.. ဘာပဲကြည့်ကြည့် တစ်ဘက်သတ်အမြင်နဲ့ မကြည့်သင့်ဘူး..

နှစ်ဘက်မျှပြီး ကြည့်သင့်တာပေါ့ကွာ''ဟု ပြောလိုက်လေရာ ကြာဖြူကလည်း ဦးဗဒင်၏စကားအား လွန်စွာမှ သဘောကျ၍ သွားလျှက်. . ''ကျွန်တော် ဆရာကြီးပြောတာကို သဘောကျတယ်ဗျာ''ဟု ထောက်ခံလိုက်လေ၏။

''မင်းစဉ်းစားကြည့်လေ. . 'သစ္စာ'ဆိုတာ အမှန်တရားကွ. . မြတ်စွာဘုရားလို လောကမှာ အတုမရှိတဲ့ ပုဂ္ဂိုလ်ကြီးကတောင် ကာလာမသုတ်မှာ. . ငါ့ကိုလည်း မကြည်ညိုသေးနဲ့ဦး. . ငါပြောတဲ့တရားတွေကိုလည်း အမှန်လို့ မယူဆသေးနဲ့ဦး. . ကိုယ်တိုင်လေ့လာလုပ်ကြည့်ပြီး မိမိအတွက် အကျိုးတကယ်ရှိတယ်ဆိုတာ သိရမှ လက်ခံပါလို့ ပြောထားတာကွ. . တို့ရှေးလူကြီးတွေမှာ အားနည်းချက်တစ်ခု ရှိတယ်ကွ. . နောင်လာနောက်သားတွေကို တစ်လိုင်းသေဖြစ်အောင် ဆုံးမခဲ့တာတွေပဲ. . ဥပမာကွာ. . 'နေဝင်မိုးချုပ် မား၊ ကပ်ကြေးတွေကို တချုပ်ချုပ် မဆော့နဲ့. . ကျားကိုက်တတ်တယ်'ဆိုတဲ့ ပုံစံမျိုးတွေပေါ့. . နေဝင်မိုးချုပ်အချိန်မျိုး မားတွေကပ်ကြေးတွေကို ဒီလိုဆော့ရင် အပမှီတာတွေ ထိခိုက်တာတွေ ဖြစ်တတ်တယ်ကွ. . ဒါကို မလုပ်နဲ့လို့ ဆုံးမခဲ့ရမှာကို မလုပ်ကောင်းဘူး. . ကျားကိုက်တတ်



တယ်လို့ တစ်လိုင်းသေအသိမျိုး စွဲဝင်အောင် ဆုံးမခဲ့ကြတာမျိုးပေါ့ကွာ. . နောက်ရှိပါသေးတယ်. . ကြမ်းကန့်လန့် မအိပ်ကောင်းဘူးတဲ့. . အိပ်တော့ဘာဖြစ်လဲ. . ကျော်နာတာတို့ ခါးနာတာတို့ အခန့်မသင့်ရင် ဖြစ်တတ်တာပေါ့ကွာ. . ဒီလို အားနည်းချက်တွေက နောင် အသိမနက်တဲ့ လူတွေအတွက် တစ်လိုင်းသေလေ့နံ့ခားထစ် အမှတ်တွေ ဖြစ်ကုန်ကြတာပဲကွ. . 'မိဘစကားနားထောင် မဆင်းရဲဘူး'ဆိုတာတွေ 'မိဘမျက်ရည်တစ်စက် သားသမီး ဆင်းရဲတစ်သက်'ဆိုတဲ့ စကားတွေ ဖြစ်လာတာပဲ. . တကယ်က. . အများအားဖြင့် မိဘတိုင်း ကောင်းကြတာများတယ်. . ဆိုးတဲ့မိဘမျိုးက နည်းတာကိုးကွ. . သားသမီးတွေကျတော့ သားသမီးဆိုးတွေက များတယ်. . သားသမီးကောင်းတာတွေက နည်းကြတာကိုး. . ဒါကို ရှေးလူကြီးတွေက တစ်လိုင်းသေ 'မိဘစကားနားထောင် မဆင်းရဲဘူးလို့ လေ့နံ့ခားထစ် ဆုံးမသွားကြတာ. . တကယ်လို့ ဆိုးတဲ့မိဘမိုက်တွေစကား နားထောင်မိရင် ဘယ်လိုဖြစ်မလဲ. . တကယ်တော့ မိဘရယ် သားသမီးရယ်မှာ မိဘမှကောင်းတယ် သားသမီးဆိုတာ မီးပဲ. . ဆိုးတယ်လို့ တရားသေ သတ်မှတ်လို့ မရပါဘူးကွာ''ဟု ပြော၍

ဦးဗဒင်က စကားကို ခေတ္တဖြတ်လိုက်လေ၏။ ထို့နောက်မှ ဆက်၍..

"ငါလည်း လက်ခံပါတယ်ကွ..မိဘဆိုတာ မွေးထားတဲ့ ကျေးဇူးတစ်ခုနဲ့တင် ကျေးဇူးဆပ်လို့ မကုန်တဲ့ အနန္တဂိုဏ်းဝင် ကျေးဇူးရှင်တွေဆိုတာ..ဒါပေမယ့် မင်းနဲ့ ငါ့လို မိဘဆိုးတွေနဲ့ ကံဆိုးစွာ ရေစက်ဆုံခဲ့ကြရတဲ့ သားသမီးမျိုးတွေအတွက်တော့ ဘယ်လိုပြောရတော့မတုံး..မိဘ မဟုတ်တာကို မဟုတ်ဘူးလို့ ပြောခွင့်မရှိကြတော့ဘူးလား..ဒါကတော့ ဒီလိုမဟုတ်ဘူး..ဒီလိုဒီလို ရှိတယ် အမေရယ်..အဖေရယ်လို့ ထောက်ပြလို့ မရရတော့ဘူးလား..ခက်တော့ ခက်ပါတယ်ကွ..မိဘက သားသမီးကို မကောင်းမြစ်တာ ကောင်းရာညွှန်လတ်ဆိုသလို မကောင်းတာကို တားကောင်းတာကို ညွှန်ပြတာကိုတော့ 'ဆုံးမ' တာလို့ ပြောကြတယ်..သားသမီးက မှားနေတဲ့မိဘကို မှန်ရာညွှန်ပြပေးတာမျိုးကျတော့ ဘယ်လိုပြောရတော့မလဲ..မိဘကို ဆရာလုပ်တယ်..မအေထက် သားတစ်လကြီးတယ် ဆိုတာမျိုးတွေ တစ်ဖက်သတ် အပြောခံရတော့တာပဲဟေ့..ဟား..ဟား..ငါကလည်း အဲဒါမျိုးတွေ မခံချင်တာ..ဒါကို



မိုက်တယ်ပြောရင် ငါကတော့ လူမိုက်ဘွဲ့ကို ပြုံးပြုံးကြီး ခံလိုက်မှာပဲကွ"ဟု ဦးဗဒင်က ပြောလိုက်ပြန်လေရာ ကြာဖြူက လက်မတစ်ချောင်းကိုထောင်ပြ၍ အားပါးတရဖြင့်..

"သဘောကျတယ်ဗျာ"ဟု ထောက်ခံလိုက်ပြန်လေ၏။

"ဥပမာကွာ..မင်းအဖေကတော့ မပြောတတ်ဘူး..ငါ့အမေကြီးဆိုရင်..သားတွေကို နင်တို့ငါမွေးမှကြီးရတာမအေကို မှန်မှန်မှားမှား ဘာတစ်ခွန်းမှ ပြန်ပြောစရာ မလိုဘူးဆိုတဲ့ တစ်ဖက်သတ်အတွေးနဲ့ ချွေးမတွေအစ အားလုံးကို သူပြောတာနာခံ..သူပြောတဲ့အတိုင်းလုပ်..သူ့ကို တလေးတစားဆက်ဆံ ဒါမျိုးလုပ်တာကွ..ဒါပေမယ့် သူလုပ်သမျှ ပြောသမျှတွေဟာ အားလုံး (၁၀)ခုမှာ (၈)ခုလောက်က အလွဲတွေချည်းပဲဟေ့..ပင်ကိုယ်အသိပညာဉာဏ်ကလည်း နည်းရှာတာကိုးကွ..ဒီတော့ ငါကပြောတယ်..အမေလို့..သားသမီး ချွေးမတွေဖြစ်ဖြစ် သူစိမ်းတွေဖြစ်ဖြစ်..ငါ့ကို လေးစား ငါ့ကိုရိုရိုသေသေဆက်ဆံလို့ သွားပြောလို့မရဘူး..တစ်ဖက်သား လေးစားတယ် ရိုသေတယ်ဆိုတာ..ကိုယ်ကိုယ်တိုင်က ရိုသေအောင်လေးစားအောင် အပြောအဆို အနေအထိုင်တတ်ပါမှ တစ်ဖက်

က ရှိသေလေးစားကြတာ''လို့ သွားပြောပြမိတယ်. . . တကယ်လည်း လူရှိသေတယ် လေးစားတယ်ဆိုတာ ပါးစပ်နဲ့ ငါ့ကို ရှိသေကြ လေးစားကြလို့ ပြောလို့မှမရတာ. . . ကိုယ့် ကိုယ်ကျင့်သိက္ခာ အပြောအဆို အနေအထိုင်ပေါ်မှာပဲ မူတည်ပြီး လူတွေက ရှိသေကြ လေးစားကြတာ မဟုတ်လားကွ. . . ဒါကိုပဲ ငါက အဲဒီလိုလည်း ပြောမိရော ငါ့အမေကြီးဆိုတာ ဒေါသူပုန်ထပြီး သူ့ကို ဒီလိုပြန်ပြောရပါ့မလားဆိုပြီး ငါ့ကို ပြောဆိုကျိန်ဆဲလိုက်တာ မိုးကိုမွှန်ရောဟေ့. . . ခက်ဘူးလားကွာ. . . နောက် မိဘဆိုတာ သားသမီးကို အာပဲဖြစ်ဖြစ် မကျိန်ဆဲကောင်းဘူးကွ. . . မိဘရဲ့ပါးစပ်က အာဏာစက်ဟာ သားသမီးတွေအပေါ် သိပ်ထိတယ်. . . သားသမီးတွေအပေါ် ကျိန်ဆဲတတ်တဲ့မိဘဟာ မိဘမပီသတော့ဘူးကွ. . . သားသမီးတွေအပေါ်မှာ မေတ္တာတရားကြီးမားတာ မိဘရဲ့ ဝိသေသနဘဲကွ. . . အခု ငါ ဒီလိုပြောပြနေတာတွေဟာလည်း မိဘတွေအပေါ် စော်ကားလိုစိတ်နဲ့ ပြောပြနေတာမဟုတ်ပါဘူးကွာ. . . လွဲမှားနေတာတွေကို သိစေချင်လွန်းလို့ ပြောပြနေရတာ. . . ငါ့အမေအပေါ်မှာလည်း ငါ အခုချိန်ထိ တစ်စုံတစ်ရာ ပြစ်မှားလိုစိတ် မရှိခဲ့ပါဘူး. . . သူ့ဘဝကို



သနားတာပဲရှိတယ်. . . လူမှာ 'အသိ'ဟာ အင်မတန် အရေးကြီးတယ်ကွ. . . မိဘတွေ မလိမ္မာရင် သားသမီးတွေ ပျက်စီးတယ်ကွ. . . ငါ့ညီတွေ အစ်ကိုတွေဆိုရင် အားလုံး အရက်သမားချည်းဖြစ်ပြီး ဘဝတွေပါ ပျက်စီးကုန်ကြရတယ်. . . ထားလိုက်ပါတော့ကွာ. . . အခုချိန်မှ ဒါတွေပြန်ပြောပြနေလို့လည်း ဘာမှအကျိုးမရှိတော့ပါဘူး. . . အဓိက. . . မင်းဘဝလေးဟာ ငါ့ဘဝနဲ့ ခပ်ဆင်ဆင်တူနေလို့ ဒါတွေကို ပြန်ပြောပြဖြစ်တာ''ဟု ဦးဗဒင်က စကားကို လက်စသိမ်းလိုက်လေတော့၏။

ကြာဖြူကား အထက်ပါ ဦးဗဒင် ဆိုသူ လူကြီးနှင့် ခင်မင်ပေါင်းဖက်မိခြင်းမှ အစပြု၍ ၎င်း၏ ဒဿနဆန်ဆန် စကားများသည် နှလုံးသားအတွင်း တစ်စထက်တစ်စ စွဲဝင်၍ သွားခဲ့လေ၏။

ထိုအခါ ၎င်းတို့နှစ်ဦး၏ အယူအဆ စိတ်ဓာတ်များသည် အလွဲမှားကြီး လွဲမှားနေသည်လည်း ဖြစ်တန်ရာ၏။ သို့တည်းမဟုတ် တစ်ဘက်စွန်းရောက် အမှန်တရားများလည်း ဖြစ်တန်ရာ၏။ သို့သော် မည်သို့ဆိုစေ ထိုသူနှစ်ဦးသည် စိတ်တူသဘောတူ ပေါင်းဖက်မိသွားကြသည်မှာမူ အမှန်ပင် ဖြစ်ချေတော့၏။

ထိုအခါ ဦးဗဒင်သည် ၎င်း၏အယူအဆ သဘောတရားများသာလျှင်မက ၎င်းတတ်မြောက်ထားသည့် ပညာရပ်မျိုးစုံကိုပါ အချုပ်ထောင်ထဲတွင်ပင် ကြာဖြူအား တစ်စတစ်စ သင်၍ပေးခဲ့လေ၏။ ၎င်းသင်ပေးသော ပညာရပ်များ၌ ဗေဒင်ပညာလည်းပါ၏။ ဖဲလိမ်ရိုက်နည်းပညာများလည်း ပါ၏။ အကြောပညာ အနှိပ်ပညာများလည်း ပါ၏။ ဖောက်ထွင်းဝိဇ္ဇာ သော့တုပညာများလည်း ပါ၏။ ဓာတ်ဆေးအင်း ပညာများနှင့် ရုပ်ဖျက်လက်လွှဲ ပညာရပ်များလည်း ပါဝင်လေ၏။ ထို့ကြောင့် အကောင်းအဆိုး ပညာရပ်ပေါင်းစုံကို သင်ပေးသည်ဟု ဆိုနိုင်၏။ သို့သော် ဦးဗဒင်က ထိုပညာရပ်များကို သင်ပေးအပြီး . .

"အခု မင်းကိုသင်ပေးခဲ့တာတွေက အားလုံးဟာ အခြေခံသဘောတွေလောက်ပဲကွ . . အဓိက မင်းဦးနှောက်ထဲမှာ မှတ်ရမှာက ဘာပညာရပ်ပဲဖြစ်ဖြစ် အသုံးပြုတဲ့လူအပေါ်မှာ မူတည်ပြီး အကောင်းအဆိုး ကွဲပြားသွားတယ်ဆိုတာပဲ . . ပညာရပ်တွေချည်းသက်သက်မှာ ဘာအကောင်းအဆိုးမှ မရှိဘူး . . ပညာရပ်တိုင်းဟာ တတ်ထားသင့်တဲ့ အရာတွေချည်းပဲဆိုတာသာ မြဲမြဲမှတ်ထားပေတော့ . . မင်းနဲ့ငါ အပြင်ရောက်ရင်တော့ ဒီပညာရပ်



တွေကို ကျွမ်းကျွမ်းကျင်ကျင် အသုံးချနိုင်တဲ့အဆင့်ထိ ထပ်ပြီး သင်ပေးတာပေါ့ကွာ"ဟု ထူးဆန်းစွာ ပြောခဲ့လေတော့သတည်း။

❖ ❖ ❖

## အချုပ်ထောင်ကလွတ်ပြီ

တစ်နေ့သ၌မူ ဦးဗဒင်က..

"မောင်ကြာဖြူရေ..မနက်ဖြန်ဆို ငါ့အမှုကို အမိန့်ချတော့မယ်ကွ..အထောက်အထားမရှိ မျက်မြင်သက်သေ မရှိတဲ့အတွက် ငါ့အတွက် လွတ်ဖို့ရာ သေချာပါတယ်ကွာ..ဒီတော့ ငါမှာခဲ့ချင်တာ ငါ တကယ်လို့ မနက်ဖြန်လွတ်ရင် မင်းအနေနဲ့ စိတ်အားမငယ်နေဖို့ပဲ..ငါ့အထင်ပြောရရင် မင်းအမှုလည်း ရှေ့အပတ်ထဲလောက်ဆို ပြတ်ဖို့များတယ်ကွ..ဒီတော့ ဘာပဲဖြစ်ဖြစ် မင်း အချုပ်က ထွက်တဲ့နေ့မှာ ငါလာပြီး ကြိုနေမယ်ဟေ့..မင်းအနေနဲ့ အခုချိန်မှာ ဘာသံယောဇဉ် တွယ်စရာမှလည်း မရှိတော့ဘူး မဟုတ်လားကွာ..ဒီတော့ အချုပ်က



ထွက်ပြီးရင် ငါနဲ့ တစ်ခါတည်းသာ လိုက်ခဲ့ဖို့ စဉ်းစားထားပေါ့"ဟု ပြောလေရာ ကြာဖြူကလည်း စဉ်းစား၍..

"ကျွန်တော်လည်း ရပ်ကွက်ထဲကို ပြန်ပြီး မျက်နှာမပြချင်တော့ပါဘူးဗျာ..အဆိုးဆုံးက ဟိုကောင်မနဲ့ လုံးဝကို မျက်နှာမဆိုင်ချင်တော့တာပဲ..ဘာပဲဖြစ်ဖြစ် ကျွန်တော် ဆရာကြီးနဲ့ပဲ လိုက်ဖြစ်မှာပါ..စိတ်သာချ ဆရာကြီးရေ..ဆရာကြီးပြောသလို ကျွန်တော်တို့နှစ်ယောက် ပေါင်းပြီး အဆိုးဆိုတာတွေနဲ့ မိတ်ဆွေဖွဲ့လိုက်ကြတာပေါ့"ဟု ပြန်ပြောကာ ရယ်လိုက်လေ၏။

ထိုအခါ ဦးဗဒင်ကလည်း သဘောကျစွာ ရယ်မော၍

"ဒါပေမယ့် တစ်ခုတော့ရှိတယ်ကွနော်..ငါက လူလိမ်မှာတော့မဟုတ်ဘူး..အများက လူမိုက်ဗဒင်လို့ သမုတ်ထားတဲ့ လူတစ်ယောက်ကွ..လုပ်သမျှ အလုပ်တွေကလည်း လူတွေအားလုံးနဲ့ သဟဇာတမဖြစ်တဲ့ အလုပ်တွေချည်းပဲကွ"ဟု ဆိုလိုက်လေရာ..

"ကောင်းတာပေါ့ ဆရာကြီးရယ်..လူတွေအားလုံးနဲ့ သဟဇာတမဖြစ်ရင် ကျွန်တော်နဲ့တော့ သဟဇာတဖြစ်မှာ သေချာတယ်..နောက်တစ်ခုကလည်း ကျွန်တော့်ဘဝမှာ မွေးကတည်း

က ကြာဖြူလေးက သနားပါတယ်‌ . . ကြာဖြူလေးက သိပ်ပြီး ရိုးသားတာပဲ ဆိုတဲ့ စကားတွေပဲ ကြားလာခဲ့ရတာ . ဒီတစ်ခါ တော့ ကြာဖြူဆိုတဲ့အကောင် သိပ်မိုက်တာပဲ . . တော်တော် ဆိုးတဲ့အကောင်ပဲ ဆိုတဲ့ စကားလေးတွေ ပြန်ကြားရတော့မှာပါ ဆရာကြီးရယ် . . ဒါမှလည်း သေသွားတဲ့ ကျွန်တော့် 'ပါတာပီတ' ဖခင်ကြီး ပြောခဲ့တဲ့ စကားနဲ့ ညီတော့မပေါ့''ဟု ကြာဖြူက ပြန်၍ပြောလိုက်လေ၏။

''မင်းကလည်း 'မာတာပီတ' လုပ်စမ်းပါ . ဘယ့်နှယ် 'ပါတာပီတ' ရမှာတုန်း''ဟု ဦးဗဒင်က ပြောလိုက်လေလျှင် . .

''ကျွန်တော့်ဘဝမှာ အမေဆိုတာမှ မရှိခဲ့ဘဲ ဆရာကြီး ရဲ့ . . . အဖေပဲရှိခဲ့တဲ့ဟာ . . ဒါကြောင့် 'ပါတာပီတ' ပေါ့ခင်ဗျ'' ဟု ပြန်၍ပြောကာ နှစ်ယောက်သား အားပါးတရ ရယ်မောလိုက် ကြလေတော့၏။

ထို့နောက် များမကြာမီတွင်ပင် ဦးဗဒင်အား ရုံးတော်မှ အပြစ်မရှိဟုဆိုကာ အမှုမှ တရားသေ လွှတ်လိုက်လေတော့၏။

ဦးဗဒင်သည် အချုပ်မှထွက်ခါနီးတွင် . .

''မောင်ကြာဖြူရေ . . ငါမှာတာတွေကို မမေ့နဲ့နော် . မင်းထွက်တဲ့အချိန် အပြင်မှာ ငါဆက်ဆက်ကြိုနေမှာနော်''ဟု မှာ၍ သွားလေ၏။



နောက်တစ်ပတ်တိတိ ရှိလေလျှင်ကား ကြာဖြူ၏အမှု ကိုလည်း ရုံးတော်မှ တရားသေလွှတ်လိုက်လေတော့၏။ အကြောင်း မှာ ခင်မောင်သန့်အား သတ်သည့် တရားခံအား ဖမ်းမိခြင်း ကြောင့် ဖြစ်လေ၏။ တရားခံမှာ ခင်မောင်သန့်နှင့် ငွေရေးကြေး ရေး အရှုပ်အရှင်းတစ်ခုဖြင့် ရန်စရှိခဲ့သူဖြစ်ပြီး ကံအားလျော်စွာ ကြာဖြူတို့ မြို့လေးသို့ရောက်ခိုက် မမျှော်လင့်ဘဲ တွေ့လိုက်ရ သော ခင်မောင်သန့်အား အခွင့်ရခိုက် လက်စတုံးလိုက်ခြင်း ဖြစ်လေ၏။

ကြာဖြူ၏အမှုမှာ ရုတ်တရက် တရားခံမိ၍ ရှောင်တခင် အမိန့်ချလိုက်ခြင်း ဖြစ်ပေရာ ကပ္ပိယကြီး ဦးဖြူသီးပင် မသိရှိဘဲ ကြာဖြူမှာ အချုပ်ထောင်မှ ထွက်ခဲ့ရလေတော့၏။

သို့သော် . . လွယ်အိတ်တစ်လုံးလွယ်လျက် အပြင်သို့ ရောက်သည်နှင့် . . .

''ဟော့ . . မောင်ကြာဖြူလေး''ဟူသော နှုတ်ဆက်သံ နှင့်အတူ ဦးဗဒင်အား ဝတ်ကောင်းစားလှများဖြင့် တွေ့လိုက်ရ

လေတော့၏။

"ဟာ..ဆရာကြီး..ကျွန်တော့်ကို လာကြိုနေတာလား"ဟု ကြာဖြူက ဝမ်းသာအားရ မေးလိုက်လေလျှင်..,

"ဒါပေါ့ကွ...ရုံးက ငါ့မိတ်ဆွေ ရှေ့နေတစ်ယောက်ကို မှာထားလို့...မင်းအမှု ဒီနေ့ လွှတ်လိုက်တယ်ဆိုတာ ငါကြိုသိနေတယ်လေကွာ...လာကွာ...အချုပ်ထဲမှာ (၇)လကျော် (၈)လလောက် အဟာရဒုက္ခ ခံစားခဲ့ရတာဆိုတော့ စားသောက်ဆိုင်ကောင်းကောင်း တစ်ဆိုင်မှာ အရင်ဆုံးသွားပြီး စားသောက်ကြမယ်...လာဟေ့"ဟု ဦးဗဒင်ကပြော် လမ်းဘေးတွင် ရပ်ထားသော ကားဖြူလေးတစ်စီးထံ လက်ကို ပြလိုက်လေ၏။

"ဒါ..ဆရာကြီးကားလား"ဟု ကြာဖြူက အံ့သြဟန်ဖြင့် မေးလိုက်လေလျှင်...

"လူမိုက်ဆိုပေမယ့် ဗဒင်ဟာ ဆင်းရဲတဲ့လူမိုက် မဟုတ်ပါဘူး ငါ့လူရာ...ဟဲဟဲ...တက်ပါ...အခုချိန်ကစပြီး မင်းဟာ ငါ့မွေးစားသား ဖြစ်သွားပြီပဲ...ဒီကားဟာလည်း မင်းကားပဲပေါ့ကွာ"ဟု ဦးဗဒင်က ပြော၍ ရယ်လိုက်လေ၏။

ထို့နောက် ၎င်းတို့နှစ်ယောက်သည် ကားပေါ်သို့ တက်



ရောက်လိုက်ကြပြီး အကောင်းဆုံး စားသောက်ဆိုင်တစ်ဆိုင်သို့ မောင်းနှင်ထွက်ခွာခဲ့ကြလေတော့၏။

ကြာဖြူမှာ ကားပေါ်တွင်လိုက်ပါရင်း ဦးဗဒင်၏အခြေအနေကိုကြည့်ကာ အံ့သြနေမိလေ၏။

ထိုအခါ ဦးဗဒင်က ကားကို ကျင်လည်စွာ မောင်းနေရင်းမှ ကြာဖြူ၏ အခြေအနေကို သဘောပေါက်လျှက်..

"ဘာလဲကွ..ငါ့အခြေအနေကိုကြည့်ပြီး အံ့သြနေတာလား..ဒီလောကဟာ အဆန်းမဟုတ်ပါဘူးကွာ..ပါးရည်နပ်ရည်နဲ့ ကြိုးစားနိုင်ရင် ဘာမဆိုဖြစ်နိုင်ပါတယ်"ဟု ပြုံး၍ ပြောလိုက်လေ၏။

ထိုအခါ ကြာဖြူက..

"အမှန်တိုင်းဝန်ခံရရင် ကျွန်တော် ဆရာကြီးကို ဒီလောက်အခြေအနေ ရှိလိမ့်မယ်လို့ မျှော်လင့်မထားမိဘူး"ဟု ပြောလိုက်လေရာ ဦးဗဒင်က သဘောကျစွာ ရယ်မော၍..

"ထားလိုက်ပါကွာ..ဒါဟာ အဆန်းမှမဟုတ်ဘဲ..အိမ်ရောက်မှ ငါ့အကြောင်းတွေကို ပြည့်ပြည့်စုံစုံ ပြောပြပါ့မယ်..အခုလောလောဆယ်တော့ မင်းခေါင်းထဲမှာ ဒီကိစ္စတွေ ခဏမေ့

ထားပြီး ဘာစားချင်တယ် သောက်ချင်တယ် ဆိုတာသာ စဉ်းစားထား. . ငါကတော့ တစ်ပတ်ရှိတာတောင် စားလို့သောက်လို့ မဝသေးဘူးကွ”ဟု ပြောကာ အားပါးတရ ရယ်မောလိုက်ပြန်လေတော့သတည်း။ ။

◆◆◆



## မွေးစားသား မောင်ကြာဖြူ

မောင်ကြာဖြူအဖို့ ဦးဗဒင်နှင့် တွေ့ပြီးနောက်ပိုင်း အံ့သြစရာများချည်း ဖြစ်၍နေလေ၏။ ဦးဗဒင်သည် ကြာဖြူအား အချုပ်ထောင်မှ ထွက်ထွက်ချင်း အကောင်းဆုံး စားသောက်ဆိုင်တစ်ဆိုင်သို့ ကားဖြင့် ခေါ်ဆောင်သွားပြီး အကောင်းဆုံး အစားအသောက်များကို တဝတပြ မှာယူကျွေးမွေးခဲ့လေ၏။ ထိုမှ ၎င်း၏အိမ်သို့ ခေါ်ဆောင်သွားပြန်ရာ ဦးဗဒင်၏အိမ်မှာ ကျယ်ဝန်းသောခြံကြီးနှင့် လွန်စွာမှ သားနားသပ်ရပ်လှသော နှစ်ထပ်တိုက်အိမ်ကြီးတစ်လုံး ဖြစ်၍နေလျှက် ခြံဝ၌လည်း•

ဒေါက်တာဗဒင်

စိတ်ရောဂါအထူးကုဆရာဝန်ကြီး ဟူသော ဆိုင်းဘုတ်

ကို ချိတ်ဆွဲထားကြောင်းကို အံ့ဩဖွယ် တွေ့ရှိခဲ့ရလေတော့၏။

ထို့ကြောင့် ကားပေါ်မှ ဆင်းလျှင်ဆင်းခြင်း ကြာဖြူက

"ဆရာကြီးပြောတော့ လူမိုက်ကြီးဆိုလို့ ကျွန်တော်က အဟုတ်မှတ်နေတာ . . လက်စသတ်တော့ ဆရာဝန်ကြီးပဲ . . ဒါကြောင့် လူတွေက 'ဆရာကြီး' 'ဆရာကြီး'နဲ့ ခေါ်ကြတာကိုး . ကျွန်တော်က 'ဆရာကြီး'ခေါ်တော့ တကယ် လူမိုက်ကြီးပဲလို့ အောက်မေ့လိုက်တာ"ဟု ပြောလိုက်လေရာ ဦးဗဒင်က သဘောကျစွာ ရယ်မောရင်း . .

"ဆရာဝန်လူမိုက်ကြီးပဲလေကွာ . . လူတိုင်းက ငါ့ကို လူမိုက်ကြီးလို့ပဲ သတ်မှတ်ထားကြတာပဲကွ . . ဒါနဲ့ နေပါဦး . မင်းကိုမေးရဦးမယ် . . 'လူမိုက်'ဆိုတာကို မင်းက ဘယ်လိုနားလည်ထားလို့တုံး"ဟု မေးလိုက်လေ၏။ ထိုအခါ ကြာဖြူက အူကြောင်ကြောင်ဖြင့် . .

"ဆိုးတဲ့မိုက်တဲ့လူကို လူမိုက်လို့ခေါ်တာ မဟုတ်ဘူးလား ဆရာကြီးရယ်"ဟု ဆိုလိုက်လေလျှင် . . ဦးဗဒင်က ထူးဆန်းသောအပြုံးတစ်ခုကို ပြုံးလျက် . .

"မှန်တော့မှန်ပါတယ် မင်းပြောတာ . . ဒါပေမယ့် သိပ်



ပြီး မပြည့်စုံသေးဘူး . . မလိမ္မာတဲ့လူဟာလည်း လူမိုက်ပဲကွ . . ငါကတော့ လောကမှာ လူတွေကို အမျိုးအစား (၄)မျိုး ခွဲခြားထားတယ် . . လူမိုက်ရယ် . . လူဆိုးရယ် . . လူလိမ္မာရယ် . . လူ့ပညာရှိရယ် ဆိုပြီးပေါ့ကွာ . . ဒါက ငါ့အယူအဆနဲ့ ငါ ခွဲခြားထားတာနော် . . 'လူမိုက်'ဆိုတဲ့ လူစားက မိုက်တာကွ . . ဘာပဲဖြစ်ဖြစ် မိုက်ကိုမိုက်တာ . . 'လူဆိုး'ဆိုတာကတော့ လောကကြီးထဲမှာ 'ဆိုး'နေတဲ့ လူမျိုးတွေပဲ . . မိုက်တာနဲ့ ဆိုးတာဟာ မတူဘူးကွ . . 'မိုက်'တာက ဘယ်သူ့မှ ဒုက္ခမပေးဘဲ မိုက်တာ . ဆိုးတာကျတော့ လူတွေကို ဒုက္ခပေးတာမျိုးကွ . . ဒီလူမျိုးတွေက မမိုက်ဘူး . . သူတို့ အနိုင်ကျင့်ဒုက္ခပေးလို့မရတဲ့ လူမျိုးတွေဆို ပြန်ပြီး ကြောက်တောင်ကြောက်တတ်ကြသေးကွ . . အေး . လူလိမ္မာဆိုတာမျိုးကတော့ လောကကြီးထဲမှာ ကြောက်စရာအကောင်းဆုံး လူစားမျိုးပဲဟေ့ . သူက အရာရာမှာ လိမ္မာတယ် . ပါးနပ်တယ် . . မိုက်တဲ့လူနဲ့တွေ့ရင် ဘယ်လိုအနိုင်ယူရမယ် . 'ဆိုး'တဲ့ကောင်မျိုးနဲ့တွေ့ရင် ဘယ်လိုဆုံးမရမယ် . . သိသလိုကိုယ့်ထက်တော်တဲ့ တတ်တဲ့လူနဲ့တွေ့ရင်လည်း ဘယ်လိုဆက်ဆံရမယ်ဆိုတာ သိတယ် . . ပြီးတော့ ဒီလိုလူမျိုးက အကြောင်း

တိုက်ဆိုင်ရင် ဆိုးဖို့မိုက်ဖို့လည်း ဝန်မလေးသလို‥ လူပညာရှိဆိုတဲ့ လူကောင်းလူမှန်တွေနဲ့ တွေ့ရင်လည်း လူကောင်းလူမှန်အဖြစ် ပြောင်းလဲပေါင်းသင်းတတ်တဲ့ အရည်အချင်းမျိုး ရှိတယ်‥ ပြောရရင် လူမိုက်ဆိုတာ မိုက်ပဲမိုက်တာ‥ ပင်ကိုယ်ဗီဇကရှိုးသားတယ် ဖြူစင်တယ်‥ 'လူဆိုး'ကျတော့ ပင်ကိုယ်ဗီဇကိုက မဖြူစင်ဘူး‥ ဆိုးတယ် ယုတ်မာတယ်‥ အခုပြောတဲ့ လူလိမ္မာမျိုးကျတော့‥ ပင်ကိုယ်ဗီဇကကို ပါးနပ်တာ‥ ဒီအတွက် သူ့စရိုက်ကလည်း အမျိုးမျိုး အသွင်ပြောင်းနိုင်တယ်‥ လူဆိုး လူမိုက်ထက် သူက ကြောက်စရာကောင်းတဲ့ညာဏ် ပိုတယ်ပေါ့ကွာ‥ အေး‥ လူပညာရှိဆိုတာမျိုးကတော့‥ ဟုတ်သောအကြံ မှန်သောအကျင့် သင့်သောအယူ ဖြူသောနှလုံး သူတော်ထုံး ဆိုတဲ့အတိုင်း လောကမှာ တကယ်တတ်သိတဲ့ အမှန်ဆုံးလူပီသတဲ့ ပညာရှိလူမျိုးတွေပဲကွ‥ ဒီလိုလူမျိုးတွေမှာ အမြဲတမ်း သီလသမာဓိ ပညာ ရှိတယ်‥ ဒီလိုဆိုတော့ အခု ငါပြောတဲ့ လူ(၄)စားကို သဘောပေါက်လောက်ရောပေါ့''ဟု ထူးဆန်းစွာ ပြောလိုက်လေ၏။

ထို့ကြောင့် ကြာဖြူမှာ အံ့သြလျက်မှ‥



''ပေါက်ပါပြီ ဆရာကြီး''ဟု ဖြေလိုက်လေလျှင်‥

''အေး‥ နောက်တစ်ခုက လိမ္မာပါးနပ်ခြင်း မရှိတာမျိုးဟာလည်း မိုက်တာပဲကွ‥ လူမိုက်ပဲ‥ ဒီတော့ ငါ့ဟာငါဘယ်လူမျိုးအစားထဲမှာ ပါသလဲဆိုတာကို ခွဲခြားကြည့်မိတဲ့အခါ လူပညာရှိ အမျိုးအစားထဲမှာ မပါဝင်နိုင်သေးဘူးဆိုတာလည်း သိတယ်‥ လူပညာရှိဆိုတာ‥ အတန်းပညာ ဘွဲ့ဒီဂရီတွေ ရတဲ့လူမျိုးကို ဆိုလိုတာ မဟုတ်ဘူး‥ လူပီသတဲ့ အသိပညာနဲ့ အတွေးအမြင် ဗဟုသုတတွေ ကုံလုံကြွယ်ဝနေတဲ့ ပုဂ္ဂိုလ်မျိုးကိုမှ လူပညာရှိလို့ ခေါ်တာ‥ ငါဟာ အဲ့ဒီလောက်အထိ အဆင့်မရှိသေးဘူးကွ‥ နောက်လူဆိုး စာရင်းမှာလည်း ငါမပါဘူးဆိုတာ သိတယ်‥ ငါ့မှာ ယုတ်မာဆိုးညစ်တဲ့စိတ်မာတ်မျိုး အပြုအမူမျိုးမှ မရှိခဲ့တာကွ‥ ပြီးတော့ ငါဟာ လူလိမ္မာလည်း မဖြစ်နိုင်ဘူးကွ‥ ဘာဖြစ်လို့လဲဆိုတော့‥ မပါးနပ်လို့ပဲ‥ နောက်တစ်ခုက ငါ့မှာ မှန်တယ်ထင်ရင် တဇွတ်ထိုးလုပ်တတ်တဲ့ ဉာဉ်မျိုးကလည်းရှိတယ်‥ ဒီတော့ ငါဟာ လူမိုက်စာရင်းမှာပဲ ဝင်တယ်ဆိုတာ သိလိုက်တော့တယ်‥ တကယ်လည်း ငါဟာ လူမိုက်ကြီးပါပဲကွာ‥ ကဲ‥ လာဟေ့‥ အိမ်ထဲဝင်

ကြရအောင်''ဟု ဦးဗဒင်က ပြောလိုက်လေ၏။

ထိုအချိန်၌ပင် တိုက်ထဲမှ အသက်(၃၀)အရွယ်ခန့် မည်းမည်းပုပု လူတစ်ယောက်သည် ထွက်၍လာလျှက် ဦးဗဒင်အား လွန်စွာမှ ရိုကျိုးသော အမူအယာမျိုးဖြင့်..

''ဆရာကြီး ခိုင်းထားတာတွေ အားလုံး စီစဉ်ပြီးပါပြီ ဆရာကြီး''ဟု ပြောလာလေ၏။ ဦးဗဒင်က ထိုလူအား..

''အေး ကောင်းတယ် မောင်ညို.. မင်းလုပ်စရာရှိတာ သွားလုပ်တော့.. ဩော်.. နေဦးကွ.. အရင်ဆုံး အိမ်မှာရှိတဲ့ လူတွေအားလုံးကို အခုချက်ချင်း ဒီကိုလာခဲ့ဖို့ သွားပြောစမ်း''ဟု ပြောလိုက်လေရာ မောင်ညိုဆိုသူလည်း..

''ဟုတ်ကဲ့ ဆရာကြီး''ဟု ဆိုလျှက် ခြံထဲသို့ ထွက်ခွာသွားလေ၏။

များမကြာမီ မောင်ညိုနှင့်အတူ ယောကျ်ား မိန်းမ လူတစ်စုသည် တိုက်ထဲသို့ ရောက်ရှိလာကြကုန်၏။ ၎င်းတို့သည် ဦးဗဒင်ရှေ့၌ ရိုကျိုးသော အမူအယာမျိုးများဖြင့် တန်းစီ၍ ရပ်လိုက်ကြလေလျှင် ဦးဗဒင်က ကြာဖြူ၏ပခုံးကိုကိုင်၍..

''ကိုင်း.. အားလုံးပဲ မှတ်ထားကြ.. သူ့နာမည်က



မောင်ကြာဖြူလို့ခေါ်တယ်.. အခုချိန်ကစပြီး သူ့ကို ငါ့လိုပဲ တလေးတစား ဆက်ဆံရမယ်.. ဘာဖြစ်လို့လဲဆိုရင်.. ဟော ဒီက မောင်ကြာဖြူကို ဒီနေ့ဒီအချိန်ကစပြီး သားအဖြစ် ငါမွေးစားလိုက်လို့ပဲ.. နားလည်ကြရဲ့လား''ဟု ပြောလိုက်ကာ ကြာဖြူ အားလည်း..

''ကဲ မောင်ကြာဖြူ.. မင်းလည်း အခုချိန်ကစပြီး ငါ့ကို ဆရာကြီးလို့ ခေါ်ခွင့်မရှိတော့ဘူး.. ငါဟာ အခုချိန်ကစပြီး မင်းရဲ့ မွေးစားအဖေတစ်ယောက် ဖြစ်သွားပြီ.. ဒီ့အတွက် 'ပါကြီး'လို့ ပြောင်းပြီးခေါ်ရမယ်.. ခေါ်ကြည့်စမ်းကွာ''ဟု ဆိုလိုက်လေရာ ကြာဖြူက..

'ပါကြီး'ဟု ခေါ်ကြည့်လိုက်လေ၏။

ထိုအခါ ဦးဗဒင်က..

''ဗျာ.. ဗျ''ဟု ထူးလိုက်လျှက် လွန်စွာမှ ဝမ်းသာပီတိဖြစ်သွားသောမျက်နှာဖြင့်...

''ငါဟာ အခုချိန်ထိ ဆွေမရှိ မျိုးမရှိ တစ်ကောင်ကြွက် ဘဝနဲ့ နေလာခဲ့တာပါကွာ.. အခုတော့ ငါ့နှလုံးသားထဲကနေ သားတစ်ယောက် မွေးဖွားခဲ့ပြီ.. ဒါကြောင့် အခုချိန်ကစပြီး

ငါဟာ တစ်ကောင်ကြွက်ကြီး မဟုတ်တော့ဘူး.. သားတစ်ယောက်ရဲ့ ဖခင်တစ်ယောက် ဖြစ်သွားပြီကွ''ဟု ဆိုကာ ကြာဖြူ၏ပခုံးအား ဖက်ကာ ဖျစ်ညှစ်လိုက်လေတော့၏။ ထို့နောက်မှ ဦးဗဒင်က ကြာဖြူအား အိမ်ရှိလူများနှင့် မိတ်ဆက်ပေးလေရာ အသက်(၄၀)ခန့်အရွယ် လင်မယား(၂)ယောက်နှင့် အသက်(၁၅)နှစ်အရွယ်ခန့်ရှိ အသားညိုညို မျက်လုံးပြူးပြူးကောင်မလေးတို့ကိုပြကာ..

''ဒါကတော့ ကိုစောဖေ မလှစန်းတို့မိသားစုပေါ့ကွာ.. ဒါက သူ့သမီးလေး.. နာမည်က လှလေးစိန်လို့ ခေါ်တယ်ကွ.. အိမ်အတွက် ချက်ရေးပြုတ်ရေး လျှော်ရေးဖွပ်ရေး သန့်ရှင်းရေး ဟာဟီရဏာဝန်တွေ ယူထားကြတယ်ကွ''ဟု မိတ်ဆက်ပေးလေ၏။

ထိုမှ အသက်(၆၀)ခန့် ရှိသော်လည်း လွန်စွာ ကျန်းမာရေးကောင်းဟန်ရှိသော အဘိုးကြီးတစ်ယောက်ကိုပြကာ..

''ဒါကတော့ အဘပြုံးချိုလို့ ခေါ်တယ်ကွ.. တို့ခြံရဲ့ ဥယျာဉ်မှူးကြီးပေါ့ကွာ..''ဟု မိတ်ဆက်ပေးပြန်လေ၏။ ကြာဖြူလည်း အားလုံးကိုပြုံး၍ ပြလိုက်လေ၏။ ၎င်းတို့ကလည်း ခင်မင်နှစ်လိုဖွယ် ပြန်၍ပြုံးပြကြလေ၏။ ထို့နောက် ဦးဗဒင်က မောင်ညို



ဆိုသူ အသားမည်းမည်း သွားခေါခေါ ပုကွကွလူကို ပြလိုက်ပြန်ကာ..

''သူကတော့ မောင်ညို.. ငါ့တပည့်ကျော်ကြီးပေါ့ကွာ.. ဒီအိမ်မှာ အလုပ်များဆုံးလူဟာ ဒီကောင်ပဲကွ''ဟု ဆိုလိုက်လေရာ အားလုံးမှာ ပြုံးစိစိ ဖြစ်သွားကြကုန်၏။ မောင်ညိုကမူ ခပ်တည်တည်ဖြင့် ဦးခေါင်းကို ညိတ်ပြလေ၏။ ကြာဖြူသည် မောင်ညို၏ ရုပ်သွင်အမူအယာကို ကြည့်လိုက်သည်။ အမြှောက်ကြိုက် ပေါတောတော လူတစ်ယောက်ဖြစ်ကြောင်း သိလိုက်လျှက် ပြုံးလိုက်မိလေ၏။

ထိုနေ့ညသို့ ဦးဗဒင်သည် ကြာဖြူ ရောက်လာသော အထိမ်းအမှတ်နှင့် ခြံထဲ၌ မီးလုံးမီးပန်းဆွဲများဆင်ကာ စားသောက်ပွဲတစ်ခု ပြုလုပ်ပေးလေ၏။ ဦးဗဒင်နှင့်တကွ လူအားလုံးမှာ ပျော်ရွှင်စွာ စားသောက်၍ ကိုစောဖေသည် မယ်ဒလင်တစ်လက်နှင့် သီချင်းဆိုလေ၏။ ထိုညမှာ လွန်စွာမှ ပျော်ရွှင်ဖွယ်ကောင်းလှလေ၏။ တစ်နည်းဆိုမူ ကြာဖြူ၏ဘဝ၌ ပဌမဦးဆုံး စိတ်လွတ်ပူလွတ် ပျော်ရွှင်ခဲ့ရသော ညတစ်ည ဖြစ်လေ၏။

ထိုမှ ညအိပ်ရာ ဝင်ကြသောအခါ၌လည်း မိမိအတွက်

သားနားသပ်ရပ်စွာ ပြင်ဆင်၍ပေးထားသော အိပ်ခန်းနှင့် လိုလေစေ့မရှိသော အသုံးအဆောင် ပစ္စည်းများကိုကြည့်ကာ ကြာဖြူမှာ မိမိအဖြစ်သည် အိပ်မက်များ ဖြစ်နေရော့သလားဟုပင် တွေး၍ ပျော်ရွှင်ဝမ်းသာစိတ်များဖြင့် အိပ်၍ပင် မပျော်နိုင်အောင် ရှိနေခဲ့ရလေတော့သတည်း။ ။

❖❖❖



# ဗာလောကြာဖြူ

ကြာဖြူ၏ဘဝမှာ မယုံကြည်နိုင်ဖွယ် တစ်ဆစ်ချိုး အပြောင်းလဲကြီး ပြောင်းလဲ၍သွားခဲ့ရပြီဖြစ်၏။ အဘ ဦးပြုံးချိုမှလွဲ၍ လူတိုင်းသည် ကြာဖြူအား ‘အစ်ကိုလေး’ဟုခေါ်ကာ တလေးတစား ဆက်ဆံကြလေ၏။ ဦးဗဒင်ကလည်း ကြာဖြူအား သားအရင်းတစ်ယောက်နှင့်မခြား လွန်စွာမှ ချစ်ခင်လျှက် အချုပ်ထောင်ထဲ၌ သင့်ပေးခဲ့သော ပညာရပ်များကို ဆက်လက်ကာ သင်ပေးခဲ့လေ၏။ ထို့ကြောင့် တစ်ရက်၌ ကြာဖြူက...

“ပါကြီးက စိတ်ရောဂါအထူးကု ဆရာဝန်ကြီးသာဆိုတယ်... ဒီပညာတွေကို ဘယ်လိုလုပ် တတ်နေတာတုံး”ဟု မေးကြည့်လိုက်လေရာ ဦးဗဒင်က...

"ဒီအကြောင်းတွေကို ပြောပြရရင် နည်းနည်းတော့ ရှည်လိမ့်မယ်ကွ.. ဒီလိုကွ.. ပါကြီး ရခဲ့တဲ့ဘွဲ့က (M.B.B.S)ကွ. ဆေးကျောင်းက အောင်လက်မှတ်ရပြီးတဲ့နောက် ပါကြီးက အနောက်တိုင်းက စိတ်ပညာနှင့်ဆိုင်တဲ့ စာအုပ်ပေါင်းများစွာကို လေ့လာခဲ့တယ်ကွ.. ဒို့ပြင်လည်း တစ်ဘက်က ကမ္ဘဋ္ဌာန်းအလုပ်နဲ့ လောကီပညာတွေဘက်လည်း တော်တော်စေ့စေ့ပေါက်ပေါက် လေ့လာခဲ့တယ်ဆိုပါတော့.. အဲဒီတော့ ပါကြီးက လူနာတစ်ယောက်ကိုကုရင် ကုရိုးကုစဉ်နည်းအတိုင်း မကုဘူး.. ကိုယ်လေ့လာဆည်းပူးထားတဲ့ စိတ်ပညာတွေနဲ့ ကုသတယ်.. ဒါကိုပဲ အချို့လက်မှတ်ရ ဆရာဝန်တွေက မဲ့ချင်ရွဲ့ချင်ကြတယ်. အချို့ကဆို ပါကြီးကို ဆရာဝန်စာရင်းက ပယ်ဖျက်ပြီး ဘွဲ့လက်မှတ်ကို ပြန်သိမ်းဖို့အထိ လှုံ့ဆော်ခဲ့ကြသေးတယ်.. ဒါပေမယ့် ပါကြီးကုတဲ့ ကုထုံးဟာ အခြားလက်မှတ်ရ စိတ်ပညာဆရာဝန်တွေထက်တောင် အောင်မြင်မှုရခဲ့သေးတယ်ကွ.. ပါကြီး ဆေးခန်းမှာဆိုရင် လူကုံထံ အထက်တန်းစားလူနာတွေနဲ့ ပြည့်နေတော့တာပဲ.. ဆေးခန်းဖွင့်ချိန် မနက်(၈)နာရီကနေ ညနေ(၅)နာရီအချိန် သတ်မှတ်ထားတာတောင် မလုံလောက်ဘူးကွ"



"ဒါပေမယ့် လူတွေဟာ တစ်ယောက်ကောင်းစားရင် မလိုကြဘူးကွ.. အမျိုးမျိုး အတိုက်အခိုက် အနှောင့်အယှက်တွေ ပြုခဲ့ကြတယ်.. နောက်ဆုံး ပါကြီးလည်း ဆေးခန်းအောင်မြင်နေလျှက်နဲ့ ပိတ်လိုက်တယ်.. အချို့ ပါကြီးကို အားကိုးနှစ်သက်တဲ့ လူနာတွေကိုသာ အိမ်မှာခေါ်ပြီး ကုသပေးခဲ့တယ်. နောက်တော့ ဒီကိစ္စကိုလည်း နောက်ကြတာပါပဲကွာ. နောက်ဆုံးတော့ ဆေးကုသတဲ့အလုပ်ကို ပါကြီး လုံးဝရပ်ဆိုင်းပစ်လိုက်တယ်.. အဲဒီတော့လည်း လူတွေက ဆရာဝန်ဘွဲ့ရပြီး ဆေးမကုတဲ့အတွက် အတော်မိုက်တဲ့လူလို့ ပြောကြပြန်ရောကွ.. ပြောရရင် အဲဒီကစပြီး ပါကြီးလည်း 'လူမိုက်'ဆိုတဲ့ဘွဲ့ကို ခံယူလိုက်တော့တာပဲဟေ့.. လူတွေမထင်ထားတဲ့ အလုပ်တွေ အကုန်လျှောက်လုပ်ခဲ့တော့တာပဲ.. ဆောက်လုပ်ရေး ကန်ထရိုက်၊ ရှေးဟောင်းပစ္စည်း အရောင်းအဝယ်.. အိုကွာ. အလုပ်တွေဆိုတာ စုံလို့ပဲဟေ့.. ဒီတော့.. လူပေါင်းစုံနဲ့လည်း တွေ့ရတော့တာကိုးကွ.. အဲဒီမှာ ပါကြီး အကျင့်တစ်ခုက ရှိတယ်. လူတွေက အများအားဖြင့် တစ်လိုင်းသေတွေများကြတယ်ကွ.. ဥပမာ.. ပါကြီးတို့ ဆရာဝန်တွေဆိုပါတော့.. သူတို့က သူတို့

အလုပ်ဆိုတာကို ဆေးအကြောင်း ရောဂါအကြောင်းတွေပဲ သက်ဆိုင်တယ်လို့ထင်ကြတာ. . ဒီ့ပြင် အခြားအကြောင်းအရာတွေဆို သူတို့နဲ့မဆိုင်ဘူးလို့ တွက်ထားကြတာမျိုးတွေကွ. . အခြား အင်ဂျင်နီယာတွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေ စသဖြင့် လူတိုင်းလည်း ဒီလိုပါပဲကွ. . ကိုယ်နဲ့သက်ဆိုင်နေတဲ့ အလုပ်ကိုပဲ အလုပ်လို့ ထင်ကြတာ. . အခြားအလုပ်တွေဆို လှည့်တောင်မကြည့်ကြဘူး. . အနည်းဆုံး ဗဟုသုတအဖြစ်လေး ပြောပြကြရင်တောင် ကိုယ့်အလုပ်နဲ့ မသက်ဆိုင်ရင် နားတောင်မထောင်ကြဘူး. . ဆရာဝန်ဆိုတဲ့လူကလည်း 'ငါဆရာဝန်ပဲ'ဆိုတဲ့အစွဲ အင်ဂျင်နီယာယကလည်း 'အင်ဂျင်နီယာ'ဆိုတဲ့အစွဲ. . ရှေ့နေကလည်း 'ငါရှေ့နေပဲ'ဆိုတဲ့ စတဲ့ အစွဲတွေနဲ့ တစ်လိုင်းသေတွေပဲ ဖြစ်နေကြတာကွ။ ဆရာဝန်ရှေ့မှာ အင်ဂျင်စက်တွေ လျှပ်စစ်ပညာရပ်တွေအကြောင်းပြော သူလုံးဝကိုစိတ်ဝင်စားမှာမဟုတ်ဘူး. . ဒီလိုပဲ ရှေ့နေတစ်ယောက်ကို ဆေးအကြောင်း ရောဂါအကြောင်းတွေပြောကြည့်. . အဲဒီရှေ့နေ ဘယ်လိုမှ စိတ်ဝင်စားမှာမဟုတ်ဘူးကွ. . ဒါ ဘာဖြစ်လို့လဲဆိုတော့ တစ်လိုင်းသေတွေဖြစ်နေကြလို့ပဲ. . ပါကြီးကတော့ ဒီလိုမဟုတ်ဘူးကွ. . ပညာ



ရပ်တွေဆို အကုန်စိတ်ဝင်စားတယ်. . ဖဲသမားနဲ့ ရင်းနှီးရင် ဖဲလိမ်ရိုက်နည်းကို တပည့်ခံပြီး သင်တာပဲ။ ဖောက်ထွင်းဝိဇ္ဇာနဲ့တွေ့ရင်လည်း သော့တူလုပ်နည်း မီးခံသေတ္တာဖောက်နည်းတွေကို တပည့်ခံပြီး သင်တာပဲဟေ့. . ဒီတော့ လူတွေက ဆရာဝန်ဖြစ်ပြီး ဖဲသမားနဲ့ပေါင်းလို့ ဖောက်ထွင်းသမားထောင်ထွက်နဲ့ပေါင်းလို့ဆိုပြီး လူမိုက်လို့ ပြောကြပြန်ရောကွ. . သူတို့ပြောလေ ပါကြီးကလည်း ခေါင်းမာလေကွ. . ဗေဒင်ဆရာနဲ့လည်း ပေါင်းတာပဲ. . ဆေးဆရာလည်း ပေါင်းတာပဲ. . ဒေါက်တာဘွဲ့ရထားတဲ့ ဆရာဝန်က ဗိန္ဓောဆေးဆရာဆီ တပည့်ခံတော့ အရှုံးလို့တောင် အပြောခံရသေးတယ်ဟေ့. . ဟား. . ဟား. . တကယ်က ဘယ်ပညာရပ်မဆို တတ်ထားသင့်တဲ့ အရာတွေပဲကွ. . အဆိုးအကောင်းဆိုတာက အဲဒီပညာရပ်တွေကို အသုံးချတဲ့လူပေါ်မှာသာ မူတည်တာကွ. . ဒါကိုပဲ လူတွေက ဆရာဝန်ဆိုတာနဲ့ နွားကျောင်းသားလေးတစ်ယောက်ဆီက လောက်လေးပစ်နည်းကို သိက္ခာကျတယ်ဆိုပြီး မသင်ချင်ကြဘူး. . ဒါက ဥပမာပြောပါတယ်. . ခက်တော့ အတော်ခက်တာပဲဟေ့. . ဘာပဲဖြစ်ဖြစ် အများနဲ့တစ်ယောက်ဆိုရှု တစ်ယောက်သမားဘက်က

မှားမှားမှန်မှန် ရှုံးတာများတာကိုးကွ. . တစ်လိုင်းသေလူတွေကြားထဲမှာ ပါကြီးလိုလူလည်း အများနဲ့တစ်ယောက်ဆိုတော့ လူမိုက်ပဲ အပြောခံရတော့တာပေါ့ကွာ. . ထားလိုက်ပါတော့. . ဒီလောက်ဆို ဒီပညာရပ်တွေကို ပါကြီး ဘယ်လိုတတ်ခဲ့သလဲ ဆိုတာ သိပြီပေါ့''ဟု ဦးဗဒင်က စကားကိုဖြတ်လိုက်ကာ စီးကရက်တစ်လိပ်ကို မီးညှိ၍ ဖွာရှိုက်လိုက်လေ၏။

(စာရေးသူ၏မှတ်ချက်။ ။ အထက်ပါသဘောတရားအယူအဆများမှာ ဗာလောဗဒင်၏ အယူအဆများသာဖြစ်ပါသည်။ စာရေးသူ၏ အယူအဆမဟုတ်ပါ။ စာရေးသူအနေဖြင့်မူ ''အရာရာ နည်းနည်းစီ တတ်သိတာထက် တစ်ခုကောင်းကို ထူးချွန်ပြောင်မြောက်အောင် တတ်သိတာက ပိုကောင်းသည်''ဟု ယူဆထား၍ဖြစ်ပါသည်။)

ကြာဖြူမှာ ဦးဗဒင် ပြောပြသည်များကို စဉ်းစားကာ ပြုံးလိုက်မိလေ၏။ စင်စစ်အားဖြင့် သူ၏စိတ်ခေတ် အတွေးအခေါ်များသည်လည်း မွေးစားဖခင်ကြီး ဦးဗဒင်နှင့် တစ်ထပ်တည်းသာ ဖြစ်၍နေပေ၏။ ထို့ကြောင့် မခိုးမခန့် ပြုံးလိုက်လျှက်. .

''ဘာပဲဖြစ်ဖြစ် ကျွန်တော်ကတော့ အများနဲ့တစ်ယောက်



လည်း အရှုံးမပေးနိုင်ဘူး ပါကြီးရာ. . အမှန်တရားအတွက်ဆိုရင် ဘယ်သူ့ကိုမှ အရှုံးမပေးဘူး''ဟု ဆိုလိုက်လေရာ ဦးဗဒင်က သဘောကျစွာရယ်မောလျှက်. .

''မင်းကို ပါကြီး မွေးစားရကျိုးနပ်လိုက်လေကွာ. . ပြောပြရဦးမယ်ကွ. . အမှန်တရားကို မြတ်နိုးရင် မတရားတာတွေကိုလည်း လက်မခံရဘူးကွ. . အေး. . အဲဒီမတရားတာတွေကို လက်မခံဖို့အတွက်ကျတော့. . နည်းနည်းပါးပါး မိုက်ပေးရတယ်. . တကယ်တော့ မိုက်တယ်ဆိုတာလည်း လွယ်လွယ်လေးတော့ မဟုတ်ဘူးကွ. . သတ္တိရှိမှ မိုက်လို့ရတာ''ဟု ပြောလိုက်လေ၏။

ထိုအခါ ကြာဖြူက. .

''ယောကျ်ားတွေပဲ ပါကြီးရာ. . မိုက်တယ်ဆိုတာ လွယ်ပါတယ်. . ဘယ်လို သတ္တိရှိရှိ မိုက်ရမယ်ဆိုတာသာ ဦးနှောက်သုံးရမှာပေါ့. . ကျွန်တော်တို့က လူပြိန်းတွေမှမဟုတ်တာ''ဟု ပြောလိုက်လေရာ ဦးဗဒင်မှာ ကြာဖြူအား လွန်စွာမှ သဘောကျ၍သွားလျှက်. . .

''ပါကြီး မင်းကိုတော့ သဘောကျသွားပြီဟေ့. . ဒီနေ့

ကစပြီး မင်းကို လူမိုက်သင်တန်းပေးဖို့ ဆုံးဖြတ်လိုက်ပြီကွာ''ဟု ဆိုလိုက်လေ၏။

''ပေးစမ်းပါ ပါကြီးရယ်. . . ကျွန်တော်လည်း အမှန်တရားအတွက်ဆို လူမိုက်လုပ်ဖို့ အဆင်သင့်ပါပဲ''ဟု ကြာဖြူက ပြောလိုက်လေလျှင် ဦးဗဒင်က ကြာဖြူ၏မျက်နှာကို အားရကျေနပ်စွာ ကြည့်ရှုလျက်. . .

''ပါကြီး တစ်သက်လုံး ရှာနေတဲ့လူမျိုး အခုမှ တွေ့တော့တယ်ဟေ့. . . ပါကြီးကို လူတွေက ကွယ်ရာမှာ 'ဗာလောဗဒင်' လို့ ခေါ်ကြတယ်ကွ. . . ဗာလောဆိုတာ လူမိုက်လို့ အဓိပ္ပါယ်ရတယ်ကွ. . . အချို့ငယ်ပေါင်း သူငယ်ချင်းတွေကဆို ပေါ်တင်ပဲဟေ့. . . ဗာလောကြီး ကျန်းမာရဲ့လား. . . ဘာညာနှုတ်ဆက်တတ်ကြတာကွ. . . ဒီတော့ လူမိုက်သင်တန်းမပေးခင် ပါကြီးရထားတဲ့ ဘွဲ့အမည်နဲ့ မင်းကို ပထမဦးဆုံး နာမည်ပေးရဦးမယ်. . . လူမိုက်လုပ်ရင် ဘွဲ့လေးဘာလေးနဲ့ဆိုတော့ လူရှိန်တာပေါ့ကွာ. . . ဟဲဟဲ''ဟု ပြောလိုက်လေ၏။

''ပါကြီးက ကျွန်တော့်ကို ဘယ်လိုဘွဲ့မျိုး ပေးဦးမလို့တုံး''ဟု ကြာဖြူက ပြုံး၍မေးလိုက်လေလျှင် ဦးဗဒင်က. . .



''အခြားဘွဲ့တော့ မဟုတ်ပါဘူးကွာ. . . ဗာလောဗဒင်ရဲ့သားဆိုတော့ ဗာလောဘွဲ့ပဲ ပေးရမှာပေါ့. . . ဒါကြောင့် အခုချိန်ကစပြီး မင်းရဲ့နာမည်ကို 'ဗာလောကြာဖြူ'လို့ ပေးလိုက်ပြီကွာ. . . ဒါကြောင့် ယနေ့မှစ၍ မည်တွင်သညာ မှည့်ခေါ်ရာကား ဗာလောကြာဖြူ အသက်တစ်ရာနှစ်ဆယ် ရှည်စေသော်ပေါ့ကွာ'' ဟု ပြောဆိုလျှက် အားပါးတရ ရယ်မောလိုက်လေတော့သတည်း။

❖❖❖

# သုတညာဏ်

## "ဗာလော်ကြာဖြူ"

### (ဇာတ်သိမ်းပိုင်း)

- မြွေပွေးကို အလမ္ပါယ်မပြနဲ့...
- ရှုံ့နှံ့အိုင်ထဲက ပန်းကလေး
- မကောင်းပေမယ့် အရသာရှိတယ်
- မြွေပွေးကို ညွှတ်ကွင်းဆင်မယ့်သူ...
- ညွှတ်ကွင်းမိသွားသော မြွေပွေး...
- ယမ်းငွေ့သင်းသော ပန်းရနံ့
- လိပ်ပြာသန့်သော လူမိုက်ကြီး...
- နောက်ဆက်တွဲ ဝတ္ထုနိဂုံး

[ဘဝဂမ္ဘီရဝတ္ထု]



## မြွေပွေးကို အလမ္ပါယ်မပြနဲ့

အထက်ပါ အဖြစ်အပျက်များ ဖြစ်ပွားပြီး (၅)နှစ်ခန့်ရှိသောအချိန်တွင် ဖြစ်ပေ၏။

ဦးဗဒင်၏ တိုက်အိမ်ကြီးအောက်ထပ်ရှိ မီးဖိုခန်းအတွင်း၌ ကိုစောဖေနှင့် မလှစန်းတို့လင်မယားသည် များလှစွာသော ဟင်းလျာများကို ပြင်ဆင်ချက်ပြုတ်ကာ ရှိကြလေ၏။

ထိုအခါ ကိုစောဖေက ကြက်တစ်ကောင်ကို ကိုင်နေရင်းမှ မလှစန်းအား..

"ဟင်းတွေကို သေသေချာချာ အပေါ့အငံမြည်းပြီးချက်နော် လှစန်း.. သိတဲ့အတိုင်း အစ်ကိုလေးက ဆရာကြီးထက်တောင် ပိုပြီး ဇီကျတယ်.. ဖြစ်နိုင်ရင် ငါကိုယ်တိုင်ပဲ

ဝင်ပြီးချက်လိုက်ချင်တာ''ဟု ဆိုလိုက်လေရာ မုန်လာဥနီများကို ပါးပါးချင်းလှီးနေသော မလှစန်းက ယောက်ျားဖြစ်သူအား မျက်စောင်းထိုးလိုက်လျှက်..

''မောလေတယ် ကိုစောဖေရယ်..ရှင်လား..ဟင်း ပြောလိုက်ရင် ဆရာကြီးလေသံနဲ့..ပြီးရင် ဟင်းချိုတစ်အိုးတောင် ဖြစ်အောင် မတည်တတ်တဲ့လူကများ''ဟု မဲ့ရွဲ့ကာ ပြောလိုက်လေ၏။

ထိုအခါ ကိုစောဖေကလည်း..

''တော်စမ်းပါ လှစန်းရာ..ပြောလိုက်ရင် ယောက်ျားကို ပြန်ပက်ဖို့လောက်ပဲ..နင့်အကြောင်းများ စောဖေတို့ကလည်း နောကြေနေပါပြီ''ဟု ဆိုလိုက်စဉ်ပင် မီးဖိုခန်းတွင်းသို့ ကိုညိုသည် ဝင်ရောက်လာလျှက်..

''ခင်ဗျားတို့လင်မယားကလည်း မဖွေ့လိုက်နဲ့..တစ်ယောက်က မောလေတယ် ကိုစောဖေရယ်..တစ်ယောက်က တော်စမ်းပါ လှစန်းရာနဲ့..စကားကိုတွင်နေပြီ..မြန်မြန်ချက်ကြဗျ..တော်တော်ကြာ အစ်ကိုလေး ဖိတ်ထားတဲ့ ဧည့်သည်တွေ ရောက်လာတော့မယ်''ဟု ပောက်လိုက်လေ၏။



ထိုအခါ အနီးတွင် ကြက်သွန်ဖြူများ လွှာနေသော လှလေးစိန်က ကိုညိုအား မျက်စောင်းထိုးလိုက်လျှက်..

''လာပြန်ပြီ သူကတစ်မျိုး..အဘပြုံးချို ပြောလည်း ပြောလောက်တယ်..နေရာတကာ ညို မပါတာ မရှိဘူးတဲ့..အိမ်သာတက်တာတောင် ဂလန့်မချဘဲ မတက်ရဲဘူးတဲ့..ဝင်ပါနေဦးမှာစိုးလို့တဲ့''ဟု ပြောလိုက်လေရာ ကိုညိုမှာ မျက်နှာကြီး ရှုံ့မဲ့၍သွားရလေတော့၏။

ကိုစောဖေနှင့် မလှစန်းတို့ကမူ တခစ်ခစ် ရယ်မောလိုက်ကြလေ၏။ ထို့နောက်မှ မလှစန်းက..

''ဒီ..အိမ်မှာ မောင်ညို့ကိုကျွတ်အောင် ချွတ်နိုင်တာ ငါ့သမီး လှလေးစိန်ပဲရှိတယ်..ဟိဟိ''ဟု ပြောလိုက်လေရာ အပျိုအရွယ် ဖြစ်နေပြီဖြစ်သော လှလေးစိန်က..

''အို..အမေကလည်း ဘာတွေလျှောက်ပြောမှန်းလည်း မသိဘူး''ဟု ဆိုလိုက်လေ၏။

ထိုအခါ ကိုညိုက တဟဲဟဲ ရယ်မော၍..

''ဟုတ်သားပဲ..မလှစန်းကလည်း..ဟိုမှာ လှလေးစိန် ရှက်သွားပြီ..မရှက်ပါနဲ့ လှလေးစိန်ရယ်..ငါကတော့ နင့်

ကိုပြန်မချွတ်ပါဘူးဟာ''ဟု ပြောလိုက်လေရာ လုလေးစိန်မှာ မျက်နှာလေး ရဲခနဲ ဖြစ်၍သွားလျှက်..

''သေနာကြီး''ဟု ကျိန်ဆဲလိုက်လေတော့၏။

ဤသို့ဖြင့် များမကြာမီ တိုက်ကြီး၏ ခြံဝန်းထဲသို့ နောက်ဆုံးပေါ် ကားသစ်ကြီးတစ်စီးသည် ရောက်ရှိလာလျှက် ကားပေါ်မှ သိုက်မြိုက်စွာ ဝတ်ဆင်ထားကြသော လူ(၄)ဦးသည် ဆင်း၍လာကြလေ၏။

ထိုအခါ တိုက်ပေါက်ဝ၌ အသင့်စောင့်ကြိုနေသော မောင်ညိုက..

''ကြွကြွပါခင်ဗျာ.. အထဲမှာ အစ်ကိုလေးနဲ့ ဆရာကြီးတို့ အသင့်စောင့်နေကြပါတယ်''ဟု ရိုကျိုးစွာ ပြောလိုက်လေ၏။ ထို့နောက် ဧည့်သည်(၄)ဦးအား ၎င်းကပင် ဦးဆောင်၍ တိုက်ထဲသို့ခေါ်ဆောင်သွားလေရာ ထိုအချိန် ဦးဗဒင်နှင့် ကြာဖြူတို့သားအဖ နှစ်ယောက်မှာ ခံ့ညားသပ်ရပ်သော အဝတ်အစားများဖြင့် ဧည့်ခန်းဆိုဖာထိုင်ခုံများတွင် သိုက်မြိုက်စွာ ထိုင်လျှက်ရှိကြလေ၏။

ဧည့်သည်များကို မြင်တွေ့လေလျှင် ဦးဗဒင်က ပြုံးရွှင်သောမျက်နှာထားဖြင့် လွတ်နေသော ဆိုဖာထိုင်ခုံများဆီသို့



လက်ကိုပြကာ..

''ကြွကြွဗျာ.. ဦးတင်မောင်တို့''ဟု ဖိတ်မန္တက ပြုလိုက်လျှက် ကိုညိုအား..

''မောင်ညိုရေ.. အအေး အရင်ချပါကွယ်''ဟု ပြောလိုက်လေ၏။

ဦးတင်မောင်တို့ ဧည့်သည်(၄)ဦးလည်း ဆိုဖာထိုင်ခုံများတွင် ကိုယ်စီ ဝင်ထိုင်လိုက်ကြလျှက် ဦးတင်မောင်ဆိုသူ ဖြိုးဖြိုးဝဝပုဂ္ဂိုလ်ကြီးက..

''ဘယ်နှယ့် ဦးဗဒင် ကျန်းမာရဲ့နော်.. မတွေ့တာကြာလို့လားမသိဘူး.. ကိုယ့်လူ ပိုဝလာသလိုပဲ''ဟု ပြောလိုက်လေရာ ဦးဗဒင်ကပြုံး၍..

''အေးဗျာ.. အခုတလော စားလို့သောက်လို့ကလည်း ပိုကောင်းနေမှကိုးဗျ.. ဟဲဟဲ.. ဒါနဲ့.. ခင်ဗျားသားတော်မောင်ခင်မောင်လတ်လည်း မပါပါလား''ဟု မေးလိုက်လေ၏။

ထိုအခါ ဦးတင်မောင်က..

''သားကိစ္စအတွက် ဖအေတစ်ယောက်လုံး ရောက်လာပြီပဲဗျာ.. လိုသေးလို့လား.. သားက ကုမ္ပဏီကိစ္စတွေနဲ့ ခရီး

ထွက်သွားတယ်ဗျ''ဟု ပြောလိုက်လျှက် အနောက်တိုင်း မီးခိုးရောင် ဝတ်စုံဖြင့် ခံ့ညားသပ်ရပ်နေသော ကြာဖြူအားကြည့်ကာ..

''ဒါ..ခင်များသား မောင်ကြာဖြူ ဆိုတာလား''ဟု မေးလိုက်လေ၏။

ထိုအခါ ကြာဖြူက ဦးတင်မောင်အား မချိုးမခန့်ပြုံးကာ ကြည့်ရှုလျှက်...

''ဟုတ်ပါတယ်...ဗာလောကြာဖြူ ဆိုတာ ကျွန်တော်ပါပဲ..ဦးရဲ့သား ခင်မောင်လတ်ကတော့ ကျွန်တော့်ကို ကောင်းကောင်းကြီး သိပါလိမ့်မယ်''ဟု ပြောလိုက်လေရာ ဦးတင်မောင်နှင့် ပါလာသော လူ(၃)ဦးသည် အချင်းချင်း မသိမသာ ကြည့်လိုက်ကြလေ၏။ ၎င်းတို့(၃)ဦးမှာလည်း အနက်ရောင် အနောက်တိုင်းဝတ်စုံများကို ဝတ်ဆင်ထားကြလျှက် အသက်အရွယ်များမှာ (၃၀)ဝန်းကျင်ခန့် ရှိကြကာ ကုမ္ပဏီသူဌေးကြီး ဦးတင်မောင်၏ လက်စွဲလူယုံများပင် ဖြစ်ကြလေ၏။

ထိုအခါ ၎င်းတို့အထဲမှ နှုတ်ခမ်းမွေးစစနှင့် လူမိုက်ပုံပေါက်နေသောလူက ကြာဖြူအား မချိုးမခန့် ပြန်ကြည့်၍..

''ဗာလောကြာဖြူ..ဗာလောကြာဖြူနဲ့ နာမည်ကိုတော့



ကြားဖူးနေတာကြာပါပြီ..လူကတော့ ခပ်ငယ်ငယ်ပဲ ရှိသေးပါလား..ဟင်းဟင်း''ဟု ဆိုလိုက်လေရာ ကြာဖြူက နှုတ်ခမ်းလေးကွေးညွတ်ရုံမျှပြုံး၍ အိတ်ထဲမှ စီးကရက်တစ်လိပ်ကို ထုတ်ယူကာ နှုတ်ခမ်းဖျားထက်ဆီသို့ တင်လျှက် ငွေရောင် ဇစ်ပိုမီးခြစ်ကို ထောက်ခနဲခြစ်ကာ မီးညှိဖွာရှိုက်လိုက်လေ၏။ ထို့နောက်မှ မီးခိုးငွေများကို အကွင်းလိုက်ဖြစ်အောင် မှုတ်ထုတ်လိုက်လျှက်..

''ကျွန်တော်ကတော့ ဆိုရိုးတစ်ခု ကြားခဲ့ဖူးတယ်ဗျ.အဲ..ဦးမင်း စကားပုံပေါ့ဗျာ..သူဌေးလိုကြွယ်သော်လည်း မာန်စွယ်မထနဲ့..မြွေပွေးကိုငယ်သော်လည်း အလမ္ပာယ် မပြနဲ့တဲ့..သူဌေးလိုကြွယ်သည်ဟု မာန်စွယ်ထက အရှိအသေနည်းလို့ မုန်းတတ်တယ်..မြွေပွေးကိုငယ်သည်ဟု အလမ္ပာယ် ပြကထိုမြွေခဲလို့ ဆုံးတတ်တယ်တဲ့ဗျ..ကဲ..ထားပါဗျာ..အလုပ်စကားပဲ ပြောကြရအောင်''ဟု ပြောလိုက်လေရာ ထိုလူများ၏ မျက်နှာများမှာ မည်းခနဲ ဖြစ်သွားကြလေ၏။ ထိုစဉ်..

''သြော်..နေပါဦး..ငါ့သားကလည်း ဦးတင်မောင်တို့အတွက် ထမင်းဝိုင်းပါ တစ်ခါတည်း ပြင်ဆင်ထားတာ မဟုတ်လား..စားရင်းသောက်ရင်းမှ ပြောကြတာပေါ့..မဟုတ်ဘူး

လား ဦးတင်မောင်''ဟု ဦးဗဒင်က ပြောလိုက်လေ၏။

ဦးတင်မောင်တို့မှာလည်း အောင့်သက်သက်ဖြင့် ငြိမ်လိုက်ကြရလေတော့၏။

ထိုစဉ် မောင်ညိုနှင့် လှလေးစိန်တို့သည် လင်ပန်းများဖြင့် အအေးခွက် (၆)ခွက်ကို လာရောက်၍ ချပေးလိုက်ကြလေရာ ဦးဗဒင်က. . .

''ကဲ. . . လောလောဆယ် အအေးလေး သုံးဆောင်လိုက်ကြပါဦး. . . ပြီးမှ လုပ်ငန်းကိစ္စကို ထမင်းစားရင်းသောက်ရင်းနဲ့ ပြောကြတာပေါ့''ဟု ပြောလိုက်လျက် လှလေးစိန်အား. . .

''ကိုင်း. . . သမီးရေ. . . ထမင်းဝိုင်း တစ်ခါတည်း ပြင်ထားလိုက်ပါကွယ်''ဟု ခိုင်းစေလိုက်လေပြန်၏။

ဦးတင်မောင်တို့လူစုလည်း ဘာမှပြောနိုင်ခြင်းမရှိတော့ဘဲ အအေးခွက်များကိုယူ၍ သောက်လိုက်ကြရလေ၏။

ပြီးလျှင် ဦးဗဒင်က. . .

''ကဲ. . . အားလုံးပဲ ထမင်းစားခန်းကို ကြွကြပါ. . ငြင်းလို့တော့မရဘူးနော် ဦးတင်မောင်. . . ကျုပ်တို့သားအဖက စေတနာသန့်သန့်နဲ့ကို ကြိုပြီးစီစဉ်ထားတာ''ဟု ဖိတ်မန္တက ပြုလိုက်ပြန်



ရာ ဦးတင်မောင်တို့လူစုမှာ ထမင်းဝိုင်းသို့ လိုက်ပါသွားကြရပြန်လေ၏။

ထို့နောက် ၎င်းတို့မှာ ထည်ဝါခံ့ညားစွာ ပြင်ဆင်ထားသော ထမင်းဝိုင်း၌ထိုင်ကာ အမယ်ပေါင်းများစွာ စီစဉ်ထားသော ဟင်းလျာများနှင့် ထမင်းကို စားသောက်ကြရလေတော့၏။

စင်စစ်အားဖြင့် ဦးတင်မောင်တို့လူစုမှာ ဦးဗဒင်တို့ထံသို့ အပျော်ထမင်းစားဖိတ်၍ ရောက်လာခဲ့ကြခြင်းမျိုးမဟုတ်ပေ။ သို့သော်ငြား စုံလင်ခံ့ညားလှသော ထမင်းဝိုင်းကြီးဖြင့် ဧည့်ခံခြင်းခံရသောအခါ နဂိုတင်းလာခဲ့သော စိတ်ခါတ်များပင် ပြေပျောက်သကဲ့သို့ ဖြစ်၍သွားကြလျက် ထမင်းဟင်းများကို မြိန်ယှက်စွာ စားသောက်မိလိုက်ကြလေ၏။

ထိုကြားထဲမှ ဦးဗဒင်၏ ထမင်းထည့်ပါဦး. . . ဟိုဟာလေးမြည်းစမ်းကြည့်စမ်းပါ. . . ဒီဟင်းလေးထည့်ပါဦး အစရှိသည့် ဖော်ရွေသော လောကွတ်များနှင့် ထပ်မံ၍ ကြုံတွေ့ရပြန်သောအခါ၌ကား လာရင်းကိစ္စများပင် မေ့ပျောက်သွားကြလျက် အမှန်တကယ် အပျော်ထမင်းစားဖိတ်၍ လာရောက်စားသောက်ကြသကဲ့သို့ပင် ခံစားကြရကုန်လေတော့၏။

ထိုမှ ထမင်းစားသောက်၍ ပြီးကြသောအခါ လက်ဖက်ရည်အချိုပွဲ မုန့်မျိုးစုံဖြင့် ညှော်ခံကြပြန်လေလျှင်ကား ဦးတင်မောင်တို့လူစုမှာ ဦးဗဒင်တို့အပေါ် အားနာသည့်စိတ်ဓာတ်များပင် ဝင်ရောက်၍လာကြကုန်လေ၏။

ထိုအခြေအနေမျိုးရောက်မှ ဦးဗဒင်က ကြာဖြူအား..

"ကဲ.. သားရေ. စာချုပ်လေးယူခဲ့ပါကွယ်.. ဒီမယ်စားရင်းသောက်ရင်းနဲ့ ဆွေးနွေးကြရအောင်"ဟု ခိုင်းစေလိုက်ရာ ကြာဖြူက အသင့်ပြုလုပ်ထားသော ဗီရိုထဲမှ စာချုပ်(၂)စောင်ကို သွား၍ယူကာ ဦးတင်မောင်ရှေ့သို့ ချပေးလိုက်လေ၏။ ဦးတင်မောင်သည် စာချုပ်ပါ အချက်များကို ဖတ်၍ကြည့်လျှက်.

"ကဲ.. အကြောင်းအရာတွေကတော့ သိပြီးသားတွေပဲဗျာ.. အရှည်အရှည်လည်း မဖြစ်ချင်တော့ပါဘူး.. ကျုပ်လက်မှတ်ထိုးပေးပါတော့မယ်"ဟု ဆိုကာ ၎င်းလက်မှတ်ထိုးရမည့်နေရာ၌ လက်မှတ်ကို ရေးထိုးပေးလိုက်လေတော့၏။

ထိုအခါ ဦးဗဒင်နှင့် ကြာဖြူတို့သည် အောင်မြင်သည့်အထိမ်းအမှတ်နှင့် တစ်ယောက်မျက်နှာကို တစ်ယောက် ပြုံး၍ကြည့်လိုက်ကြလေတော့၏။



ထိုမှ နောက်ဆုံး ဦးတင်မောင်တို့လူစု နှုတ်ဆက်၍ပြန်သွားကြသောအချိန်၌မူ ဦးဗဒင်သည် ကျေနပ်သဘောကျစွာအားပါးတရ ရယ်မောလျှက်...

"ဟား.. ဟား.. ဥတ္တမံ. ကိုယ့်ထက်မြတ်သောသူကို အတ္တနီ ဝါတေန–ကိုယ်ကိုနှိမ့်ချသဖြင့် နိဗ္ဗယ–အောင်ရာ၏။ သူရဲ ရဲရင့်သောသူကို ဘေဒေန–သင်းခွဲသဖြင့် နိဗ္ဗယ–အောင်ရာ၏။ နီစံ–ကိုယ်အောက်ယုတ်သောသူကို အပ္ပကာဒါနေန–တစိုးလက်ဆောင်ပေးသဖြင့် နိဗ္ဗယ–အောင်ရာ၏။ သမံ–ကိုယ်နှင့်တူသောသူကို ဝီရိယေန–လုံ့လပြုသဖြင့် ဇယံ–အောင်နိုင်ရာ၏တဲ့ကွ ငါ့သားရဲ့"ဟု ကြွေးကြော်လိုက်လေတော့ရာ ၎င်းတို့သားအဖကား ကုမ္ပဏီသူဌေး ဦးတင်မောင်၏သား ခင်မောင်လတ်နှင့် ပတ်သက်၍ မတရားအနိုင်ကျင့်ခံထားရသော မိန်းကလေးတစ်ယောက်၏ နစ်နာမှုအတွက် ကြားထဲမှ အကြပ်ကိုင် ငွေတောင်းခဲ့ကြခြင်းပင် ဖြစ်ပေတော့၏။

ထိုအခါ ကားပေါ်တွင် ရောက်နေပြီဖြစ်သော ဦးတင်မောင်သည်လည်း ၎င်း၏လူများအား..

"မရဘူးကွ.. ဒီဗာလောသားအဖဟာ အင်မတန်မှ

ပါးရည်နပ်ရည်ရှိတဲ့ လူတွေ…ဒီလိုလူမျိုးတွေဟာ အင်မတန်ကြောက်စရာကောင်းတယ်…ကြည့်ပါလား…သူတို့မှန်တယ်ထင်တဲ့အလုပ်ဆိုရင် ကြားထဲက ဘာမဆိုင်ညာမဆိုင် ဝင်ပြီးလူမိုက်ဝင်လုပ်ရဲကြတာ…ငါ့အနေနဲ့ ဒီငွေလောက်ဟာ တစ်လပြန်ရှာရင်ဖြစ်တယ်…မဖြစ်တာ ဟိုအကောင်ကို နောက် ဒီလိုကိစ္စမျိုးမလုပ်အောင် ဆုံးမရမှာကွ…ဒီကောင်နဲ့ကတော့ ခက်ပါကွာ…ဟိုကောင်ပြောသလို မြွေပွေးကိုမှ သွားပြီး အလမ္မာယ်ပြတဲ့ကောင်"ဟု ပြော၍ ၎င်း၏သားကိုသာ မဲ၍ ကြိမ်းမောင်းလိုက်လေတော့သတည်း။ ။

◆◆◆



## ရွံ့နွံအိုင်ထဲက ပန်းကလေး

တစ်နေ့သ၌မူ ကြာဖြူသည် ပျင်းပျင်းရှိသည်နှင့် ၎င်း၏ကားဖြူလေးကို မောင်းနှင်၍ မြို့ပြင်အစပ်တွင် ဖွင့်လှစ်ထားသော စားသောက်ဆိုင်တစ်ဆိုင်သို့ သွားရောက်လေ၏။ ထိုဆိုင်မှ ဘီယာနှစ်ခွက်နှင့် အာလူးကြော်တစ်ပွဲကို ဖိမ်ခံကာ စားသောက်ပြီးသောအခါ ကျသင့်ငွေကိုရှင်း၍ ကားကို မြို့အထွက် တောတန်းဆီသို့ မောင်းနှင်ခဲ့ပြန်၏။ ထိုမှ ကားအား သစ်ပင်တစ်ပင်အောက်တွင် ထိုး၍ရပ်ထားကာ ကားပေါ်မှဆင်း၍ စိမ်းလန်းသောလယ်ကွင်းများကို မျက်စိပဒါသခံကာ ကြည့်ရှုနေမိလေ၏။ ထိုသို့ကြည့်ရှုနေရင်းမှ ကြာဖြူ၏စိတ်အလျဉ်သည် အတိတ်ဖြစ်ရပ်များနှင့် လက်ရှိဘဝဖြစ်စဉ်များကိုလဲညီး တစ်ရေးရေး ပြန်လည်တွေး

နေမိလေ၏။

ယခုဆိုလျှင် ကြာဖြူမှာ မိမိမွေးရပ်ဖြစ်သည့် ဇာတိမြို့ကလေးအား ခွဲခွာခဲ့သည်မှာ (၆)နှစ်နီးပါးပင် ရှိခဲ့ပြီဖြစ်ပေ၏။ ယခုအချိန်၌ ဘုန်းတော်ကြီး ဦးအာလောကသည်လည်း ပျံလွန်တော်မူရှာတော့မည်ဟုလည်း တွေးမိလေ၏။ ထိုမှ ကပ္ပိယကြီးဦးဖြူသီးကိုလည်း များစွာပင် အမှတ်ရမိလိုက်ပြန်ရာ ယခုချိန် မိမိ ဤအခြေအနေမျိုး ဖြစ်နေသည်ကို သိရလျှင် ကပ္ပိယကြီးဝမ်းသာရှာလိမ့်မည်ဟုလည်း စဉ်းစားမိပြန်၏။ ထိုမှ ငယ်ချစ်ဦးစိန်မြိုင်အကြောင်းကို အမှတ်ရမိလိုက်ပြန်သောအခါ၌မူ ငုတ်လျှိုးနေခဲ့သော မခံချင်စိတ်နှင့် ဒေါသစိတ်များသည် ရင်ထဲ၌ တလှိုက်လှိုက်တက်၍ လာရပြန်လေ၏။ ထို့ကြောင့် လက်ထောက်၍ထားသော သစ်ပင်အား လက်သီးဖြင့် တစ်ချက် ထုလိုက်မိစဉ်တွင် ၎င်း၏အနီးသို့ လူ(၃)ယောက်သည် ရောက်ရှိလာကြလျှက် တစ်ယောက်က..

"မင်းလားကွ.. ဗာလောကြာဖြူဆိုတဲ့ကောင်"ဟု လှမ်း၍မေးလာလေ၏။ ကြာဖြူလည်း ဒေါသအရှိန်ဖြင့် ၎င်းလူကိုကြည့်၍..



"ဟုတ်တယ်.. ငါပဲ"ဟု ပြန်ဖြေလိုက်သည်နှင့် တစ်ပြိုင်နက် ထိုသူသည် အသင့်ဆောင်ယူခဲ့ဟန်ရှိသော ကင်ဒိုဓားကိုထုတ်၍ ကြာဖြူအား ပြေး၍ပိုင်းလေတော့၏။ ကြာဖြူလည်း ဆတ်ခနဲ ကုန်း၍ရှောင်လိုက်ကာ ထိုလူ၏ အောက်ခြေကို ဖြတ်၍ကန်ချလိုက်လေ၏။ ထိုမှ ဓားသမားထံမှ ကင်ဒိုဓားကို မိမိရရ လုယူကာ မျက်နှာကို ဖနောင့်ဖြင့် ပေါက်ချလိုက်ပြန်လေ၏။ ထိုအချိန်၌ပင် ကျန်နှစ်ဦးလည်း ဓားရှည်များဖြင့် ကြာဖြူထံ ဝင်ရောက်ကာ အကျအန တိုက်ခိုက်ကြလေတော့၏။ ဓားသမားနှစ်ဦးက ဓားများဖြင့် ခုတ်၏။ ကြာဖြူက ကင်ဒိုဓားဖြင့် ပယ်ထုတ်၏။ တစ်ယောက်က ဓားဦးဖြင့်ထိုး၏။ ကြာဖြူက ဓားဖြင့် ခတ်ထုတ်၏။ ကျန်တစ်ယောက်ကလည်း မိုး၍ခုတ်၏။ ကြာဖြူက ဆီး၍ခံ၏။ ထိုမှ ဓားသမားနှစ်ယောက်သည် ၎င်းတို့ဓားနှစ်လက်ဖြင့် ကြာဖြူအား ခုတ်၏ ထိုး၏ ဝိုက်လှီး၏ စိုက်၏ ထောက်၏။ ကြာဖြူကလည်း ဓားဖြင့်ခံ၏ ပက်ထုတ်၏ ခုတ်၏ ထွက်၏။ နောက်ဆုံး၌ ဓားသမားနှစ်ယောက်၏ လက်ထဲမှ ဓားများ လွင့်စင်လွတ်ကြသွားကြကာ ပြေးကြလေတော့၏။ ထိုအခါမှ ကြာဖြူလည်း လဲကျကာ ကျန်ခဲ့သောလူအား အကျိုဂုတ်

မှဆွဲထုပြီးလျှင် မျက်နှာအား ခပ်ဆတ်ဆတ် တစ်ချက်နှစ်ချက် ရိုက်ပေး၍ သတိရလာလေလျှင်..

''မင်းတို့ ကုမ္ပဏီသူဌေး ခင်မောင်လတ်ရဲ့လူတွေ မဟုတ်လား.. နောက်.. ဗာလောကြာဖြူကို ဒီလို လာမစမ်းနဲ့.. မင်းတို့ထက်မိုက်လို့ ဗာလောဘွဲ့ခံထားတာ.. နောက်တစ်ခါဆို အသက်တောင် ဘယ်ကထွက်ရမှန်းမသိဘဲ ဖြစ်သွားမယ်.. သွားတော့''ဟု ဆိုကာ ထိုလူ၏ဖက်ပိုးကို ဖြောင်းခနဲ တစ်ချက် ရိုက်၍ လွှတ်လိုက်လေ၏။ ထိုလူလည်း ဖက်ကလေးကိုပွတ်၍ ကုန်းကုန်းကွတဖြင့် ထ၍ပြေးလေတော့၏။ ထို့နောက်မှ ကြာဖြူသည် မိမိ၏ကားပေါ်သို့ တက်ရောက်၍ မောင်းနှင်ကာ အိမ်သို့ ပြန်ခဲ့လေတော့၏။

အိမ်သို့ရောက်လေလျှင် ဦးဗဒင်က ကြာဖြူ၏ပုံကို အကဲခတ်၍..

''ဘယ်လိုလဲဟေ့.. ငါ့သား.. ဟိုကောင်တွေနဲ့ တစ်ပွဲတစ်လမ်း နွှဲခဲ့ရပြီလား.. ဟား.. ဟား.. ဗာလောကြာဖြူကို ဒင်းတို့ ဒီအတိုင်း လာစမ်းလို့ရရောလားကွာ''ဟု မေးမြန်းလာလေရာ ကြာဖြူက..



''နည်းနည်းပါးပါး ပါကြီးရာ.. ဟိုကောင် ခင်မောင်လတ်ရဲ့လူတွေပါ.. နောက်တစ်ခါဆိုရင်တော့ ဒီကောင့်ဆီသွားပြီး ပါးကို တစ်ချက်လောက်ရိုက်ပြီး ဆုံးမပစ်လိုက်ဦးမယ်''ဟု ကြိမ်းဝါးလိုက်လေ၏။

ထိုအခါ ဦးဗဒင်က သဘောကျစွာ ရယ်မော၍..

''ဒီလောက်မလိုပါဘူး ငါ့သားရယ်.. အခုလောက်ဆို ဒီကောင် သဘောပေါက်သွားလောက်ပါပြီ.. လက်စလက်နလည်း သိပ်မထွက်စေနဲ့ဦးကွ.. အခုဆိုရင် တို့သားအဖကို ရဲတွေက အတော်လေး အာရုံစိုက်နေကြပြီ.. ကိုယ့်ဘက်က ဖောင်းမဖြစ်သွားဖို့ အရေးကြီးတယ်ဟေ့.. အခုချိန်မှာ ပါကြီးကလည်း သိပ်ကျန်းမာရေးကောင်းတော့တာ မဟုတ်ဘူး.. မင်း တစ်စုံတစ်ရာ ဖြစ်သွားရင် တို့သားအဖ တည်ထောင်ခဲ့တဲ့ 'ဗာလောပရဟိတ' လုပ်ငန်းကြီး ရပ်ဆိုင်းသွားလိမ့်မယ်ကွ''ဟု ဆိုလိုက်လေရာ ကြာဖြူက တည်ငြိမ်သောအသံဖြင့်..

''စိတ်ချပါ ပါကြီးရာ.. ကျွန်တော်တို့က လူတွေအပေါ် မိုက်ကြေးခွဲနေတဲ့ လူပြိန်း လူအန္ဓ လူမိုက်မျိုးတွေမှ မဟုတ်တာ.. အမှန်တရားဘက်က အမိုက်ခံနေကြတဲ့ ပရဟိတ စေတနာ

ရှင်တွေပဲ . . လောကပါလတရားကြီးက ကျွန်တော်တို့ကို စောင့်ရှောက်မှာပါ . . နောက်ဆုံး ကံအကြောင်းမလှလို့ အဖမ်းခံရလည်း ဘာဖြစ်လဲ ပါကြီးရယ် . . အရင်တုန်းက ပါကြီးတစ်ယောက်တည်းတောင် မတရားမှုတွေအတွက် တရားတဲ့ဘက်ကရပ်တည်ရင်း အချုပ်ထောင်နဲ့ ခဏခဏ မိတ်ဆက်ခဲ့ရတာပဲ မဟုတ်လား . . ကျွန်တော်တို့က 'အဆိုး'ဆိုတာတွေကို ဝယ်လ်ကမ်းလုပ်ပြီး မိတ်ဖွဲ့ထားကြတာပဲ . . ဖြစ်တော့လည်း ပျော်ပျော်ကြီးပေါ့ ပါကြီးရာ'' ဟု ပြောလိုက်လေ၏။

''ကောင်းကွာ . . မင်းကတော့ အဖေ့ထက် ခြေတစ်လှမ်းသာမယ့်သားပဲ''ဟု ဦးဗဒင်က ပြုံးပြုံးကြီးလုပ်ကာ ပြောလိုက်ပြန်လေလျှင် . . .

''တကယ်ပြောတာ ပါကြီး . . ကျွန်တော်ကတော့ ဆုံးဖြတ်ပြီးသွားပြီ . . အများအတွက် အမျိုးသားအတွက်ဆိုတဲ့ စကားကြီး စကားကျယ်တွေတော့ မပြောတတ်ဘူး . . ကျွန်တော့်မျက်လုံးနှစ်လုံးရှေ့မှာ မြင်နေရသမျှ မတရားမှုတွေကိုတော့ တတ်နိုင်သလောက် အမိုက်ခံပြီး တိုက်ခိုက်ဖြေရှင်းသွားမှာပဲ''ဟု ကြာဖြူက ပြောလိုက်ပြန်လေကား ဦးဗဒင်က ကျေနပ်စွာ ဦးခေါင်းကို



တဆတ်ဆတ်ညိတ်၍ လွန်စွာမှ တည်ကြည်လေးနက်သောအသံဖြင့် . . .

''လေးစားပါတယ် ငါ့သား . . တကယ်တော့ ကြာဖြူဆိုတာဟာ အင်မတန်မှ သန့်ရှင်းမွန်မြတ်တဲ့ ပန်းလေးတစ်ပွင့်ပါပဲကွာ . . ဒါပေမယ့် အဲဒီပန်းကလေးဟာ ရွှံ့နွံရေနောက်တွေနဲ့ သာ အတိပြီးတဲ့ ရေကန်တစ်ကန်ထဲမှာ ကံဆိုးစွာ ရှင်သန်ခွင့်ရခဲ့တော့ အနည်းနဲ့အများကတော့ ရွှံ့စက်ကလေးတွေနဲ့ ကင်းမှာမဟုတ်ပါဘူး . . ဒါပေမယ့် တစ်နေ့ ရေတွေကြည်လင်ပြီး ရွှံ့နွံတွေ အနယ်ထိုင်သွားတဲ့အချိန်မျိုး ရောက်လာဦးမှာပါ . . အဲဒီအခါကျရင် ကြာဖြူပန်းလေးဟာလည်း ဖြူဖွေးသန့်စင် လှပတဲ့ ပန်းကလေးတစ်ပွင့် ပြန်ဖြစ်ခွင့် ရမှာပါကွယ်''ဟု ပြောလိုက်လေတော့သတည်း။ ။

❖ ❖ ❖

## မကောင်းပေမယ့် အရသာရှိတယ်

ကြာဖြူသည် ထူးခန်းသော စိတ်ရောဂါအထူးကု ဆရာဝန်ကြီး ဦးဗဒင် ခေါ် ဗာလောဗဒင်၏ မွေးစားသားအဖြစ်နှင့် နေထိုင်ရင်းဖြင့် ပညာပေါင်းစုံကို တတ်ကျွမ်းခဲ့လေ၏။ လူပေါင်းစုံနှင့်လည်း တွေ့ကြုံခဲ့ရပြီးဖြစ်၏။ ထို့မှ မတရားမှုများကို ကျူးလွန်နေကြသည့် အရာရှိ လူကုံထံသူဌေးများအား ဒုက္ခပေးခြင်း အကျပ်ကိုင်ငွေတောင်းခြင်း ၎င်းတို့နှင့် ဆက်နွယ်၍ ဒုက္ခရောက်သူ အားငယ်သူများကို အကူအညီပေးခြင်း အစရှိသော အလုပ်များကိုလည်း များစွာ လုပ်ခဲ့ပြီးဖြစ်လေ၏။ တစ်နည်းဆိုမူ ဗာလောကြာဖြူဘွဲ့ခံကာ လူမိုက်တစ်ယောက်အဖြစ် (၅)နှစ်ခန့် ကျင်လည်ခဲ့ပြီဖြစ်လေ၏။

ထိုအတောအတွင်း ကြာဖြူမှာ အကြမ်းပရမ်း အတွေ့



အကြုံများစွာကိုလည်း ရရှိခဲ့ပြီးဖြစ်လေရာ လူဆိုးလူမိုက်အချို့ပင်လျှင် ဗာလောကြာဖြူ ဟုဆိုလျှင် ငွေကြေးတောင့်တင်းချမ်းသာသည့် လူမိုက်ခေါင်းဆောင်တစ်ယောက်ဟု သဘောပေါက်၍ ထားကြကုန်၏။ စင်စစ်မူကား ကြာဖြူသည် ၎င်းတို့ သဘောပေါက်ထားကြသည့် လူမိုက်မျိုးမဟုတ်ပေ။ ‘ဗာလောပရဟိတ’ လုပ်ငန်းဟု ၎င်းတို့သားအဖ နာမည်ပေးထားကြကုန်သော အားငယ်သူများဘက်မှ ရပ်တည်၍ မတရားမှုများကို ကိုယ့်စားရိတ်ကိုယ်စားကာ အမိုက်ခံ ကူညီဖြေရှင်းပေးနေသည့် ထူးဆန်းသည့် လူမိုက်မျိုးပင်ဖြစ်တော့၏။ ထိုအခါ ၎င်းတို့ ပြုလုပ်နေသော အလုပ်များသည် စိတ်ကူးယဉ်ဆန်ဆန် ရုပ်ရှင်ဆန်ဆန် အပြုအမူများဟု ထင်လိုကထင်နိုင်၏။ “အခုခေတ်က မင်းမဲ့တိုင်းပြည်မှ မဟုတ်ဘဲ. . . သူတို့လုပ်ချင်တိုင်း လုပ်လို့ဖြစ်မလား. . . အဓိပ္ပါယ်မရှိဟု” ပြောလိုကလည်း ပြောနိုင်၏။ သို့သော် အမှန်ပင် ဗာလောဗဒင်နှင့် ဗာလောကြာဖြူ ဟူသော လူသားနှစ်ဦးသည် ခေတ်သစ် ပိုလ်စံဖဲများပင် ဖြစ်၍နေလေ၏။ ထို့မှ တစ်ခါတစ်ရံ ၎င်းတို့ အလိုရှိသော စာချုပ်စာတမ်း ငွေကြေးများကိုလည်း ဖောက်ထွင်းခိုးယူရသည့် အလုပ်များကိုပါ ကျွမ်းကျင်စွာ လုပ်

ကိုင်ခဲ့ကြဖူးလေရာ ခေတ်သစ် တေက်ပြားများလည်း ဖြစ်တော့၏။

ဆိုပြီးသည့်အတိုင်း ကြာဖြူသည် ခံယူချက်နှင့် အထက်ပါအလုပ်များကို ကျေကျေနပ်နပ်ကြီး လုပ်လျှက်ရှိတော့၏။ တစ်နေ့သ၌မူ ဦးဗဒင်က..

"ငါ့သားရေ.. ဒီတစ်ချီတော့ ပါကြီးတို့ ပွဲကြီးပွဲကောင်း တစ်ပွဲ နွှဲရတော့မယ်ဟေ့.. ဒီလိုကွ.. မင်း မန္တလေးက တရုတ်သူဌေး ဦးချိန်ဟိုက်ကို သိတယ်မဟုတ်လား.. အခု ဒီလူက တို့မြို့မှာ စားသောက်ဆိုင်လုပ်ငန်းတွေကို လာပြီးလုပ်လိမ့်မယ်ကွ.. အခု.. ဈေးရှေ့မှာ ဆောက်ထားတဲ့ အဆောက်အဦးကြီးဟာ သူ့စားသောက်ဆိုင်ဖွင့်မယ် အဆောက်အဦးကြီးပဲ.. သူ့ဟာသူ စီးပွားရေးလုပ်တာမျိုးကတော့ တို့နဲ့ဘာမှမဆိုင်ဘူးပေါ့ကွာ.. ဒါပေမယ့်.. ဆိုင်တာက အဲဒီအဆောက်အဦးနေရာအတွက် ဒီလူဟာ မမှန်မကန်တဲ့နည်းနဲ့ အရယူခဲ့တဲ့ကိစ္စပဲဟေ့.. ပြောရရင် ပိုက်ဆံရှိရင် ဘာမဆိုလုပ်လို့ရတယ်လို့ မာန်တက်နေတဲ့ ဒီလိုလူမျိုးတွေကို ပါကြီးက သိပ်မုန်းတယ်ကွ.. နောက်တစ်ခုက ဒီလူက အခံလူတွေကိုပေါင်းပြီး အားငယ်တဲ့လူတွေအပေါ် အနိုင်ကျင့်ချင်တဲ့ ဉာဉ်ဆိုးကလည်း ရှိသေးတယ်ကွ..



အခုကိုပဲ သူ့မန်နေဂျာဆိုတဲ့ကောင်က မြို့ခံလူမိုက်ကလေးတွေကို မဖွင့်ရသေးတဲ့ သူတို့ဆိုင်မှာ လုံခြုံရေးအလုပ်တွေ ခန့်ထားတယ်.. ဟိုကောင်တွေကလည်း ဒီကောင့်အခံနဲ့ ကြွတတလေးတွေ ဖြစ်နေကြတယ်ဟေ့.. ဒီတော့ကွာ.. ဒီကောင်တွေကို နည်းနည်းတော့ ပညာပေးမှဖြစ်မယ်ကွ"ဟု ပြောလိုက်လေရာ ကြာဖြူက မခိုးမခန့်ပြုံး၍..

"ဒီကိစ္စက ဗာလောကြာဖြူအတွက် မိုင်နာလေးတွေပါ ပါကြီးရာ.. ပါကြီး ဘာဖြစ်ချင်သလဲဆိုတာသာ ပြောလိုက်" ဟု ပြန်၍ ပြောလိုက်လေ၏။

ထိုအခါ ဦးဗဒင်က..

"အခုကိစ္စက လွယ်လွယ်လေးတော့ မဟုတ်ဘူး ငါ့သားရ.. ဒီကောင်တွေမှာ နောက်က အခံတွေရှိနေတယ်.. သူတို့အလုပ်ကလည်း တရားဝင်ခွင့်ပြုထားတဲ့အလုပ်ကွ.. အကြမ်းပတမ်း သွားလုပ်လို့မဖြစ်ဘူး.. နောက်.. တို့သားအဖရဲ့ 'ဇ' ကိုလည်း ဒီကောင်တွေ သိထားကြတော့ သူတို့ဘက်က အစီအမံလေးတွေ လုပ်ထားကြမှာလည်း သေချာတယ်ကွ"ဟု ပြောလိုက်လေလျှင် ကြာဖြူလည်း ခေတ္တ စဉ်းစားသလိုပြု၍..

"ပါကြီး ပြောတာ မှန်တယ်.. အခုမှ ကျွန်တော်လည်း စဉ်းစားမိတယ်.. အရင်လူတွေဆို ဒီမြို့မှာ ဘာလုပ်ငန်းပဲလုပ်လုပ် ပါကြီးနဲ့ ပြေလည်အောင် လာပြီး အရင်ဆုံး ဆက်သွယ်ရောနှောကြတယ်.. အခု ဒီလူကြီးက ဘာမှ အဆက်အသွယ် လာမလုပ်ဘူး"ဟု ပြောလိုက်လေ၏။

"အမှန်ပေါ့ကွာ.. ဒီအချက်ကို ငါ့သား စဉ်းစားမိသားပဲ.. အေး.. ချိန်ဟိုက်ဆိုတဲ့ကောင် ပါကြီးနဲ့ ဘာကြောင့် အဆက်အသွယ် လာမလုပ်သလဲဆိုတာ မင်းသိလား.. တစ်ချိန်က ဒီကောင်ဟာ ပါကြီးနဲ့ မန္တလေးမှာ လုပ်ငန်းတစ်ခုကို အတူလုပ်ခဲ့ဖူးတယ်ကွ.. အဲဒီကတည်းက သူ့အကြောင်း ကိုယ့်အကြောင်း သိနေကြတော့ အခုချိန်မှာ ဒီကောင်က စီးပွားရေးခိုင်မာနေပြီဆိုတော့ ပခုံးချင်း ယှဉ်ချင်တဲ့သဘောပေါ့ကွာ.. ဒါကြောင့် ဒီတစ်ချီတော့ ပါကြီးတို့ ပွဲကြီးပွဲကောင်း တွေ့ကြပြီလို့ အစက ပါကြီး ပြောခဲ့တာပေါ့"ဟု ဦးဗဒင်က ပြောပြလိုက်လေတော့၏။

"ဒါဖြင့်... ဒီလူကြီးက မိတ်ပောင်းဆွေပောင်းကြီးပေါ့... ဟင်း... ဟင်း... ဒီလိုဆိုတော့ ဒီကိစ္စကို ပိုတောင်စိတ်ဝင်စားသွားပြီ ပါကြီးရေ.. ကျွန်တော်ကလည်း ဒီလိုအလုပ်



မျိုးဆို ပိုပြီးလုပ်ချင်တယ်"ဟု ကြာဖြူက ပြောလိုက်လေလျှင် ဦးဗဒင်က ခပ်ပြုံးပြုံးလုပ်၍..

"အာဃာတ အငြိုးမျိုးနဲ့တော့ မလုပ်ပါနဲ့ ငါ့သားရယ်. ဒါပေမယ့်လည်း ပြောလို့သာပြောရတာပါ.. ဒီလို အခဲမျိုးလေးရှိတော့ လုပ်ရတာ ပိုပြီး လေးနက်တယ်ကွ.. ဟဲဟဲ. လက်စားချေတတ်တဲ့အကျင့်ဟာ မကောင်းပေမယ့် ဒီလိုအလုပ်မျိုးက အရသာရှိတာတော့ အမှန်ပဲပေါ့"ဟု ပြောလိုက်လေတော့သတည်း။ ။

❖❖❖

## မြွေပွေးကို ညွှတ်ကွင်းဆင်မယ့်သူ

အထက်ပါ အဖြစ်အပျက်အပြီး များမကြာမီတွင်ပင် ကြာဖြူတို့ မြို့ငယ်လေး၌ 'ပန်းရနံ့'ဟူသော စားသောက်ဆိုင်ကြီးတစ်ဆိုင်သည် ပေါ်ထွက်လာခဲ့လေ၏။ ၎င်းစားသောက်ဆိုင်ပိုင်ရှင်မှာ တရုတ်သူဌေး ဦးချိန်ဟိုက်ပင်ဖြစ်လျှက် ၎င်းသည် ငွေကြေးတောင့်တင်း၏။ အကပ်ကောင်း၏။ လုပ်ငန်းများပြားသည့်အလျောက် တပည့်တပမ်း အစွယ်အပွားများလည်း ပေါများ၏။ အထက်အာဏာပိုင်လူကြီးများနှင့်လည်း ပနံရ၏။ ထို့ကြောင့် 'ပန်းရနံ့'စားသောက်ဆိုင်ကြီးသည် အထက်တန်းစားအခံတောင့်သည့် ဆိုင်ကြီးတစ်ဆိုင်ပင် ဖြစ်တော့၏။ ထိုအခါစားသောက်ဆိုင်ကြီး၌ 'စတိတ်'ခေါ် စင်မြင့်အဆိုတီးပိုင်းတစ်ခု



ပါ ထားရှိလေရာ ညပိုင်းအချိန်များ၌ ထိုပိုင်းကြောင့် လွန်စွာမှပင် လူစည်ကားလှပေ၏။ အဆိုရှင် မိန်းကလေးများမှာလည်း လွန်စွာ လှပကြ၏။ ဦးချိန်ဟိုက်က မန္တလေးမှ လက်သပ်မွေးကာ ခေါ်ယူလာခြင်းလည်း ဖြစ်၏။ ၎င်းတို့အထဲ၌ 'ပေရယ်'ဟူသော မိန်းကလေးသည် ပို၍ လူသိများထင်ရှားလေ၏။ ပြောရလျှင် ထိုမိန်းကလေး 'ပေရယ်'ကြောင့်ပင် ပန်းရနံ့သည် အချိန်တို အတွင်း အောင်မြင်လာခဲ့သည်ဟုပင် ဆို၍ရပေတော့၏။ ထို့ကြောင့်လည်း သူဌေး ဦးချိန်ဟိုက်လည်း ပေရယ်အား အထူးပင် လက်သပ်၍ မွေးထားလေ၏။ ပေရယ်သည် အဆိုရှင် မိန်းကလေး ပီပီ ခေတ်ဆန်၏။ ချော၏။ လှ၏။ ညို့အားပြင်းထန်သော မျက်လုံးများနှင့် စွဲမက်ဖွယ်ခန္ဓာကိုယ်လည်း ရှိလေ၏။ ထို့အပြင် ပေရယ်သည် သူဌေး ဦးချိန်ဟိုက်နှင့်လည်း တိတ်တိတ်ပုန်း ငြိနေသည့် မိန်းမလှလေးလည်း ဖြစ်တော့၏။

တစ်ည ဆိုင်သိမ်းချိန်၌မူ ဦးချိန်ဟိုက်သည် ပေရယ်အား ၎င်း၏ အထူးခန်းသို့ ခေါ်ယူလျှက် အောက်ပါ အရေးကြီးသော စကားများကို ပြောကြားခဲ့လေ၏။

''ပေရယ့်ကို အစ်ကိုကြီး အရေးကြီးတဲ့စကားတစ်ခု

ပြောစရာရှိတယ်. . . သေသေချာချာ နားထောင်ပါ ပေရယ်. . အခုဆိုရင် အစ်ကိုကြီးတို့ဆိုင်ဟာ မျှော်မှန်းတာထက်ကို အချိန်တိုလေးအတွင်း အောင်မြင်လာခဲ့တာ ပေရယ်လည်း အသိပဲ. . ဒါပေမယ့် ဘယ်အလုပ်မဆို အောင်မြင်လာရင် အတိုက်အခိုက်တွေ အပြိုင်အဆိုင်တွေ ရှိလာတတ်တယ်. . . စီးပွားရေးအလုပ်ပဲဖြစ်ဖြစ် ဘာအလုပ်ပဲလုပ်လုပ် အန္တရာယ်ကို ကြိုတင်ကာကွယ်ထားတာဟာ အကောင်းဆုံးပဲ. . ဒီမြို့မှာ အစ်ကိုကြီးအနေနဲ့ ဒီဆိုင်ကိုဖွင့်ဖို့အတွက် အစစအရာရာ အသေချာ စီမံပြီးလုပ်ခဲ့တဲ့အတွက်တော့ နောက်ထပ် အပြိုင်အဆိုင် ဆိုင်မျိုး ပေါ်ပေါက်ဖို့ဆိုတာ မလွယ်လောက်ပါဘူး. . ဒါပေမယ့် အစ်ကိုကြီးတို့ စီးပွားရေးကို ထိခိုက်ပျက်စီးသွားနိုင်လောက်အောင် ဒုက္ခပေးနိုင်မယ့် အတိုက်အခိုက်မျိုးကတော့ ဖြစ်လာနိုင်စရာအကြောင်းက ရှိနေတယ်. . အဲဒီအတိုက်အခိုက်ဆိုတာ အခြားတော့မဟုတ်ဘူး. . ဒီမြို့မှာရှိနေတဲ့ 'ဗာလောဗဒင်'လို့ခေါ်တဲ့ လူတစ်ယောက်ရဲ့ရန်ပဲ. . ဒီလူနဲ့ အစ်ကိုကြီးတို့ဆိုတာ အစိမ်းသက်သက်တော့ မဟုတ်ဘူး. . တစ်ချိန်တုန်းက လုပ်ငန်းတစ်ခုကိုတောင် အတူတွဲလုပ်ခဲ့ကြဖူးတယ်. . ဒါပေမယ့် သူ့အယူအဆတွေ သူ့အတွေးအခေါ်



တွေနဲ့ စီးပွားရေးလုပ်လို့မဖြစ်တဲ့အတွက် အစ်ကိုကြီးနဲ့ လမ်းခွဲခဲ့ကြတယ်. . ပြောရရင် ဒီလူဟာ စိတ်ဓာတ်မှုမှန်မရှိတဲ့လူပဲလို့ အစ်ကိုကြီးကတော့ ယူဆတယ်. . ဘာဖြစ်လို့လဲဆိုရင် အစ်ကိုကြီးတို့က စီးပွားရှာတာ ငွေကိုရှာတာ. . ငွေရဖို့ ကိုယ့်အတွက် အကျိုးအမြတ်ရဖို့. . တရားတာတွေ မတရားတာတွေကိုကြည့်နေလို့မှ မဖြစ်ဘဲ. . စီးပွားရေးလောကဆိုတာ လျှင်သူစားစတမ်းပဲလေ. . ပါးနပ်တဲ့လူ အနိုင်ရစမြဲပဲလေ. . ဒါကို သူ့စိတ်ဓာတ်က ဒီလိုမျိုးမရှိဘူး. . ထားတော့. . အခုချိန်မှာ သူ့အကြောင်းကိုပြောဖို့ မဟုတ်ဘူး"

ဦးချိန်ဟိုက်က စကားကို ခေတ္တဖြတ်၍ ရေခဲနှင့်ရောစပ်ထားသော ယမကာဖန်ခွက်ကို ခပ်မျှင်းမျှင်းစုပ်၍ သောက်လိုက်လေ၏။ ထိုအချိန် ပေရယ်မှာမူ ဦးချိန်ဟိုက် ပြောသောစကားများကို မျက်လုံးအဝိုင်းသားလေးဖြင့် နားထောင်နေရှာလေ၏။

ထို့နောက်မှ ဦးချိန်ဟိုက်က ဝက်အူချောင်းကြော်တစ်တိုကို ကောက်ယူ၍ ဝါးလိုက်ကာ. .

"အဓိက အခု အစ်ကိုကြီး ပြောချင်တဲ့ကိစ္စက. . အခု ဒီလူ့ရဲ့ပိုင်နက်မြေထဲမှာ အစ်ကိုကြီးက ရောက်နေတဲ့အတွက်

အစ်ကိုကြီးလုပ်ငန်းတွေကို ဒီလူ နှောင့်ယှက်မှာ အသေအချာပဲ ။ ဘာလို့ အစ်ကိုကြီး ဒီလိုပြောနိုင်သလဲဆိုတော့ ဒီနယ်မှာ ဒီလူက သူ့ရဲ့ ရှုးကြောင်ကြောင် အတွေးအခေါ်တွေနဲ့ စီးပွားရေးသမား တွေကို ဒုက္ခပေးနေတာ အတော်ပဲ နာမည်ရနေတယ် ။ ။ ကိုယ်နဲ့မဆိုင်တဲ့ကိစ္စတွေကို ကြားကဝင်ပါတယ် ။ ။ ။ ဟင်း ။ ။ ဟင်း ပြောရရင် လူစွမ်းကောင်းကြီး လုပ်နေတာပေါ့ကွာ ။ ။ သူ့မှာက ဗာလောကြာဖြူဆိုတဲ့ မွေးစားသားတစ်ယောက်လည်း ရှိတယ် ပေရယ်ရဲ့ ။ ။ ။ အဓိကကတော့ အဲဒီအကောင်ပဲ ။ ။ ။ ဗဒင်ကြီးက အခုချိန်မှာ အသက်ကြီးနေပြီဖြစ်တဲ့အတွက် အစွယ်မရှိတော့တဲ့ ကျားအိုကြီး ဖြစ်နေပြီဆိုပါတော့ ။ ။ သူအားကိုးနေတာ အဲဒီ သူ့မွေးစားသား ဗာလောကြာဖြူ ဆိုတဲ့ကောင်ပဲ ။ ။ ။ ဒီကောင်က အခု သိရသလောက်ကတော့ သိပ်လျင်တယ်၊ သွက်တယ်၊ အတွေ့အကြုံကလည်း အတော်ရှိတယ် ။ ။ ။ နယ်ခံ ကျားကြီးလို လူမိုက်တွေကတောင် သူ့ဆို ဖိန့်ကြတယ်ဆိုပဲ ။ ။ ဒီတော့ အဓိက အစ်ကိုကြီးတို့ကို နှောင့်ယှက်ဒုက္ခပေးလာနိုင်တဲ့လူဟာ ဒီကောင်ပဲ ။ ။ ။ ဒီကောင့်ကို အစ်ကိုကြီးတို့အနေနဲ့ ကြိုတင်ပြီး ရိုက်ချိုးနိုင်မှကိုဖြစ်လိမ့်မယ်''ဟု ဦးချိန်ဟိုက်က ပြော၍ ယမကာဖန်ခွက်



ကို တစ်ချက် စုပ်သောက်လိုက်ပြန်ရာ ပေရယ်က ။ ။

''အဲဒီကိစ္စတွေဟာ ပေရယ်နဲ့ ဘယ်လိုပတ်သက်နေလို့လဲ ။ ။ ပေရယ်တော့ နားမလည်တော့ဘူး''ဟု ပြောလိုက်လေ၏။

ထိုအခါ ဦးချိန်ဟိုက်က ပြုံး၍ ။ ။

''သိပ်ဆိုင်တာပေါ့ ပေရယ်ရယ် ။ ။ ဆိုင်လို့ပဲ အခုလို ပေရယ့်ကို အစ်ကိုကြီး ခေါ်ပြီး ပြောနေရတာပေါ့ ။ ။ ဒီလို ပေရယ်ရဲ့ အခြားလူတစ်ယောက်အနေနဲ့ဆို အစ်ကိုကြီးအနေနဲ့ ဒီလိုကိစ္စမျိုးကို စကားထဲတောင် ထည့်ပြီးပြောမနေဘူး ။ ။ ဒါပေမယ့် အခု ဗာလောကြာဖြူ ဆိုတဲ့ကောင်ဟာ ဗာလောဗဒင်ရဲ့ မွေးစားသားပီပီ ကျားတစ်ကောင်ဖြစ်နေတယ် ။ ။ တော်တော်တန်တန် ကျားတောင် မဟုတ်ဘူး ။ ။ ကိုးတောင်ပြည့်ကျားကွ ။ ။ တစ်နေ့ကတင် ဒီကောင်နဲ့ အစ်ကိုကြီးတပည့် ကျော်နိုင်တို့အဖွဲ့ သွားငြိခဲ့ကြတာ ။ ။ အဲဒီကောင် ဆော်လွှတ်လိုက်တာ အစ်ကိုကြီးလူတွေ တစ်ယောက်မှ အကောင်းပါမလာဘူး ။ ။ အကွဲအပြဲ အကျိုးချည်းပဲ ။ ။ ဒီတော့မှ ကျားကြီးကပါ ဒီနယ်မှာ သူတို့တောင် အဲဒီကောင်ကို လက်ရှောင်နေရတဲ့အကြောင်း ပြောပြတာကိုး ။ အရင်တုန်းက နယ်တွေမှာ အစ်ကိုကြီး အလုပ်တွေ အများကြီး လုပ်ခဲ့

ဖူးတာပဲ. . ဒီလိုပြဿနာမျိုးဆို ကျွေးမွေးထားတဲ့ နယ်ခံလူမိုက်တွေနဲ့ပဲ သူ့ဆီနဲ့သူ ပြန်ကြော်ခိုင်းလိုက်ရုံပဲလေ. . . အခုဟာ မွေးထားတဲ့ နယ်ခံလူမိုက် ကျားကြီးတို့အဖွဲ့ကတောင် သူ့ကို ပြန်ဖိန့်နေတယ်ဆိုတော့ အစ်ကိုကြီးအနေနဲ့ တော်တော်ဦးနှောက်စားသွားတယ်. . . ပြီးတော့. . . ကျော်နိုင်တို့ ငါးယောက်အဖွဲ့ကိုတောင် စုတ်ပြတ်နေအောင် တွယ်လွှတ်လိုက်တဲ့ ဒီကောင့်အစွမ်းကလည်း တော်ရုံကောင်တစ်ယောက် မဟုတ်ဘူးဆိုတာ သိသာနေတယ်''ဟု ဦးချိန်ဟိုက်က ပြောလိုက်ပြန်လေလျှင် ဦးချိန်ဟိုက်အထာကို သိရှိထားသော ပေရယ်က. . .

''ဒီလိုဆိုလည်း အစ်ကိုကြီးရယ်. . . အစ်ကိုကြီး သုံးနေကျ နောက်တစ်နည်းနဲ့ ဆုံးမပစ်လိုက်ပေါ့. . . ဘာခက်တာမှတ်လို့'' ဟု ပြောလိုက်လေ၏။

ထိုအခါ ဦးချိန်ဟိုက်က ခပ်မဲ့မဲ့တစ်ချက်ပြုံး၍. . .

''အဲဒီနည်းကလည်း အသုံးမဝင်ဘူး ပေရယ်ရဲ့. . လမ်းဘေးက ငစန္ဒတစ်ယောက်ဆိုရင်တော့ ဖြစ်တယ်. . . အခု ဒီကောင်က ငွေကိုရေလိုသုံးနိုင်တဲ့ကောင် ဖြစ်နေပြန်တယ်. . . နောက် သူ့အဖေ ဦးဗဒင်ကိုယ်တိုင်က စိတ်ရောဂါအထူးကု ဆရာဝန်တစ်ယောက်ကွ. . . ဌာနဆိုင်ရာတွေနဲ့ သူတို့ဘက်ကလည်း အရာရောက်သင့်သလောက် ရောက်တယ်''ဟု ပြောလိုက်ပြန်ရာ ပေရယ်မှာ မျက်လုံးလေးဝိုင်း၍သွားလျှက်. . .

''ဒီလိုဆို. . . သူ့ကို ဘယ်လိုလုပ်မတုံး''ဟု ပြောလိုက်မိလေ၏။ ထိုအခါ ဦးချိန်ဟိုက်က သဘောကျစွာ ရယ်မောလျှက်. . .

''ဟား. . . ဟား. . . ဒါကြောင့် အခုလို ပေရယ်ကို ခေါ်တွေ့ရတာပေါ့ ပေရယ်ရဲ့. . . ဒီမှာ ပေရယ်. . . နှစ်တစ်ထောင်လုံးလုံးတောင် ဘယ်လိုမှဆိုးမျိုးမှ ဖမ်းလို့မမိနိုင်အောင် အစွမ်းထက်လှတဲ့ ရွှေဥဒေါင်းမင်းကို ဘယ်လိုညွှတ်ကွင်းမျိုးနဲ့မှ ဖမ်းလို့မိသလဲ''ဟု ဆိုလိုက်လေရာ ပေရယ်မှာ ထိုအခါမှ သဘောပေါက်၍သွားလျှက် လှပစွာ ပြုံးလိုက်ကာ. . .

''ပေါက်ပြီ. . . အစ်ကိုကြီး ပေရယ့်ကိုခေါ်တာ ဒါကိုး. . ဒါပေမယ့် အစ်ကိုကြီးလူက 'ဗာလောကြာဖြူ'ဆိုတော့ တော်ပုံရုပ်ကြမ်းကြီးနေမှာပဲ. . . ပေရယ် ကပ်ရမှာ မမိုက်ပါဘူး''ဟု ပြောကာ နှာခေါင်းလေးကို ရှုံ့လိုက်လေ၏။

''ဟား. . . ဟား. . . မထင်နဲ့ ပေရယ်ရေ. . . အဲဒီကောင်

ရုပ် မင်းသားတောင် အရှုံးပေးရလောက်တဲ့ ရုပ်မျိုးကွ. . တော်တော်ကြာ ပေရယ်ပါ စွဲသွားမှာတောင် အစ်ကိုကြီးက စိုးရိမ်နေရသေးတယ်''ဟု ဦးချိန်ဟိုက်က ပြောလိုက်လေလျှင် ပေရယ်မှာ အံ့သြဟန်ဖြစ်၍သွားလျက်. .

''တကယ်လား အစ်ကိုကြီး''ဟု မေးလိုက်မိလေတော့၏။

''တကယ်မဟုတ်ဘူး. . ဆယ်ကယ်. . ဒါကြောင့် ဒီဆိုင်မှာ ဒိတ်ဖြစ်တဲ့ ပေရယ်ကို အစ်ကိုကြီး ရွေးလိုက်ရတာပေါ့. . တော်ရုံ မိန်းကလေးဆိုလည်း ဒီကောင့်ကိုကပ်ဖို့ မလွယ်လောက်ဘူးလေ. . ဟင်း. . ဟင်း. . ဒီကိစ္စ အောင်မြင်ရင်သာ ပေရယ့်ကို အစ်ကိုကြီးက. . ''ဟု ဦးချိန်ဟိုက်က ပြောလျက် လက်သုံးချောင်းကို ထောင်၍ပြလိုက်လေ၏။

ထိုအခါ ပေရယ်၏နှုတ်ခမ်းလှလှလေးမှ. .

''သုံးသိန်း''ဟု ရေရွတ်လိုက်လျက် လှပစွာ ပြုံးလိုက်ကာ

''အိုကေ. . အစ်ကိုကြီး. . ဒီကိစ္စကို ပေရယ် သိပ်စိတ်ဝင်စားသွားပြီ. . အစီအစဉ် ဘယ်တော့စရမလဲပြော''ဟု ဆိုလိုက်လေ၏။

ထိုအခါ ဦးချိန်ဟိုက်က ကျေနပ်သဘောကျစွာ ရယ်



မောလိုက်လျက်. .

''ဟား. . ဟား. . အစ်ကိုကြီးဘက်က အစီအစဉ်တွေအားလုံး အသင့်ချပြီးရင် ပေရယ့်အနေနဲ့ အသာကလေး ဝင်လိုက်ရုံပဲ. . ဒီလိုကောင်မျိုးကို မသေမချာနဲ့ သွားကိုင်လို့တော့ မဖြစ်ဘူးကွ. . ဒီကောင်က မြွေပွေး''ဟု ပြောလိုက်လေတော့သတည်း။ ။

❖ ❖ ❖

## ညွှတ်ကွင်းမိသွားသော မြွေပွေး

သူဌေး ဦးချိန်ဟိုက်နှင့် မိန်းမလှလေး ပေရယ်တို့၏ အစီအစဉ်သည် အတိုင်းအတာထက်ပင် ကျော်လွန်ကာ ထိရောက်သွားသည်ဟု ဆိုရမည်ဖြစ်ပေ၏။ ဘဝတစ်သက်တာ၌ စိန်မြိုင်ဟူသော မိန်းကလေးတစ်ယောက်နှင့်သာ ပတ်သက်ခဲ့ဖူးသော ကြာဖြူမှာ လွန်စွာမှ လှသော ချောသော လွန်စွာမှုလည်း စွဲမက်ဖွယ်ရာကောင်းသော ပေရယ်နှင့် ကြုံတွေ့ခဲ့ရသောအခါ သူမ၏ လှပသော လှည့်ကွက်မာယာအောက်တွင် ရုန်း၍မထွက်နိုင်တော့ဘဲ ဖြစ်၍သွားခဲ့ရလေ၏။

ထိုအခါ ပေရယ်သည် မန္တလေး၌ မိခင်အိုကြီးနှင့် နေထိုင်လျက် ဘဝ ဝမ်းစာအတွက် ပန်းရန့်တွင် လာရောက်၍



သီချင်းဆိုနေရသော သနားစဖွယ် မိန်းမလှလေးတစ်ယောက်အဖြစ် လှပစွာ သရုပ်ဆောင်နိုင်ခဲ့လေ၏။ ပင်ကိုယ်စိတ်ဓာတ်အခံကိုက လွန်စွာ ရိုးသားသော ကြာဖြူသည်လည်း ကောင်းစွာပင် ယုံကြည်မိလေ၏။ ထိုမှ ပေရယ် တမင်ခင်းပေးသော လမ်းကိုပင် တည့်တည့်ဝင်လျှောက်၍ နှစ်ယောက်သား လွန်စွာမှ ရင်းနှီးသောအဖြစ်သို့ ရောက်ရှိသွားကြကုန်လေ၏။ ထိုအချိန် ၎င်းတို့၏ အဖြစ်အပျက်ကို ကြာဖြူမှာ လျှို့ဝှက်ထားသဖြင့် ဦးဗဒင်မှာ မသိလိုက်ဘဲ ရှိလေတော့၏။

ထိုအခါ တစ်ဘက်မှ သူဌေး ဦးချိန်ဟိုက် မသိလိုက်ရသော အချက်တစ်ခုသည်လည်း ရှိသေးလေ၏။ ၎င်းမှာ ပေရယ်သည် ပထမ၌ ကြာဖြူအား ဦးချိန်ဟိုက်၏ အစီအစဉ်အရ ဟန်ဆောင်မာယာဖြင့် ဖြားယောင်ခဲ့ခြင်းဖြစ်သော်လည်း နောက်ပိုင်း၌ ကြာဖြူ၏ ယောကျ်ားပီသ ချောမောသော ရုပ်ရည်၊ ရိုးသားဖြူစင်သော စိတ်ဓာတ်နှင့် ယောကျ်ားပီသသော အရည်အချင်းများကြောင့် ကြာဖြူအပေါ်တွင် အမှန်တကယ် မြတ်နိုးတွယ်တာသော သံယောဇဉ်များ ငြိတွယ်လာရသည့်အဖြစ်ပင် ဖြစ်ပေတော့၏။

ထို့ကြောင့် တစ်နေ့ နှစ်ယောက်သား တွေ့ဆုံခိုက် ပေရယ်က ကြာဖြူ၏ ဖြူစင်သော မျက်နှာကို ငေးစိုက်၍ကြည့်လျှက်..

''အစ်ကို''ဟု ခေါ်လိုက်လေ၏။

''ဟင်..ဘာလဲ ပေရယ်...ပြောလေ''ဟု ကြာဖြူက ထုံးစံအတိုင်း ကရုဏာမျက်ဝန်းကြီးများဖြင့် ကြည့်၍ ဆိုလိုက်လေလျှင် ပေရယ်၏ရင်ထဲ၌ ဝမ်းနည်းသော ဝေဒနာတို့မှာ စို့တက်၍သွားကြလေ၏။ ထို့ကြောင့် လှပသော မျက်ဝန်းလေးများထဲ၌ မျက်ရည်ဥကလေးများ ရစ်သီး၍လာကြကာ..

''တ..တကယ်လို့..အစ်ကို့အပေါ်မှာ ပေရယ် အပြစ်တစ်ခုခု လုပ်ခဲ့မိရင် အစ်ကို ပေရယ့်ကို မုန်း..မုန်းသွားမှာလားဟင်''ဟု တိုးညင်းစွာ မေးလိုက်လေရာ ကြာဖြူက ပေရယ်၏ ပခုံးဝန်းဝန်းလေးနှစ်ဘက်ကို ညင်သာစွာ ဆုပ်ကိုင်ကာ ပြုံးပြုံးကြီးလုပ်လျှက်...

''ဒီနေ့မှ ကောင်မလေး စကားအဆန်းတွေ ပြောနေပါလား..ပေရယ်က ဘာဖြစ်လို့ အစ်ကို့အပေါ်မှာ အပြစ်လုပ်ရမှာလဲကွယ်..တကယ်လို့ လုပ်ခဲ့ရင်လည်း အစ်ကို ပေရယ့်ကို



မမုန်းဘူး..စိတ်ချ..အမြဲတမ်း ခွင့်လွှတ်သွားမယ်''ဟု ပြောလိုက်လေ၏။

ထိုအခါ ကြာဖြူ၏စကားကြောင့် ပေရယ်၏ရင်မှ စို့နင့်၍သွားရပြန်လျှက် ကျလုဆဲဆဲ မျက်ရည်များကိုထိန်းကာ..

''အစ်ကိုရယ်..အစ်ကို ပေရယ့်ကို သိပ်ချစ်တာပဲလားဟင်...''ဟု မေးလိုက်ပြန်လေလျှင်..

ကြာဖြူက ပေရယ့်၏မျက်နှာကို ချစ်ကြင်နာစွာကြည့်၍

''ဘယ်လိုမေးလိုက်တာလည်း ပေရယ်..သိပ်ချစ်တာပေါ့..အမှန်အတိုင်း ဝန်ခံရရင် အစ်ကို့ဘဝမှာ ပတ်သက်ခဲ့ဖူးတဲ့ မိန်းကလေးနှစ်ယောက်ပဲ ရှိတယ်..ပထမဆုံး မိန်းကလေးဟာ စိန်မြိုင်တဲ့..ဒါပေမယ့် အစ်ကို ကံမကောင်းခဲ့ဘူး..သူဟာ အစ်ကို့နဲ့ စဖြစ်ကတည်းက အပျိုစင်မဟုတ်ခဲ့ဘူး..ယောကျ်ားတစ်ယောက်နဲ့ တစ်လလောက် အတူနေခဲ့ရာလိုက်ပြေးခဲ့ဖူးတယ်..နောက်...သူ့အတွက်နဲ့ပဲ အစ်ကို ဒုက္ခရောက်ခဲ့ရတယ်''ဟု ဆိုကာ စိန်မြိုင်အတွက်နှင့် အချုပ်ထောင်ကျခဲ့ရသော အကြောင်းများကို ပြောပြလိုက်လေရာ ပေရယ်မှာ ခံစားခြင်းငှာ မတတ်သာတော့သဖြင့် ကြာဖြူ၏ပါးစပ်ကို လက်ဖဝါးလေးဖြင့် ပိတ်

လိုက်ကာ သည်းထန်စွာ ငိုကြွေးလိုက်လေတော့၏။

ကြာဖြူမှာမူ ပေရယ့်အမူအရာကြောင့် အံ့ဩလျက်..

"ဘယ်လိုဖြစ်ရတာလဲ ပေရယ်ရယ်.. မငိုနဲ့လေကွာ.. ဘာဖြစ်လို့လဲ.. စိန်မြိုင့်အကြောင်း ပြောပြတာ မကြိုက်လို့လား.. နောက် ပေရယ် မကြိုက်ရင် မပြောတော့ပါဘူးကွယ်.. တိတ်တော့နော်"ဟု ချော့မော့လိုက်ပြန်လေလျှင်ကား ပေရယ်သည် လူရိုးကြီး ကြာဖြူ၏ ရင်ခွင်အတွင်းသို့ ဇွတ်အတင်းတိုးဝင်ကာ အားပါးတရ ငိုရှိုက်မိလိုက်ပြန်လေတော့၏။

ထိုသို့ အားပါးတရ ငိုရှိုက်ပြီးမှ ပေရယ်သည် ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်လျက် ကြာဖြူ၏မျက်နှာကို တွေတွေကြီး မော့၍ကြည့်လိုက်ကာ..

"အစ်ကိုရယ်... ပေရယ် ရင်တွေကွဲရပါပြီရှင်"ဟု ဆိုလျက် ၎င်းနှင့် သူဌေး ဦးချိန်ဟိုက်တို့ ပတ်သက်မှုများနှင့် ကြာဖြူအပေါ် ၎င်းတို့နှစ်ယောက် အကွက်ချကာ ဇာတ်လမ်းဆင်ခဲ့ကြခြင်းဖြစ်ကြောင်းများကို ငိုရှိုက်ရင်းမှ ဖွင့်ဟပြောပြလိုက်လေတော့၏။

ကြာဖြူမှာ ပေရယ်၏စကားများကို နားထောင်ပြီးသောအခါ အသက်မရှိတော့သော ကျောက်ရုပ်တစ်ရုပ်ကဲ့သို့ ဖြစ်၍



သွားရလေတော့၏။ ထိုမှ နာကျည်းခံပြင်းစိတ်များဖြင့် နှုတ်ခမ်းမှ သွေးများ ယိုစီးလာသည်အထိ အံကိုကြိတ်လိုက်ကာ..

"ရက်စက်ပါပေ့ ပေရယ်"ဟု ဆို့နင့်သံကြီးဖြင့် ပြောလိုက်လေ၏။

ပေရယ်က ငိုရှိုက်ရင်းမှ...

"ဴ... ပေရယ်ကို ခွင့်မလွှတ်ပါနဲ့ အစ်ကိုရယ်.. မိန်းမလည်မ.. မာယာများတဲ့ကောင်မကို အခုချက်ချင်းသာ သတ်..သတ်ပစ်လိုက်စမ်းပါ"ဟု ဗလုံးဗထွေးပြော၍ ကြာဖြူ၏လက်များကိုဆွဲ၍ သူမ၏ပါးများဖြင့် တဖြန်းဖြန်း ရိုက်နှက်လိုက်လေ၏။

သို့သော် ကြာဖြူက လက်များကိုရုတ်ကာ ပေရယ်၏မျက်နှာကို စိမ်းစိမ်းကြီးကြည့်ရှုလျက်...

"ငါမေးမယ် ပေရယ်.. ဒီမေးခွန်းကိုတော့ မင်း မလိမ်မညာဘဲ မှန်မှန်ဖြေပေးစမ်းပါ.. မင်း ငါ့ကိုချစ်ခဲ့တယ်ဆိုတာ မင်းပြောသလို မာယာနဲ့ ဟန်ဆောင်ပြီး ချစ်ခဲ့တာလား.. အမှန်တကယ် ရင်ထဲက ချစ်ခဲ့တာလား.. ဖြေပေးစမ်းပါ"ဟု ရင်ခေါင်းသံကြီးဖြင့် မေးမြန်းလိုက်လေရာ ပေရယ်က ပါးပြင်ထက်မှ မျက်ရည်များကို လက်ဝါးဖြင့် သုတ်လိုက်လျက်..

“ဒီမေးခွန်းကို မေးပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် အစ်ကို… ပေရယ် အသက်နဲ့ သစ္စာပြုပြီး ဖြေလိုက်ပါ့မယ်… ပေရယ်လေ အခုချိန်ထိ ဘယ်ယောက်ျားမျိုးကိုမှ နှစ်နှစ်ကာကာ မချစ်မိဖူးခဲ့ဘူး… ဦးချိန်ဟိုက်နဲ့ ပတ်သက်ခဲ့တာကလည်း ဘဝ ပေးအခြေအနေအရ ပြောရရင် ငွေနဲ့အသိမ်းပိုက် ခံခဲ့ရတာပါ… ပေရယ့်ဘဝမှာ ပထမဦးဆုံး နှစ်နှစ်ကာကာ ချစ်ခဲ့မိတာဟာ အစ်ကိုပဲ… နောက်လည်း အစ်ကိုကလွဲပြီး ဘယ်ယောက်ျားကိုမှ ချစ်နိုင်မှာ မဟုတ်တော့ဘူး… ဒါဟာ ပေရယ်ရဲ့သစ္စာစကား အမှန်ပါပဲရှင်”ဟု လွန်စွာမှ လေးနက်သောအသံဖြင့် ပြောလိုက်လေတော့၏။

ထိုအခါ ကြာဖြူက ပေရယ်၏မျက်နှာအား တွေတွေကြီး အတန်ကြာအောင် ငေးစိုက်၍ကြည့်လျက်…

“ငါသေပျော်ပြီ ပေရယ်”ဟု တစ်ခွန်းတည်း ပြောကာ နေရာမှ ချာခနဲ လှည့်ထွက်သွားလေလျှင် ပေရယ်သည်…

“အစ်ကို”ဟု သမင်ငယ်မသည် သမင်ဖိုအတွက် စိုးရိမ်ထိတ်လန့်သောအသံမျိုးဖြင့် အော်ဟစ်လိုက်လေတော့သတည်း။

❖❖❖



## ယမ်းငွေ့သင်းသော ပန်းရနံ့

ကြာဖြူသည် ဆုံးဖြတ်ချက်တစ်ခုကို ခိုင်မာစွာ ချခဲ့ပြီး ဖြစ်လေ၏။ ထို့ကြောင့် မွေးစားဖခင်ကြီး ဦးဗဒင် မရိပ်မိ မသိရှိစေရန် ဂရုစိုက်၍ ၎င်းလျှို့ဝှက်စွာ ကိုင်ဆောင်သော သေနတ်ကို ကျည်အပြည့် ဖြည့်လိုက်လေ၏။ ပြီးလျှင် ဝတ်နေကျ ဂျာကင်အင်္ကျီနှင့် ဂျင်းဘောင်းဘီကိုဝတ်ကာ အပြင်ထွက်မည့်ဟန်ဖြင့် ၎င်း၏ ကားဖြူလေးဆီသို့ သွားရောက်လိုက်လေ၏။

ထိုစဉ်ပင်…

“လူလေး”ဟူသော အသံနှင့် ခြံစောင့်ကြီး အဘပြုံးချိသည် အနီးသို့ရောက်လာလျက်…

“လူလေး… အရင်တုန်းက ဘာတွေပဲလုပ်ခဲ့လုပ်ခဲ့

အဘ မတားခဲ့ပါဘူးကွယ်. . အခုတော့ အဘ တားပါရစေ''ဟု ပြောလိုက်လေရာ ကြာဖြူမှာ အဘပြုံးချိုကို အံ့ဩစွာ ကြည့်ရှု၍ ခပ်တည်တည်ဖြင့်. . .

"အဘ. . . ကျွန်တော့်ကို ဘာတွေလာပြောနေတာလဲ'' ဟု ပြန်၍မေးလိုက်လေ၏။

ထိုအခါ အဘပြုံးချိုက ထူးခြားသော အပြုံးတစ်ခုကို ပြုံး၍. .

"လူလေး. . လုပ်မှာကို လူလေးသိပါတယ်ကွယ်. အဘကို ပြန်မေးမနေပါနဲ့. . ဒီမယ် လူလေး. . လူ့ဘဝဆိုတာ နေရတာမှ တိုတိုလေးပါကွယ်. . လူ့ဘဝတိုလေးကို ဒေါသတွေ၊ အတ္တတွေ၊ ဒုက္ခတွေ၊ သောကတွေနဲ့ မပွေချင်စမ်းပါတော့နဲ့. . ဘယ်အရာမဆို ပြီးပြီးရင် ဘာမှမဟုတ်တော့ပါဘူးကွယ်. ဒါကိုပဲ ပြီးပြီးသွားတွေကို ထပ်ကာထပ်ကာ ဆွဲဆန့်နေရင် သံသရာဟာ ဘယ်ဆုံးနိုင်တော့ပါ့မလဲကွယ်. . အခု. . လူလေး ဆရာကြီး မမြင်အောင် သေနတ်ကို ကျည်ဖြည့်နေတာ အဘ တွေ့လိုက်တယ်. . ပြီးတော့ မင်းမျက်နှာမှာ တစ်ခုခုကို ဆုံးဖြတ်ပြီးတဲ့ အမူအယာ အရိပ်အခြည်တွေကိုလည်း အဘ မြင်နေရတယ်.



မင်း ဘာလုပ်တော့မယ်ဆိုတာကို အဘ မသိနိုင်ပါဘူး. . ဒါပေမယ့် ရလိုမှုတစ်ခုအတွက်နဲ့ အများကြီး ပြန်လည်ပေးဆပ်ရမယ့် အလုပ်တစ်ခုကို လုပ်တော့မယ်ဆိုတာတော့ အဘ အကဲခတ်လို့ ရပါတယ်ကွယ်. . ဖြစ်နိုင်မယ်ဆိုရင် မလုပ်ပါနဲ့တော့. . အဘ စကားကို နားထောင်ပါလူလေးရယ်''ဟု ပြောလိုက်လေရာ ကြာဖြူမှာ တွေဝေ၍သွားရလေတော့၏။ သို့သော်ငြား ထိုအချိန် သူ၏ဆုံးဖြတ်ချက်နှင့် စိတ်ဓာတ်များသည် လွန်စွာမှ ပြင်းထန်ခိုင်မာနေပြီဖြစ်တော့၏။ တစ်နည်းဆိုမူ ဘဝအလှည့်အပြောင်း တစ်ခုသည် သူ့အား ဖိတ်ခေါ်နေပြီဖြစ်ပေ၏။

ထို့ကြောင့် ကြာဖြူသည် အဘပြုံးချိုအား ချစ်ခင်လေးစားစွာ ကြည့်ရှုလိုက်လျက်. . .

"ကျွန်. . ကျွန်တော့်ကို ခွင့်လွှတ်ပါတော့ အဘရယ်. အခု ဒီအလုပ်ကိုမှ မလုပ်ရရင် ကျွန်တော် သေသွားလိမ့်မယ်'' ဟု ပြောဆိုကာ နေရာမှ ချာခနဲ လှည့်၍ ကားပေါ်သို့တက်ရောက်ကာ ဝူးခနဲ မောင်းနှင်ထွက်ခွာလာခဲ့လေတော့၏။ ကြာဖြူသည် ကားကို ပန်းရန်နှံ့ စားသောက်ဆိုင်သို့ ဦးတည်ကာ မောင်းနှင်လာခဲ့ပေ၏။ ထိုမှ ကားမောင်းနေရင်းပင် အတိတ်က စိန်မြိုင်

နှင့် ဖြစ်ပျက်ခဲ့သော အကြောင်းအရာများသည် လည်းကောင်း၊ မကြာသေးမီကမှ ဖြစ်ပျက်ခဲ့သော ပေရယ်နှင့် ဖြစ်ပျက်ခဲ့သည့် အကြောင်းအရာများသည် လည်းကောင်း၊ သူ၏ အာရုံထဲ၌ ရုပ်ရှင်ပြကွက်များကဲ့သို့ တစ်ကွက်ချင်း တစ်ကွက်ချင်း ပြန်လည် ထင်ဟပ်၍ နေလေတော့၏။

ကြာဖြူသည် ပါးစပ်ကို တင်းတင်းစေ့၍ အံကို မေး ကြောကြီးများ ထောင်ထားသည်အထိ ကြိတ်၍ထားလေ၏။

များမကြာမီ သူ၏ကားဖြူလေးသည် ပန်းရန့် ဆိုင်ရှေ့ သို့ ရောက်ရှိလာခဲ့လေ၏။ ကြာဖြူသည် ကားကို ဆိုင်ရှေ့တွင် ကြမ်းတမ်းစွာ ရပ်လိုက်လေ၏။ ထို့နောက်တွင်ကား ကြာဖြူ၏ မျက်လုံးများထဲ၌ ဘာကိုမှ မမြင်ရတော့ဘဲ အသိစိတ်များသည် ကင်းမဲ့၍သွားလေတော့၏။

ကြာဖြူ သတိဝင်ရောက်လာချိန်တွင်မူ လက်ထဲမှ သေနတ်သည် ယမ်းငွေ့များ တလူလူထွက်၍နေလျက် ၎င်းရှေ့ ၌ သေနတ်ဒဏ်ရာ အသီးသီးဖြင့် ဖရိုဖရဲ လဲကျသေဆုံးနေကြ သော သူဌေး ဦးချိန်ဟိုက်နှင့် မန်နေဂျာ ကျော်နိုင်တို့၏ အလောင်း များကိုလည်းကောင်း၊ အော်ဟစ်ပြေးလွှားကာ ယောက်ယက်ခတ်



နေကြကုန်သော လူများကိုလည်းကောင်း လဲကျပြန့်ကျဲနေသော ခုံများကိုလည်းကောင်း တွေ့မြင်လိုက်ရလေတော့သတည်း။ ။

❖❖❖

## လိပ်ပြာသန့်သော လူမိုက်ကြီး

အထက်ပါ ဖြစ်ရပ်များအပြီး ရုံးတော်မှ ကြာဖြူအား ကျူးလွန်ခဲ့သော ပြစ်မှုများအတွက် အလုပ်ကြမ်းနှင့်ထောင်ဒဏ် (၁၅)နှစ် ချမှတ်ခဲ့လေတော့၏။

သို့တိုင် ကြာဖြူသည် တစ်စက်ကလေးမျှ တုန်လှုပ်ခဲ့ခြင်းမရှိချေ။ သေဒဏ်နှင့် တစ်သက်တစ်ကျွန်း အပြစ်ဒဏ်များအထိ ကြိုတွက်ထားခဲ့သည်ဖြစ်၍ သူ့အဖို့ ဤမျှအပြစ်ဒဏ်ကို ခပ်ပြုံးပြုံးပင် ခံယူခဲ့လေ၏။

သို့သော် ရုံးမှထုတ်၍ လက်ထိပ်တန်းလန်းဖြင့် ထောင်ကားပေါ်သို့ အတက်၌ကား တွေ့မြင်လိုက်ရသော မြင်ကွင်းများကြောင့် ကြာဖြူ၏ နှလုံးသားများသည် ဖျစ်ညှစ်ခံလိုက်ရဘိသကဲ့



သို့ နာကျင်၍သွားခဲ့ရလေတော့၏။

ထိုအခါ ထောင်ကားကြီးနံဘေး၌ ချစ်ရသော ပေရယ်သည်လည်းကောင်း မွေးစားဖခင်ကြီး ဦးဗဒင်နှင့် မောင်ညိုအဘပြုံးချို ကိုစောဖေတို့မိသားစုများသည် လည်းကောင်း ညှိုးငယ်ဝမ်းနည်းသော မျက်နှာကိုယ်စီဖြင့် ရောက်ရှိနေကြလေ၏။

ကြာဖြူကို မြင်တွေ့လိုက်ကြလေလျှင်ကား မိန်းမသူများသည် ရှိုက်ကြီးတငင် ငိုကြွေးကြကုန်လေ၏။ ထိုအခါ ဦးဗဒင်သည် ခံစားနေရသော ဝေဒနာကြောင့် မချိတင်ကဲအသံဖြင့်. .

"မိုက်လိုက်ပါဘိ ငါ့သားရယ်. . မင်းဟာ အခုမှ တကယ့်လူမိုက်ကြီးအစစ် ဖြစ်သွားပြီကွ. . သိရဲ့လား"ဟု ပြောလိုက်လေရာ ကြာဖြူက မချိတင်ကဲပြုံး၍. .

"မိုက်တယ်ဆိုတာကို ကျွန်တော့်ကိုယ်ကျွန်တော် သိပါတယ် ပါကြီးရယ်. . ပါကြီးပဲ ကျွန်တော့်ကို ပြောခဲ့ဖူးတယ်လေ ကိုယ်မိုက်တာကိုသိရင် ပညာရှိပြန်ဖြစ်နိုင်သေးတယ်ဆိုတာလေ. ဒါကြောင့် ကျွန်တော် တကယ့်လူမိုက်အစစ်ကြီးတော့ မဖြစ်နိုင်သေးပါဘူး ပါကြီးရယ်"ဟု ပြောလိုက်လေ၏။

ဦးဗဒင်သည် ကြာဖြူ၏ပခုံးကို လက်နှစ်ဖက်ဖြင့် ဖျစ်

ညွှစ်ကာ ထိန်းထားသော မျက်ရည်များ မကျစေခြင်းငှာ မျက်စိကိုမှိတ်၍ ဦးခေါင်းကို တဆတ်ဆတ်ညိတ်လိုက်လေ၏။

ထိုစဉ်ပင်.. ''အစ်ကို''ဟူသော ဆို့နင့်ကြေကွဲနေသည့် အသံနှင့်အတူ ပေရယ်သည် အနီးသို့ ရောက်လာလေ၏။ ကြာဖြူသည် ပေရယ်အား မျက်ရည်တို့ဖြင့် ရစ်သိုင်းနေသော မျက်ဝန်းများဖြင့် ကြည့်လိုက်လေ၏။ ထိုမှ..

''ဒုတိယအကြိမ်လည်း အစ်ကို ချစ်ကံမကောင်းခဲ့ပြန်ဘူး ပေရယ်.. ဒါပေမယ့် အစ်ကို ဒီတစ်ကြိမ်တော့ အရမ်းကိုကျေနပ်တယ်.. ကံမကုန်သေးကြရင်တော့ ပြန်ဆုံကြဦးမှာပေါ့ ပေရယ်''ဟု ပြောလိုက်လေရာ ပေရယ်က အင့်ခနဲ တစ်ချက်ရှိုက်၍..

''ဒီလို မ.. မပြောပါနဲ့ အစ်ကိုရယ်.. အစ်ကို့ကို ပေရယ် စောင့်နေမယ်ဆိုတာကို ရဲရဲကြီးယုံပေးပါ အစ်ကိုရယ်''ဟု ပြောလိုက်လေ၏။

ကြာဖြူသည် တစ်ချက်ပြုံးလိုက်လေ၏။ ထိုစဉ်ပင် အဘပြုံးချိုက ယူကျုံးမရဖြစ်နေသည့် အသံတုန်တုန်ဖြင့်..

''အဘကတော့ ဒါဟာ လူလေးနဲ့ နောက်ဆုံးတွေ့ရခြင်း



ဖြစ်ကောင်းဖြစ်နေလိမ့်မယ် လူလေး.. ဒါပေမယ့် အဘ မသေခင်တော့ လူလေးကို တွေ့ချင်ပါသေးတယ်.. လူ့ဘဝလေးတွေဟာ သိဝ်တိုပါတယ် လူလေးရယ်.. တွေ့ကြုံဆုံကွဲ ဖြစ်မြဲမွေတာဆိုပေမယ့် တားနေတဲ့ကြားက ဖြစ်သွားခဲ့ရတဲ့ လူလေးအတွက် အဘရင်ထဲမှာ မချိလှဘူး''ဟု ပြောလိုက်လေရာ ကြာဖြူက အဘပြုံးချိုအား လက်အုပ်ချီလျှက်..

''အခုချိန်မှာတော့ ကျွန်တော့်ကိုခွင့်လွှတ်ပါဆိုတဲ့ စကားတစ်ခွန်းအပြင် ကျွန်တော့်မှာ ပြောစရာစကား မရှိတော့ပါဘူး အဘရယ်''ဟု ပြောလိုက်စဉ်ပင် မောင်ညိုနှင့် ကိုစောဖေတို့ မိသားစုထံမှ..

''အစ်ကိုလေး''ဟူသော အသံများနှင့်အတူ ငိုရှိုက်သံများ ထွက်ပေါ်သွားကြလေတော့၏။

ထိုစဉ်ပင် အစောင့်ရဲသားတစ်ယောက်က..

''ဒီလောက်ဆို တော်လောက်ပြီ''ဟု ပြော၍ ကြာဖြူ၏ လက်မောင်းကို ဆွဲကိုင်လိုက်လေရာ ကြာဖြူသည် အားလုံးကို နောက်ဆုံးကြည့်ခြင်းဖြင့် ကြည့်ရှု၍..

''ဟာလောကြာဖြူဟာ လူမိုက်ကြီးပါ.. ဒါပေမယ့် တကယ့်

လူမိုက်အစစ်ကြီးတော့ မဟုတ်ပါဘူး... ဒီ့အတွက် ကျွန်တော့် လိပ်ပြာဟာ သန့်နေပါတယ်... ကဲ... အားလုံးပဲ နှုတ်ဆက်ခဲ့ပါတယ်”ဟု လွန်စွာမှ တည်ငြိမ်အေးဆေးသော အသံမျိုးဖြင့် ပြောဆိုလိုက်လေတော့သတည်း။ ။

❖❖❖

ဤတွင် ကျွန်ုပ်အား ကိုကြာဖြူခေါ် လူမိုက်ကြီး ဗာလောကြာဖြူ ပြောပြခဲ့သော အကြောင်းအရာတို့သည် နိဂုံးတံခဲ့ပေ၏။ ထို့ကြောင့် ကျွန်ုပ်သည် ကျွန်ုပ် ရေးသားခဲ့သော အထက်ပါ ဗာလောကြာဖြူအမည်ရှိ ဝတ္ထုကြီးအား ဤအခန်းဖြင့် နိဂုံးကမ္ပတ်အဆုံးသတ်ခဲ့ပြီးလျှင် စာပေတိုက်သို့ ပေးပို့လိုက်လေ၏။ ထို့နောက်များမကြာမီ၌ ကျွန်ုပ်သည် ရန်ကုန်မြို့မှ ဇာတိရပ်မြေမြို့သို့ ပြောင်းရွှေ့ရန် အကြောင်းဖန်လာခဲ့လေတော့၏။ ထို့ကြောင့် ဇာတိမြို့ကလေးသို့ ပြောင်းရွှေ့၍ နေထိုင်ခဲ့ရလေ၏။ ထိုအခါ အပူပိုင်း အညာရပ်ဒေသဖြစ်၍ ကျွန်ုပ်သည် ပြောင်းရွှေ့ပြီး (၂)ရက်ခန့် ရှိလေလျှင်ပင် အပူမိလျှက် ရောဂါဆန်းတစ်မျိုး ခံစားခဲ့ရလေတော့၏။ ထိုရောဂါ ဒုက္ခပေး၍ ဆေးခန်းပြကြည့်



သောအခါ မြန်မာအခေါ် ‘ထိပ်ကပ်နာ’ဟုခေါ်သည့် ရောဂါဖြစ်ကြောင်း သိရလေတော့၏။ နှာခေါင်းပေါက်တစ်ဘက်မှ နှာရည်ပုတ်များ ယိုထွက်လျှက် အနံ့ဆိုးများဖြင့် လွန်စွာ အနေရအထိုင်ရခက်သော ရောဂါမျိုးဖြစ်၏။ ထိုရောဂါအား ကျွန်ုပ်မှာ အမြစ်ပြတ်သည်အထိ ဆေးခန်းသို့ တက်ရောက်ကာ ကုသခဲ့ရလေ၏။ သို့တိုင် ထိုရောဂါမှာ အမြစ်မပြတ်နိုင်ဘဲ ရှိလေရာ (၁)နှစ်ကျော်ကျော်ခန့် ပျောက်သွားလိုက် ပြန်ပေါ်လာလိုက်နှင့် လွန်စွာမှ ဒုက္ခရောက်ခဲ့ရလေတော့၏။

တစ်နေ့သ၌မူ ထိုရောဂါမျိုး ဖြစ်ပွားဖူးသော မိတ်ဆွေတစ်ဦးက မြန်မာဆေးတိုက်တစ်ခုနှင့် ပြကြည့်ရန် လမ်းညွှန်ခဲ့လေ၏။

ထို့ကြောင့် ၎င်းမိတ်ဆွေ ညွှန်လိုက်သည့် မြန်မာဆေးတိုက်သို့ ခဏမဆိုင်းပင် သွားရောက်ခဲ့လေတော့၏။ ထိုအခါ ၎င်းဆေးတိုက်ရှိသော နေရာသို့ရောက်အောင် ကားဖြင့် နေ့တစ်ဝက်ခရီးမျှ သွားရောက်ခဲ့ရလေ၏။ နောက်ဆုံး မိတ်ဆွေ လမ်းညွှန်လိုက်သည့် လိပ်စာအတိုင်း မေးမြန်း၍ ဆေးတိုက်သို့ရောက်သောအခါ၌မူ ဆေးတိုက်ဟုဆိုသော်လည်း စတိုးဆိုင်တစ်ဆိုင်

နှင့် တွဲထားသည့် တိုက်အိမ်တစ်လုံးဖြစ်ကြောင်းကို တွေ့ရလေတော့၏။

ထိုအခါ မိတ်ဆွေ ပြောလိုက်သည့် ဆေးတိုက်နာမည်မှာလည်း စတိုးဆိုင်နာမည် ဖြစ်၍နေလေ၏။ ကျွန်ုပ်လည်း လိပ်စာမှန်သည်ဖြစ်၍ ထိုစတိုးဆိုင်သို့ပင် ဝင်မည်ပြုစဉ် တိုက်အိမ်အဝ၌ ချိတ်ဆွဲထားသော ဆိုင်းဘုတ်သစ်တစ်ခုကို မြင်တွေ့လိုက်ရသောကြောင့် ကျွန်ုပ်၏ ပါးစပ်အစုံမှာ ပွင့်ဟ၍ သွားရလေတော့၏။

'ဗာလောကြာဖြူ'

မြန်မာ့တိုင်းရင်းဆေးခန်း

ဟူ၍ ဖတ်ရှုလိုက်ရခြင်းကြောင့်ပင် ဖြစ်ပေတော့၏။ ထို့ကြောင့် ကျွန်ုပ်လည်း အံ့ဩလျှက် ထိုဆိုင်းဘုတ်ချိတ်ထားရာ တိုက်အိမ်အတွင်းသို့ ဝင်ရောက်၍သွားလိုက်သောအခါ၌ကား လူနာဖြစ်ဟန်တူသော အဘိုးကြီးတစ်ဦးအားတွဲကာ အခန်းတစ်ခုထဲမှ ထွက်လာသည့် ကျွန်ုပ်၏မိတ်ဆွေကြီး ကိုကြာဖြူ ခေါ် လူမိုက်ကြီး ဗာလောကြာဖြူကို အံ့ဩဝမ်းမြောက်ဖွယ်ရာ မြင်တွေ့လိုက်ရလေတော့၏။



ထို့ကြောင့် ယခင် စာတိုက်သို့ ပို့ပြီးခဲ့သော 'ဗာလောကြာဖြူ'ဝတ္ထုမှာ နိဂုံးကမ္ပတ် အဆုံးသတ်ခဲ့ပြီး ဖြစ်ရကား ယခု ကိုကြာဖြူနှင့် မမျှော်လင့်ဘဲ ပြန်လည်ဆုံတွေ့လျှက် ၎င်းထံပ် ပြောပြခဲ့သော အကြောင်းအရာများကိုမူ နောက်ဆက်တွဲ ဝတ္ထုနိဂုံးအဖြစ်နှင့်သာ ကျွန်ုပ်အနေဖြင့် ဖော်ပြလိုက်ရပါပေတော့သတည်း။

(စာရေးသူ)

## နောက်ဆက်တွဲ ဝတ္ထုနိဂုံး

ကိုကြာဖြူသည်လည်း ကျွန်ုပ်အား မြင်မြင်ချင်းပင် မှတ်မိခဲ့လေ၏။ ထိုအခါ ၎င်း၏ပုံစံမှာလည်း ကျွန်ုပ်နှင့်, ရထားပေါ်တွင် ဆုံတွေ့ခဲ့ကြစဉ် ပုံစံမျိုးနှင့် လားလားမျှမဆိုင်တော့ဘဲ အသားအရည် အဝတ်အစားများကအစ ဝင်းလက်တောက်ပြောင်ခံ့ညားနေလျက် လွန်စွာမှ ကြည့်ရှု၍ကောင်းလှစွာသော လူခန့်ချောတစ်ဦး ဖြစ်၍နေပေ၏။ ၎င်းသည် ဝမ်းသာအားရဖြင့် ကျွန်ုပ်၏အကြောင်းများကို မေးမြန်း၏။ ကျွန်ုပ်လည်း ကျွန်ုပ်၏ရောဂါအကြောင်းမှအစပြု၍ အလုံးစုံ ပြောပြလိုက်၏။

ဤသို့ဖြင့် ကျွန်ုပ်သည် ကိုကြာဖြူ၏ဆေးတိုက် (သို့မဟုတ်) ၎င်း၏နေအိမ်၌ တစ်လခန့် နေထိုင်၍ ကျွန်ုပ်၏ရောဂါကို ကုသ



ခဲ့လေတော့၏။ ကိုကြာဖြူသည် ကျွန်ုပ်အား ဆေးကုသပေးရုံမျှမက လိုလေသေးမရှိအောင် ပြုစုညှော်ဝတ်ပြုခဲ့လေ၏။ ထိုအတောအတွင်း၌ပင် ကျွန်ုပ်သည် လွန်စွာမှ ချောမော၍ လွန်စွာမှလည်း သဘောကောင်းလှစွာသော ၎င်း၏ဇနီးနှင့်လည်း ခင်မင်သိကျွမ်းခဲ့ရလေ၏။ ထိုအခါ ကိုကြာဖြူ၏ဇနီးမှာ ပေရယ်ပင် ဖြစ်၍နေပေသတည်း။

ထို့မှ ကိုကြာဖြူသည် ကျွန်ုပ်နှင့် တွေ့ရပြီးနောက် ၎င်း၏နောက်ဆက်တွဲ အကြောင်းအရာများကို နေ့လယ်ပိုင်း လက်ဖက်ရည်သောက်ချိန်နှင့် ညနေပိုင်း လက်ဖက်ရည်သောက်ချိန်များတွင် ပြောပြခဲ့လေရာ ကိုကြာဖြူက. . .

"ကျွန်တော် ဆရာနဲ့ လမ်းခွဲပြီးတဲ့နောက် ပါကြီးအိမ်ကို ပြန်သွားခဲ့တော့ ပါကြီးက မရှိတော့ဘူး. . . ဆုံးသွားတာ (၃)နှစ်လောက်ရှိပြီလို့ သိရတယ်. . . အိမ်နဲ့ ရှိသမျှ ကျန်ခဲ့တဲ့ပစ္စည်းတွေကိုတော့ ကျွန်တော့်နာမည်နဲ့ စာချုပ်ပြီး ရှေ့နေတစ်ယောက်နဲ့ အပ်ခဲ့တာကိုး. . . အိမ်မှာ အဘပြုံးချိုလည်း မရှိရှာတော့ဘူး. . . ကိုညိုနဲ့ ကိုစောဖေတို့မိသားစုပဲ ရှိတော့တယ်. . . အဲ. . . ကိုညိုက အိမ်ထောင်ကျနေပြီဗျ. . . သားဦးလေးတစ်ယောက်တောင် ရနေ

ပြီ..သူမိန်းမကလည်း ဘယ်သူမှတ်သလဲ ဆရာ..လှလေးစိန်ခင်ဗျ''ဟု ပြောၡရယ်လိုက်လေရာ ကျွန်ုပ်က..

''ဒါနဲ့..ကိုကြာဖြူက ပေရယ်နဲ့ ဘယ်လိုပြန်တွေ့ကြတုံး''ဟု မေးလိုက်လေ၏။ ထိုအခါ ကိုကြာဖြူက..

''ပြောမှာပေါ့ ဆရာရယ်..ဖြည်းဖြည်းပေါ့..ဒါနဲ့ အိမ်မှာ (၃)လလောက်နေပြီးတဲ့အခါကျတော့ သိတဲ့အတိုင်း ကျွန်တော့်မှာ ဒေါသ အာဃာတ အငြိုးတွေက မပြေသေးတော့ ပါကြီး မျိုးစေ့ချသွားခဲ့တဲ့ ဗာလောပရဟိတအလုပ်တွေကို ပြန်လုပ်ခဲ့တယ်..အဲဒီအချိန်ထိ ကျွန်တော် နောင်တမရသေးဘူး ဆရာရဲ့..အဲ..တစ်နေ့တော့ ကျွန်တော်ဟာ မိန်းကလေးတွေကို ငွေနဲ့ပေါက် အနိုင်ကျင့်နေတဲ့ သူဌေးတစ်ယောက်ကို ဆုံးမခဲ့တယ်..ဘယ်လိုဆုံးမခဲ့သလဲဆိုတော့ (၁၈)နှစ်လောက်ရှိတဲ့ သူ့သမီးကို ကားတင်ပြေးပြီး အဲဒီလူ နောင်ကျဉ်အောင် ဆုံးမခဲ့တာ ဆရာရဲ့..ကားတင်ပြေးတယ်ဆိုပေမယ့် ကောင်မလေးကိုတော့ လက်ဖျားနဲ့တောင် မတို့ခဲ့ပါဘူး..ကျွန်တော် စီမံထားတဲ့အိမ်တစ်လုံးမှာ ကျွန်တော့်လူတွေနဲ့ ထိန်းထားတာပါ..ဒါပေမယ့် ကံတရားဟာ သိပ်ပြီး ဆန်းကြယ်လွန်းတယ် ဆရာရယ်.



အဲဒီကောင်မလေးရဲ့နာမည်ဟာ ကြာဝတ်မှုန်တဲ့ဆရာ..ပြီးတော့ သူ့မိဘတွေဖြစ်တဲ့ လူယုတ်မာသူဌေးနဲ့ မအေဟာ ဘယ်သူတွေဖြစ်နေသလဲသိလား ဆရာရဲ့..ကျွန်တော့်ရဲ့ ပထမဦးဆုံးချစ်သူ စိန်မြိုင်နဲ့ သူ လက်ထပ်ယူခဲ့တဲ့ မန္တလေးက သူဌေးသားဆိုတဲ့ ဖွန်မောင်မောင်ဆိုတဲ့လူ ဖြစ်နေတယ် ဆရာရဲ့..ဒီတော့ ကျွန်တော့်ရဲ့သွေးတွေဟာ ဆူပွက်လာတယ်..သူတို့ကို ကောင်းကောင်းကြီး လက်စားချေလိုတဲ့စိတ်တွေ တဖွားဖွား ဖြစ်လာတယ်..နောက်ဆုံး ကျွန်တော်ဟာ ဖမ်းထားတဲ့ ကြာဝတ်မှုန်ကို ယုတ်မာပြီး သူတို့လင်မယားကို လက်စားချေဖို့ ဆုံးဖြတ်လိုက်တယ်.ဒါပေမယ့် ဆရာရယ်..ကံတရားဟာ ကြောက်စရာသိပ်ကောင်းတယ်..ကျွန်တော့်ဆီကို ကျွန်တော် လုံးဝ မမျှော်လင့်ထားတဲ့လူတစ်ယောက် ရောက်လာတယ်..ကျွန်တော်နဲ့ နှစ်ပေါင်းများစွာ ကွဲနေခဲ့တဲ့ ကျွန်တော့်ရဲ့ လက်ဦးဆရာ ကပ္ပိယကြီး ဦးဖြူသီးပဲ ဆရာ..အဲဒီမှာ သူက ကျွန်တော့်ကို တွေ့တွေ့ချင်းပဲ

''လူမိုက်..မင်းလောက်မိုက်တဲ့ကောင် ကမ္ဘာပေါ်မှာ မရှိတော့ဘူး..ခွေးထက်မိုက်တဲ့အကောင်''ဆိုပြီး လက်သီးနဲ့ ထိုးတော့တာပဲ..ကပ္ပိယကြီးက အသက်ကြီးပေမယ့် သန်သေး

တယ် ဆရာ.. ဒီတော့ ကျွန်တော်လည်း အံ့အားသင့်ပြီး..

"ကပ္ပိယကြီး ကျွန်တော် ဒီမှာရှိနေတယ်ဆိုတာ ဘယ်လိုသိသလဲ"လို့ မေးလိုက်တော့..

"အဲဒါတွေကို မမေးနဲ့ ဟိတ်ကောင်.. မင်း အခု ယုတ်မာမလို့လုပ်နေတဲ့ ကြာဝတ်မှုန်ဟာ ဘယ်သူ့သမီးလဲ.. မင်း သိရဲ့လား"လို့ မေးတယ်။ ဒီတော့မှ ကျွန်တော်က အားပါးတရရယ်ပြီး

"သိပ်သိတာပေါ့ ကပ္ပိယကြီးရယ်.. သူက ကျွန်တော့် ဘဝကို စ,ပျက်အောင်လုပ်ခဲ့တဲ့ စိန်မြိုင်ဆိုတဲ့ မိန်းမနဲ့ ဖွန်မောင်မောင် ဆိုတဲ့ကောင်တို့ရဲ့ ရင်နှစ်သည်းချာ သမီးရတနာလေး မဟုတ်လား"လို့ ခပ်ရွှဲရွှဲ ပြန်ပြောလိုက်တော့ ကပ္ပိယကြီးကလည်း ခပ်မဲ့မဲ့ပြုံးပြီး..

"သိပ်ဟုတ်တာပေါ့ ကြာဖြူရာ.. အေး.. ဒါပေမယ့် မင်းပြောတာ တစ်ဝက်ပဲ မှန်တယ်ကွ.. ကြာဝတ်မှုန်ဟာ စိန်မြိုင့် သမီးတော့ ဟုတ်တယ်.. ဖွန်မောင်မောင်ရဲ့သွေးတော့ မဟုတ်ဘူးကွ.. အဲဒီသွေးဟာ ဘယ်သူ့သွေးထင်တုံး.. မင်းသွေးကွ.. မင်းရဲ့သွေး.. မင်းနဲ့ စိန်မြိုင်တို့ရဲ့ရင်သွေး.. မင်းရဲ့သမီးကွ" လို့လည်း ပြောလိုက်ရော ကျွန်တော်ဆိုတာ မျက်လုံးကြီး ပြူး



ပြီး ကျောက်ရုပ်ကြီး ဖြစ်သွားတော့တာပဲ ဆရာ.. အဲဒီအခါမှ ကျွန်တော့်မျက်လုံးထဲမှာ စိန်မြိုင်နဲ့ အတူနေခဲ့ကြတာတွေလည်း မြင်ယောင်လာတယ်.. ပြီးတော့.. ကျွန်တော် ထောင်(၁၅)နှစ် ကျခဲ့တယ်ဆိုပေမယ့် လျှော့ရက်တွေနဲ့ (၁၀)နှစ် လိုလိုပဲ နေခဲ့ရတာပဲ ဆရာ.. ဒီတော့ ကျွန်တော် ကြာဝတ်မှုန်ရဲ့အသက်ကို လည်း တွက်ကြည့်ပြီး တုန်တုန်ယင်ယင်နဲ့..

"ဟုတ်.. ဟုတ်ရဲ့လား ကပ္ပိယကြီးရယ်.. ကြာဝတ်မှုန် ဟာ ကျွန်တော့်သမီးဆိုတာ တကယ်ပဲလား"လို့ မေးလိုက်မိ တယ်.. အဲဒီတော့မှ ကပ္ပိယကြီးက..

"ကြာဝတ်မှုန်လို့ နာမည်ပေးထားတာ ကြည့်လေကွာ.. မင်းနာမည်က ကြာဖြူ.. ကြာဝတ်မှုန်ဆိုတာ ကြာပန်းလေးထဲ ကထွက်လာတဲ့ ဝတ်မှုန်.. ကြာပန်းလေးရဲ့ ရင်သွေးပါ ကြာဖြူ ရယ်.. မင်း ဒါတွေကို အစအဆုံး သိချင်ရင်တော့ စိန်မြိုင်ကိုပဲ မေးကြည့်ပေတော့.. ငါတော့ မင်းတို့အဖြစ်တွေကို ပြန်ပြောပြ ဖို့တောင် အင်အားမရှိတော့ပါဘူးကွာ.. မင်းဟာ သိပ်ပြီး ကံဆိုး တဲ့အကောင်ပဲ"လို့ ပြောပြီး ငိုရှာတယ် ဆရာရယ်။

ဒါနဲ့ ကျွန်တော်လည်း ချက်ချင်းပဲ ကြာဝတ်မှုန်နဲ့ ကပ္ပိယကြီး

ကို ကားပေါ်တင်ပြီး စိန်မြိုင်တို့ဆီ ဒုန်းစိုင်းခဲ့တော့တာပေါ့။ ဟိုရောက်လို့ စိန်မြိုင်လည်း အကြောင်းစုံ သိသွားရော ဖွန်မောင်မောင် ရှေ့မှာပဲ ငိုပြီး…

"မှားကြတော့မလို့ပါလား ကိုကြာဖြူရယ်… ဟော့ဒီ သမီးကလေး ကြာဝတ်မှုန်ဟာ ရှင်နဲ့ကျွန်မတို့ လွန်လွန်ကျူးကျူး ဖြစ်ခဲ့ကြတာက ရခဲ့ကြတဲ့ ကလေးရှင့်… ဒီအကြောင်းကို ကိုဖွန်မောင် မောင်လည်း သိတယ်… သူက ကျွန်မနဲ့ လက်ထပ်ကတည်းက ကလေးမရနိုင်တဲ့ လူတစ်ယောက်ရှင့်… သူရော ကျွန်မရောဟာ လူကြီးတွေ ဖွတ်အတင်းပေးစားလို့သာ ယူခဲ့ကြရတာ… ကျွန်မ အနေနဲ့ ရှင့်အပေါ်မှာ သစ္စာဖောက်ပြီး ယူခဲ့တာ မဟုတ်ဘူး… ကျွန်မ ရှင့်အပေါ်မှာ ဘယ်လောက် သစ္စာထားခဲ့တယ်ဆိုတာ သမီးလေးနာမည်ကို ကြာဝတ်မှုန်လို့ ပေးခဲ့တာသာ ကြည့်ပါ တော့ရှင်"လို့ ပြောပြီး ငိုရှာတယ်။ ကျွန်တော်ဆိုတာလည်း အသက်ရှိနေလျှက်နဲ့ သေသွားတဲ့လူကြီးတစ်ယောက်လိုပေါ့ ဆရာရယ်… ယူကျုံးမရ ဝမ်းနည်းစိတ်တွေနဲ့ စကားတောင် မပြောနိုင်တော့ဘူး… ကြည့်ပါဦး ဆရာ… ကျွန်တော့်အပြစ်က တကယ်လို့သာ ကပ္ပိယကြီး အချိန်မီ ရောက်မလာခဲ့ရင် လူစင်



စစ်ကာနေ ခွေးဖြစ်ရတော့မယ်ကိန်းဗျ… ကိုယ့်ကိုယ်ကို သတ် သေဖို့ပဲ ရှိတော့တယ်… နောက်တော့မှ ယူကျုံးမရဖြစ်တဲ့စိတ်နဲ့ သမီးကလေး ကြာဝတ်မှုန်ကိုဖက်ပြီး ဖအေတန်မဲ့ တောင်းပန် ပြီး ရှိုက်ကြီးတငင် ငိုမိတယ်။ အဲဒီအချိန်မှာမှ ဖွန်မောင်မောင် ကလည်း သူ့အမှားတွေကို တောင်းပန်တယ်။ တကယ်တော့ သူလည်း အချစ်မပါတဲ့ အိမ်ထောင်ရေးနဲ့ သားသမီးမရနိုင်တော့ တဲ့ဘဝမှာ စိတ်ထင်တိုင်း ရမ်းမိတာပေါ့ ဆရာရယ်။ တကယ် တော့ လူတွေမှာ တကယ်တမ်း စဉ်းစားကြည့်ရင် အမှားဆိုတာ မရှိကြတော့ပါဘူး။ သူ့ဘဝ သူ့အခြေအနေနဲ့တွက်ရင် အားလုံး ဟာ မှန်နေကြတာချည်းပါပဲ။ ကျွန်တော်လည်း အဲဒီမှာ တော် တော်နောင်တ ရသွားခဲ့တယ် ဆရာ။ ပြောရရင် ကျွန်တော် တစ်သက်လုံး ထားခဲ့တဲ့ အစွယ်ဟာ အဲဒီမှာ တစ်ခါတည်း ကျွတ်သွားခဲ့ရတော့တာပဲ"

ကိုကြာဖြူသည် အထက်ပါအတိုင်း ရှည်လျားစွာ ပြော ပြအပြီး မောသွားဟန်ဖြင့် အေးစက်နေပြီဖြစ်သော လက်ဖက် ရည်ခွက်ကို တစ်ကျိုက်ထဲ မော့သောက်လိုက်လေ၏။

ထိုအခါမှ ကျွန်ုပ်က…

"ကိုကြာဖြူ ပေရယ်နဲ့ ပြန်တွေ့ရတဲ့အခန်း ခုထိ မရောက်သေးဘူးနော်''ဟု သတိပေးသကဲ့သို့ ပြုံး၍ပြောလိုက်လေရာ ကိုကြာဖြူက ပြုံး၍. . .

''ပေရယ်ဟာလည်း အခြားလူ မဟုတ်ဘူး ဆရာရဲ့. . ဖွန်မောင်မောင်ရဲ့ညီမပဲလေ ဆရာ. . . ကံကြမ္မာတွေဟာ ဘယ်လောက်များ ဆန်းကြယ်သလဲဆိုတာ စဉ်းစားသာကြည့်ပေတော့'' ဟု ပြောလိုက်လေလျှင် ကျွန်ုပ်မှာ အံ့ဩလွန်းသဖြင့် ပါးစပ်ပင် ဟ၍ သွားရလေတော့၏။

''ကွဲနေကြတဲ့ ဖွန်မောင်မောင်နဲ့ ပေရယ်တို့က အသက်(၁၀)နှစ်လောက် ကွာကြတယ် ဆရာရဲ့. . . အဲဒီလိုတွေဖြစ်ပြီးနောက် ဘာမှမကြာဘူး. . . ကျွန်တော်ကလည်း သမီးကလေးကြာဝတ်မှုန်ဆီအလာ. . . ပေရယ်ကလည်း သူ့အစ်ကို ဖွန်မောင်မောင်ဆီအလာ ပြန်ဆုံတွေ့ခဲ့ကြတာပဲဗျ. . . ပေရယ်က အဖြစ်အပျက်တွေ အကုန်သိတော့လည်း တစ်ဘက်က သမီးလေး ကြာဝတ်မှုန်ဟာလည်း သူ့တူမအရင်း ဖြစ်နေတာကိုး ဆရာရဲ့. . . အဲဒါထက်သူဟာ ကျွန်တော့်အပေါ်မှာတကယ်ချစ်ခဲ့တာကိုး. . . သူပြောခဲ့တဲ့ ကတိအတိုင်းလည်း ကျွန်တော့်ကို စောင့်နေတာဆိုတော့



ကျွန်တော်လည်း ပေရယ်ကို မြန်မြန်ပဲ လက်ထပ်လိုက်တော့တယ်''ဟု ကိုကြာဖြူက ပြော၍ ဘောဘီကို ကြည့်လိုက်လေ၏။ ထိုမှ ပေရယ်၏ အရိပ်အယောင်ကို မမြင်ရသောအခါမှ ကျွန်ုပ်အနားသို့ တိုးကပ်၍. . .

''အဲဒီအချိန်က မြန်မြန် လက်မထပ်လို့လည်း မဖြစ်ဘူး ဆရာရဲ့. . . မသာမယာဖြစ်နေတဲ့ အိမ်ထောင်ရေးနဲ့ သမီးလေးကြာဝတ်မှုန်အတွက် အဲဒီအချိန် ကိုဖွန်မောင်မောင်က စိန်မြိုင်ကို ကွာရှင်းပေးဖို့တောင် စဉ်းစားနေတာ ဆရာရဲ့. . . ဒီလူက သမီးလေးအပေါ်လည်း ငယ်ငယ်ကတည်းက မွေးလာခဲ့ရတာဆိုတော့ ဖခင်အရင်းတစ်ယောက်လိုပဲ သိပ်ပြီး သံယောဇဉ်ကြီးရှာတယ်. . . သူကိုယ်တိုင်က သားသမီးမရနိုင်တော့ ပိုဆိုးတာပေါ့ ဆရာရယ်. . . အဲဒါ သမီးလေးအတွက် ကျုပ်နဲ့ စိန်မြိုင်ကို ပြန်ပေါင်းထုတ်ပေးမလို့ လုပ်နေတုန်း ပေရယ်က ဖြုန်းကနဲ ပေါ်လာခဲ့တာပဲဗျို့''ဟု ပြောကာ ရယ်မောလျှက်. . .

''ကျွန်တော့်အဖြစ်က တကယ်ပါ ဆရာရယ်''ဟု ဆိုလိုက်လေ၏။ ကျွန်ုပ်လည်း ၎င်းတို့၏ အဖြစ်များကို အတွေးဖြင့် မြင်ယောင်ကြည့်လိုက်လျှက် ပြုံးလိုက်ကာ. . .

"ခင်ဗျားအဖို့က ဘာပဲရရ မနစ်နာပါဘူး ကိုကြာဖြူ ရယ်...ရင်နာစရာကောင်းတာက ဖွန်မောင်မောင် ဆိုတဲ့လူဗျ.ဒီလူ အဲဒီတုန်းကသာ ဆုံးဖြတ်ချက် စောသွားခဲ့ရင် မိန်းမရော နှမပါ ဆုံးရှုံးရမှာဗျ"ဟု ပြောလိုက်လေရာ ကိုကြာဖြူသည် သဘောကျစွာ ရယ်မောလေတော့၏။

ထို့နောက်မှ ကျွန်ုပ်က...

"ဒါနဲ့...ခင်ဗျားက ဒီဆေးခန်း လုပ်ဖြစ်ခဲ့ပုံလေးလည်း ပြောပါဦး...လူမိုက်ကြီးက ချက်ချင်း ဆေးဆရာဖြစ်သွားတာလေး လိမ့်မတ်လည်သွားအောင်ပေါ့ဗျာ"ဟု မေးမြန်းလိုက်ပြန်လေလျှင်

"ဒီကိစ္စကတော့ အမိက ဒါရိုက်တာကြီးဟာ ကျွန်တော့်ရဲ့ဆရာ ကဗ္ဗိယကြီး ဦးဖြူသီးပဲပေါ့ ဆရာရယ်...သူ အသိလမ်းလေးတစ်ခု ကျွန်တော့်ကို ညွှန်ပြပေးလိုက်တာပေါ့...တကယ်တော့လည်း ဟုတ်တာပဲ ဆရာ...ကျွန်တော်နဲ့ ပါကြီးတို့ဟာ သူတစ်ပါး အကျိုးအတွက် လူမိုက်ကြီးတွေ လုပ်ခဲ့ကြပြီး ဗာလော ပရဟိတလုပ်ငန်းကြီးကို ထူထောင်ခဲ့ကြတယ်။ ဒါပေမယ့် တကယ် ပရဟိတ မဖြစ်ခဲ့ကြဘူး။ ကောင်းတာလုပ်ခဲ့ကြတာ မှန်ပေမယ့် ဆိုးခဲ့ကြရတယ်။ အတ္တ ဒေါသ အာဃာတတွေမှ မစင်ခဲ့ကြတာ



ကိုး ဆရာရဲ့။ တကယ်က အများကောင်းကျိုးအတွက်ဆိုရင် မေတ္တာ၊ ဂရုဏာ၊ စေတနာတွေနဲ့ အခြေခံမှသာလျှင် ပရဟိတ ဖြစ်မယ် မဟုတ်လား ဆရာရယ်။ ဒါကြောင့် ကျွန်တော် ဒီအလုပ်ကို ရွေးချယ်လိုက်တာ။ ပါကြီးဆီက ဆေးပညာတွေ အများကြီး ကျွန်တော် ရခဲ့တာပဲ ဆရာရယ်။ ဒီအတွက် ကျွန်တော် ပါကြီးဆီက အမွေရခဲ့တဲ့အိမ်ကိုရောင်း ကိုစောဖေတို့ မိသားစုကိုလည်း ပေးသင့်သလောက်ပေးခဲ့ပြီး ဒီမှာ ပေရယ်နဲ့အတူ ကျွန်တော့်ရဲ့ ဗာလောကြာဖြူ ပရဟိတလုပ်ငန်းကြီးကို လာလုပ်နေတာပဲ။ အခု ကျွန်တော့်ဆေးခန်းကို လာကုတဲ့ လူနာတွေဆီက ငွေကို လက်မခံဘူး ဆရာ။ 'အခမဲ့'ဆိုမှ တကယ့်'အခမဲ့'ဖွင့်ထားတာ" ဟု ကိုကြာဖြူက ပြောလိုက်လေလျှင် ကျွန်ုပ်သည် မိတ်ဆွေကြီး ဗာလောကြာဖြူခေါ် ကိုကြာဖြူအတွက် သာဓုသုံးကြိမ်ကို ရင်ထဲမှ လှိုက်လှိုက်လှဲလှဲကြီး ခေါ်လိုက်မိလေတော့သတည်း။

သာဓု...သာဓု...သာဓု

ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ...

သုတဉာဏ်